ကျွန်မ စာဖတ်ပရိသတ်များ၏ မေတ္တာနှင့် ချစ်ခင်မှု၊ အားပေးမှုကို လေးစားတန်ဖိုးထားလျက် ကျေးဇူးများစွာ တင်ရပါသည်။

ပန်းတွေလည်းမွှေး ဖက်လည်းမွှေး အေးချမ်းကြပါစေ။

ခင်ခင်ထူး

၂၀၁၁ ခုနှစ်၊ မတ်လ

မန္တလေးမြို့။

(၁)

'ညချမ်းရယ် နေရီ၊ ခါတော်မီ ကေသီပန်းနှင့်၊ ရေခပ်လမ်းမှာ စခန်းရယ်သင့်လို့၊ ထက်ဆင်ရယ်နီရောင်၊ ချည်စိမ်းပေါင်နှင့် ယဉ်အောင်တောသူ၊ သနပ်ခါးကွက်ပါးမှာ ကူလိုက်လို့၊ အပူကြီးခန်းစုံယ်၊ ဘယ်မြို့ပုံ သာချင်ဖောနှင့် ပြောကြတယ်လေး... '

ရွာနေဝင်ဆည်းဆာကို အိမ်ကြီးပေါ်ကနေ 'မပုန်းရည်' လှမ်းမျှော်ကြည့်နေမိပါသည်။ ရွာရိပ်တောတန်းဘက်မှာ နေဝင်တော့မည်ဆိုလျှင် ရွာကလေး တစ်ခါပြန်လှုပ်လာတတ်ပါ၏။ ကွင်းတစ်လျှောက် လွတ်ကျောင်းထားသည့် ဘဲတွေကို သိမ်းကြရပြီ။ ရွာပြင် ဘဲတဲတွေဆီက ဘဲဆူသံ ညံညံက ရွာ့အသံဖြစ်သည်။ မြေယာအလုပ်မှာ ခဏအနားရကြသော လယ်ယာကျွဲနွားတွေလည်း ရွာထဲဝင်ကြရပြီ။ နွားစားကျင်းတိုင်းလိုလိုက ဝေ့အူထွက် နေတတ်သော ဖြုတ်မောင်း၊ ခြင်မောင်း နွားမီးထည့်မီးဖိုတွေကလည်း ညနေခင်း မြူနှင့်အတူရောကာ ကွင်းလေနှင့်အတူ မျောနေတတ်ပါ၏။ ပုစဉ်းရင်ကွဲအော်သံ ကျည်ကျည်ကျာကျာကလည်း ညရောက်တော့မည့် အကြောင်း အသံပေးသကဲ့သို့ ရှိပါသည်။ သီးနှံလပ်သွားသော မြေကွက်တွေဘက်မှာ ပြာဓာတ်ရရန် ရှို့တတ်ကြသော ရိုးပြတ်မီးတိုက်နံ့တွေကလည်း တသင်းသင်း။ မပုန်းရည်ပင် သည်အရောင် သည်အနံ့တွေနှင့် ယဉ်နေခဲ့ရပြီ။

အိမ်ကြီးပေါ်က လှမ်းကြည့်လျှင် ဆည်တော်ချောင်းမှာ ရေလာခပ်ကြသော သနပ်ခါးမှုန်မှုန်၊ ပါးမှုန်မှုန် ရွာသူကလေးတွေကိုမြင်ရသည်။ ရွာဘုန်းကြီးကျောင်း ရေတွင်းကတော့ သောက်ရေတွင်းဖြစ်၍ ဆည်တော်ချောင်းရေကတော့ ဗာဟီရသုံးရန် ခပ်ကြမြဲဖြစ်၏။ ဆည်တော်ချောင်းတာပေါင်ကို လွန်လျှင် လယ်ကွင်းတွေ။ ဧက များစွာကျယ်သော လယ်တွေက စိုက်ရာသီအလိုက် အစွတ် အခြောက်ကွဲသော်လည်း စိမ်းတော့လည်း လှသည်။ ညိုတော့လည်း လှသည်။ ပြတင်းပေါက်တစ်ပေါက် ရွှေ့ကြည့်လေတိုင်း သဘာဝရှုခင်းပန်းချီတွေကလည်း ပြောင်းသွားသည်။ သည်ဘက်မှာတော့ ထုံးဖြူစေတီတော်ကလေးနှင့် ရေနံချေးရောင် အာရုံခံတန်ဆောင်းကလေး တစ်ဆောင်ရှိသည်။ သည်စေတီကလေးဆီကို ကျောင်းပိတ်ရက်တွေမှာ

"ဟာ... မဟုတ်တာ... အုန်းဖေ ဆရာမပိုက်ဆံ မယူစေနဲ့... ရွာက ပေးရမှာပေါ့"

ရွာလူကြီး ဦးပန်းဆီအိမ်က ကျယ်ဝန်းပါသည်။ မပုန်းရည်ကို အပေါ်ထပ် မိန်းကလေးများနှင့်အတူ နေရာချထားပေးသဖြင့် လွတ်လပ်ပါ၏။ ရေမိုးချိုး ထမင်းစားပြီးတော့ မပုန်းရည် အိမ်ရှင်တွေကို နှုတ်ဆက်ပြီး စောစောအိပ်ရာဝင်ခဲ့သည်။ အညာဆောင်းက အအေးသား။

နတ်ရေကန်ည...။ နတ်ရေကန်၏ ပထမဆုံးည...။

□

မနက်စောစောကြီးကတည်းက မပုန်းရည် အိပ်ရာက နိုးနေခဲ့သည်။ အိမ်ရှင်တွေ မနိုးကြသေးသေးသော့ အသာမှေးနေခဲ့ရ၏။ မနက်ခင်း လေးနာရီလောက် အုန်းမောင်းခေါက်သံ ကြားလိုက်ရကတည်းက နိုးနေခဲ့ခြင်းဖြစ်သည်။ ရွာကလေးတစ်ရွာ၏ မနက်အရုဏ်တက် အုန်းမောင်းခေါက်သံကလေးက စိတ်နှလုံးကို သာယာချမ်းမြေ့စေပါ၏။ သည်အချိန်အထိတော့ မပုန်းရည် အဆင်ပြေနေခဲ့သည်။ သည်လောက်ခရီးဝေးဝေး မရောက်ဖူးခဲ့သည့်အတွက် တစ်ကိုယ်လုံး ရိုက်ထားသလို နာကျင်နေသည်။ မိအို ဖအိုတို့ဆီလည်း စိတ်ရောက်ရပါသည်။ အသက်မွေးဝမ်းကျောင်းအတွက်သာ ထွက်လာခဲ့ရသော်လည်း မပုန်းရည်တို့ဘဝကလည်း ပြည့်စုံကြသူတွေမဟုတ်။ အနေအထိုင် အသားကလေးကျတော့မှ စာတစ်စောင် ပြည့်ပြည့်စုံစုံ ရေးပို့ရဦးမည်။ ရန်ကုန်က အတူထွက်လာခဲ့ကြသော မဝိုင်းချစ်တို့ကော အဆင်ပြေကြရဲ့လားမသိ။ မနက်မိုးလင်းလျှင်တော့ ရွာခံဆရာမ ဒေါ်မြင့်မြင့်စိန်နှင့် တွေ့ရမည်။ ရွာလူကြီး ဦးပန်းဆီ၏ သမီးတွေ တံခါးလိုက်ဖွင့်ကြတော့မှ မပုန်းရည် အိပ်ရာက လူးလဲထသည်။

"ဆရာမ အိပ်ပါ... ကျွန်မတို့က နိုးနေတာရယ်... ဆရာမကို အားနာလို့ မထကြတာ..."

"ဩော်ရှင်.. အားနာစရာ... ကျွန်မလည်း နိုးနေတာပါ... အလုပ်တွေ ဖင့်ကြရော့မယ်..."

"သည်အချိန်ကတော့ လယ်အလုပ်တွေ ပါးပါသေးတယ်... နောက်လလောက်ဆိုရင်တော့ လယ်တွေ ရိတ်ရတော့မှာလေ... လယ်ထဲ အစောကြီး ဆင်းရတာ"

မပုန်းရည် မျက်နှာသစ်ပြီးသည်နှင့် အောက်ထပ်က စားပွဲခုံကြီးမှာ မတ်ပဲကွင်းကြော် ပူပူရွရွကြီးတွေ လာချကြတော့သည်။ ကောက်ညှင်းပေါင်းက ပဲလွန်းစေ့နိုင်လှသည်။ အနားက ပန်းကန်ထဲမှာ ဆားတွေ ဖင်ထိုင်နေသည့် ဆီပန်းကန်ရှိသည်။ ဦးပန်းဆီသမီးတစ်ယောက်က ထမင်းဆီဆမ်း ပူပူနွေးနွေး လာချပြန်၏။ မြေပဲဆံကြော်ကလေး ဖြူးထားတာကပင် စားချင်စဖွယ်။ ခရီးတစ်လျှောက်လုံး ဘာမှ ကောင်းကောင်းကန်းကန်း မစားခဲ့ရတော့ အားမနာနိုင်တော့ပြီ။ ရွာလူကြီး ဦးပန်းဆီက အနားကို ယောင်လို့သော်မှ မသီ။ မပုန်းရည် ရှက်မှာစိုး၍ ဖြစ်၏။ မပုန်းရည် စားလို့ဝတော့မှ တစ်ဖက်ခုံတန်းပေါ်မှာ ဒူးတစ်ဖက်ထောင်ရင်း လာထိုင်သည်။

"ဆရာမ နေဖို့ ထိုင်ဖို့တော့ ရွာလယ်မှာ အိမ်လွတ်တစ်လုံးရှိတာကို ကာယကံရှင်တွေနဲ့ ပြောကြည့်တော့ ခွင့်ပြုပါတယ်... ပိုင်ရှင်က လယ်တောထဲနေတာဆိုတော့ ဘယ်သူမှ မရှိကြဘူး... ဆရာမ အဲသည်အိမ်ကြီးမှာ နေပေါ့... ဆရာမ လွတ်လွတ်လပ်လပ်နေရအောင် ပြောတာပါ... သည်မှာ နေချင်တယ်ဆိုရင်လည်း..."

"ဆရာမနာမည် ဘယ်သူသိသလဲကွ… ကဲ… ဆရာမ တစ်နေ့က ရောက်တာဆိုတော့ ရွာထဲမှာ ကြားတော့ ကြားကြမှာပေါ့"

ကလေးတွေ တစ်ယောက်ကိုတစ်ယောက် ကြည့်ကြရင်း ပြုံးနေကြသည်။ ပါးစပ်ဖျားတင်ပါ ဆိုသည့်မျက်နှာတွေ။ အထူးသဖြင့် ကြာမိသားစုထဲက တစ်ယောက်ယောက်ကတော့ သိရမှာပေါ့။ တစ်ယောက်ဆီကမှတော့ အဖြေမရ။ မပုန်းရည်က စဉ်းစားကြဦး ဆိုသည့်သဘောဖြင့် ကလေးတွေရှေ့မှာ လမ်းလျှောက်နေလိုက်သည်။ ကလေးတွေက ဉာဏ်စမ်းပဟေဠိ ကစားနေကြရသလို ပျော်နေကြသည်။ တစ်ယောက်ဆီက အသံထွက်လာ၏။

"ဒေါ်ပုန်းမကြည်…"

"ဝါး…"

ပုန်းမကြည်နတ် လယ်တင်ကြသည့် ရွာတွေဆိုတော့ ကလေးတွေက ပုန်းမကြည် ဆိုတာကို ရယ်ကြခြင်းဖြစ်သည်။ မပုန်းရည်က မျက်လုံးပြူးပြပြန်တော့ ရယ်ကြပြန်၏။ မပုန်းရည်က ခေါင်းခါတော့ စဉ်းစားကြပြန်သည်။ သဲလွန်စကလေး တစ်လုံးတော့ မပုန်းရည် ပေးလိုက်သည်။

"ပုန်းမကြည်ထဲက ပုန်းတစ်လုံးတော့ မှန်တယ်… ပုန်းမကြည်တော့ မဟုတ်ဘူး…"

"ဒေါ်ပုန်းညက်…"

သည်တစ်ခါတော့ မရယ်ကြ။ ဟုတ်များနေမလားဆိုသည့် မျက်နှာကလေးတွေ မပုန်းရည်ကို ငေးနေကြသည်။ မှားလေသလား၊ မှန်လေသလား။ မပုန်းရည်က ခေါင်းခါပြန်တော့မှ တစ်ယောက်တစ်ပေါက် တဖျောက်ဖျောက် ရယ်ကြလေသည်။ ကလေးတွေက စာသင်ရတာမျိုးမဟုတ်ဘဲ အတန်းထဲမှာ ပေါ့ပေါ့ပါးပါးနေရတာကို သဘောတွေနေကြပုံ ပေါ်ပါ၏။ သည့်နောက်မှာတော့ အတန်းက ကြွက်စီကြွက်စီ ဖြစ်လာတော့သည်။ မပုန်းရည်က ပန်းပေးပြီလားဆိုတော့လည်း "မပေးပါဘူး" လို့ သံပြိုင်အော်ကြသည်။ အတန်းရှေ့တည့်တည့်မှာ မပုန်းရည် ရပ်လိုက်သည်။

"ကိုင်းပါကွယ်… သားတို့ သမီးတို့ ဘယ်သိကြဦးမှာလဲ… ဆရာမ ရောက်တာမှ မကြာသေးတာ… မှတ်ထားကြနော် ဆရာမနာမည်က 'ဒေါ်ပုန်းရည်'တဲ့… ဘယ်သူတဲ့လဲ…"

"ဒေါ်ပုန်းရည်"

ကလေးတွေက တဝါးဝါး။ ဒေါ်ပုန်းမကြည်တဲ့၊ ဒေါ်ပုန်းညက်တဲ့ ဆိုကာ အမှားပြောခဲ့ကြတာကို သဘောတွေနေကြသည်။ မပုန်းရည်က ကျောင်းခေါ်ကြိမ်စာအုပ်ကို လှန်သည်။ သည်တစ်ခါတော့ ကလေးတွေကို မပုန်းရည် ကြည့်ရတော့မည်။ သူတို့လွယ်အိတ်ထဲမှာ စာအုပ်တွေရော ပါကြရဲ့လား။ ကျောင်းစာအုပ်တွေက တစ်နှစ်ပတ်လုံး ကျောင်းလွယ်အိတ်ထဲမှာပဲ အောင်းနေကြရော့လား။ အိမ်ရောက်တာနှင့် တိုင်က သံငုတ်ကို ချိတ်လိုက်ကြ၊ မနက် ကျောင်းတက်တော့ ဖြုတ်လာလိုက်ကြများလား။

"မတ္တရာ... သူ့အမေက ဈေးသည်လား..."

"ဟုတ်တယ်ဆရာမ... ပေါက်ကုန်ရောင်းတာ..."

ပေါက်ကုန်...။ မပုန်းရည် မသိသေးသည့် ကုန်တစ်မျိုးလား။ သေချာအောင် မေးတော့မှ ရာသီအလိုက်ပေါ်သည့် သစ်သီးသစ်နှံကို ရောင်းတာကို ပြောကြောင်းရှင်းတော့သည်။ မိခင်တစ်ယောက်တည်း မနိုင်တော့ သားမောင်ကျောင်းသားကို ခေါ်သွားထင်ပါ့။ ဒါဆိုရင်လည်း ပေါက်ကုန်သားအမိနှင့်တွေ့ကာ အကျိုးအကြောင်း မေးရပါဦးမည်။ သည်ကြားထဲမှာ ဆရာမကို ပြန်ထူးပုံ ပြန်ဖြေပုံတွေကိုလည်း သင်ပြရသည်။

"ဆရာမက နာမည်ခေါ်ရင် ဟုတ်ကဲ့ပါရှင့်... ဟုတ်ကဲ့ပါခင်ဗျာလို့ ထူးရမယ်နော်... ကျုပ်ရယ်လို့လည်း မပြောရဘူး... ကျွန်တော်ပါ ကျွန်မပါလို့ ပြန်ဖြေရတယ်... ကျောင်းခေါ်တဲ့အခါ 'ရှိပါတယ်ခင်ဗျ' 'လာပါတယ်ခင်ဗျ' လို့ ဖြေရမယ်... မိန်းကလေးတွေကျတော့ 'ရှိပါတယ်ရှင့်' 'လာပါတယ်ရှင့်ပေါ့' ဟုတ်ပြီနော်..."

ထားပါတော့လေ။ သည်လိုနှင့် ထမင်းစားချိန်ရောက်သည်အထိ ကလေးနာမည်တွေ တစ်ယောက်ချင်း မေးဖြစ်ခဲ့ပါ၏။ တတိယတန်းပြီးတော့ ပထမတန်း ဆက်ရသည်။ သည်ကနေ့တော့ စာမသင်ရသော်မှ သူကလေးတို့အကြောင်း သိခွင့်ရလျှင်ပင် နည်းရော့သလား။ သည်လိုနှင့် တစ်ယောက်ချင်းမေးနေတာကို သူကလေးတို့ကလည်း ပျော်ပုံရသည်။ မိန်းကလေးတွေကိုလည်း မေးဖြစ်ခဲ့ပါသည်။ တတိယတန်းထဲမှာ 'ကြာဖြူ' ဆိုသူကလေး ပါလာသည်။ ဆံရစ်ဝိုင်းကလေး မဖြူတ်ရသေးသော ကြာဖြူ။ နားသံသီးကလေး တန်းလန်းက တလှုပ်လှုပ်။ မျက်ခုံးကလေးက မကုပ်တကုပ်။ ပထမတန်းမှာတော့ ကြာနီနှင့် ကြာငုံတို့ကို တွေ့ရသည်။ ကြာနီက ကြက်တောင်စည်းကလေး ထောင်နေအောင်စည်းကာ သနပ်ခါးပိန်းကြမ်းရိုက်လို့။ ကြာငုံကတော့ ရုပ်ဆိုးဆိုးကလေးနှင့် ချစ်စရာကောင်းလှသော ကလေးမလေး။ ဘုန်းကြီးကျောင်းမှာ ကိုရင်ဝတ်နေသော နှစ်ပါးနှင့် ဘုန်းကြီးကျောင်းသား လေးငါးယောက်လည်း ပါပါ၏။

ထိုနေ့က ကလေးတွေကို ထိတွေ့ခွင့်ရခဲ့သည်။ ဆည်တော်ချောင်း အနောက်ဘက် ဘဲတဲရွာက ကလေးအုပ်စုလည်းပါသည်။ ကျောင်းကလေး ကုပ်ကုပ်ထဲမှာ အတန်းချက်ဆက်နေတော့ မပုန်းရည် ပြောသမျှ ဆိုသမျှ အားလုံးကြားနေရပါ၏။ ဆရာမ ဒေါ်မြင့်မြင့်စိန်ကတော့ ဘာမှမပြောရှာပါ။ မပုန်းရည် ဘာကိုရည်ရွယ်ပြီး သင်ကြားနေသည်ဆိုတာကိုတော့ ဆရာမချင်းမို့ သိပုံရပါ၏။ နေ့လယ် ထမင်းစားကျောင်းက ဆယ့်တစ်နာရီမှာ ဆင်းတော့ ဆရာမ ဒေါ်မြင့်မြင့်စိန်ပါ ဘုန်းကြီးကျောင်းကို အဖော်အဖက်ရအောင် ထမင်းလိုက်စားပေးပါသည်။ ပထမရက်ဆိုတော့ စားရသောက်ရတာ မဝံ့မရဲရှိမှာ စိုးရှာ၍ဖြစ်သည်။

ဆရာတော်က ဆယ်နာရီခွဲမှာ ဆွမ်းစားသည်။ ပြီးလျှင် ကိုရင်ကလေးတွေ ဆွမ်းစားသည်။ ကျောင်းသားတွေက မပုန်းရည်အတွက်လည်း ထမင်းတစ်ဝိုင်း သီးသန့် ပြင်ပေးထားပါ၏။ မပုန်းရည်တို့ ထမင်းစားနေကြစဉ်မှာ ဆရာတော်က အချိုပွဲတည်းရင်း စာဖတ်နေတော်မူလေသည်။ မပုန်းရည်တို့ စားသောက်ပြီးတော့ ဆရာတော်ကို ဝတ်ဖြည့်ကြသည်။ ဆရာတော်က ရေနွေးပွဲ စွန့်တော်မူလေ၏။

"ကျောင်းဆရာမ... ညနေ ဘယ်သူ ထမင်းကျွေးမှာတဲ့တုံး..."

မမလေးက လယ်ရိတ်နိုင်လို့လား။ ခြေကလေးတစ်ဖက် မသန်ရှာတော့ အလုပ်ကို ဗျန်းဗျန်းကွဲ လုပ်နိုင်လိမ့်မည် မထင်ခဲ့။ သို့သော် သေသေချာချာ မေးကြည့်တော့လည်း ကြာဖြူတို့ အရွယ်ကတည်းက လယ်ရိတ်ခဲ့သူဟု ဆိုသည်။ ကိုယ့်အခင်းကိုယ်ရိတ်ကြတာလည်း ရှိသည်။ လယ်စားလိုက်ကြရတာလည်း ရှိသည်။ ကိုယ့်စပါးခင်းက မမှည့်တမှည့်ဆိုလျှင်လည်း ရိတ်ရမည့်အခင်းတွေကို လိုက်နှင့်ရသည်။ ရိတ်ခနှင့် လိုက်တာမျိုး ရှိသလို လက်စားပြန်တာမျိုးလည်း ရှိသည်။ ရိတ်ခက ငွေလည်းယူနိုင်သည်။ စပါးလည်း ယူနိုင်သည်။ မိမိသဘောပင်။ မကြာဉတို့မှာက လယ်တွေများသည်ဆို၏။ ဘိုးကြီးဘွားကြီးတို့ ပိုင်သည့်လယ်တွေအပြင် အိမ်ထောင်ခွဲသားနှစ်ယောက်ဖြစ်သော ကိုကြာခွက်နှင့် ကိုကြာရိုးတို့ကလည်း လယ်အတော်များများ ပိုင်ကြသည်ဆိုပါ၏။

"သည်ဘက်လယ်တွေမှာ မျှော့တွေရှိသလား မမလေး..."

"အောက်တောလယ်တွေမှာ ရေထဲရွှံ့ထဲ ရိတ်ရရင် ကျွဲမျှော့ကြီးတွေ ရှိတတ်တယ်... ကျွန်မတို့က ဆေးရွက်ကြီး ရေဖျော်ပြီး ပုလင်းနဲ့ ထည့်သွားလိုက်တာပဲ... မျှော့တွယ်တာနဲ့ တုတ်တံမှာ ဆေးရွက်ကြီးရေဆွတ်ပြီး သပ်ချလိုက်ရင် ကွာကျကုန်ရော..."

မကြာဉပြောတာကိုပင် မပုန်းရည် အူတွေယားလှသည်။ ကျောင်းမှာ ကလေးတွေကို မျှော့နက်ဆိုတာ ချိုနဲ့လားကွယ့် မြွေနဂါးတောင် ကြောက်ဖူးကွယ်လို့ ရွတ်ပြရသည့်တိုင် မျှော့နက်မည်းကြီးတွေကို မပုန်းရည် ကြောက်ပါသည်။ မကြာဉ ပြောပြသလောက်ဆိုရင် တစ်ခါတစ်ရံ ခြေသလုံးတစ်ပတ်လည် ခွေပတ်နေတတ်ကြသည်ဟုဆိုသည်။ အရှေ့လယ်တွေကတော့ များသောအားဖြင့် အခြောက်လယ်တွေ များပါ၏။ အကြောက်ရဆုံးကတော့ ပိုးကောင် မွှားကောင် ခေါ်ကြသော မြွေဆိုးများ ရှိတတ်ခြင်းပင်။ ရထားသံလမ်းဘေးက လယ်တွေမှာတော့ မြွေ မနေလို့လည်း ဆိုပါသည်။ ရထားဖြတ်မောင်းသွားတိုင်း မြေတုန်ခါနေသောကြောင့် ဖြစ်၏။ သည်ဘက်နယ်တွေမှာ မင်းနှစ်ပါး စောင့်ရှောက်သဖြင့် မြွေ တွေ့ရခဲသည်လို့လည်း ဆိုသည်။ မကြာဉက သီချင်းပင် ဆိုပြခဲ့သည်။ သည်လိုဆိုတော့လည်း မပုန်းရည်ပင် အံ့ဩယူရပါ၏။

"ကျော်စင်တဲ့တစ်ခွင်၊ တောင်ပြုံးအာဏာရှင်လို့၊ နော်ရထာမင်းရယ်... လင်းမိန့် ထာဝစဉ်၊ ရွှေဖျင်းတွင်ညီလှတစ်ပါး၊ ဓားကျောက်စီတစ်ခါ ရမ်းမယ်၊ လင်းဖယ်လိုရှား... ဆိုတဲ့အတိုင်းပေါ့ ဆရာမရယ်... သည်နယ်မှာ မကောင်းသူ မကောင်းသား မရှိဘူးရယ်..."

တစ်ရက် တစ်ရက် အနေနီးလာတော့ မကြာဉက စကားတွေ အပြောရဲလာခဲ့ပါ၏။ မနက်စောစော ထမင်းပူ ဆီဆမ်းလို၊ ထမင်းကြော်လို၊ ကောက်ညှင်းပေါင်းလို၊ ငချိတ်ပေါင်းလိုကို ရေနွေးကြမ်းပွဲနှင့် အရောက်လာ ပို့တတ်သည်။ ညဘက်တွေမှာလည်း စားစရာ တစ်ခုမဟုတ်တစ်ခု ပါလာတတ်သည်။ တစ်ခါတလေ မြေပဲတောင့် ဖူးဖူးကြီးတွေ ပြုတ်လာတတ်သလို၊ တချို့ညတွေမှာတော့ အိမ်ကြော် မုန့်လက်ကောက်ကွင်းတွေကို ထန်းလျက်ရည် ကြည်ကြည်ကလေး ဆမ်းလာတာလည်း ရှိပါ၏။ တစ်ခါတလေ အဝေရာရွက်သုပ်လို၊ ပဲသီးသုပ်လို၊ အသီးအရွက်ကလေးတွေ ဖွယ်ဖွယ်ရာရာ သုပ်လာတတ်သေးသည်။

ကောက်ဦးပေါ်ချိန်ဆိုတော့ အိမ်တိုင်းက မုန့်တွေလုပ်ကာ ကောက်ရိတ်သမတွေကို ညှော့ခံလေ့ရှိကြပါသည်။ ဆရာတော့်ကျောင်းမှာရော မပုန်းရည်တို့ စာသင်ကျောင်းကလေးမှာပါ တောသရေစာမုန့်တွေ လာလှူ လာပို့ထားကြတာ စားပွဲကြီးနှင့်အပြည့်။ ဆီထမင်း၊ ရွှေချီမုန့်၊ မုန့်ကျွဲသည်း၊ မုန့်ချိုသွင်း၊ မုန့်ဆန်း၊ မုန့်ကြာစေ့စသဖြင့်

ကောက်ညှင်း၊ ထန်းလျက်မုန့်တွေက မြေပဲနိုင်းချင်း၊ အုန်းနိုင်းချင်း၊ ဆီတွေကတော့ ဖွဲလိုက်ရုံနှင့် လက်ကြားယိုပြီ။ မပုန်းရည်နှင့် မကြာဥက ညဘက် မအိပ်ခင်စကားတွေ ပြောဖြစ်ကြတာ များသည်။ ကြာဖြူတို့ ညီအစ်မသုံးယောက်က ကလေးတွေဆိုတော့ ခဏတစ်ဖြုတ် ငေးငေးမောမောနေကြပြီးသည်နှင့် သစ်တုံးကလေးတွေလို တုံးခနဲ ငြိမ်ကျသွားကြတော့သည်။

တချို့ညတွေမှာ မကြာဥ ပြောပြသည့် ဇာတ်လမ်းတွေက ရွာ့သဘာဝတွေကို သိခွင့်ရသည်။ မကြာဥက အရိုးခံဆိုတော့ သူ့ရင်ထဲရှိတာ ပြောတာဖြစ်ပေသိ မပုန်းရည်အဖို့တော့ စဉ်းစားစရာ၊ ဝေခွဲစရာတွေဖြစ်ရပါ၏။ ရွာ့အယူအဆတွေ မဟုတ်လား။

"ရွာမှာက စုန်းအိမ်တွေရှိတယ် ဆရာမရဲ့... အောက်လမ်းဆရာလည်း ရှိတယ်.. ကျွန်မတောင် တမြန်နှစ်ဆီက မကြေးမှုံ ပြုစားတာ လူပါပါရော အောက်မေ့တာ... တောင်ရွာက ဆေးဆရာနဲ့ကုမှ ပျောက်တာ..."

မကြာဥက ပြောရင်းဖြင့် သူ့ပေါင်နှင့်ဒူးကို တစ်လှည့်စီ ပုတ်ရင်းက "ဒူးမပြောနဲ့... ပေါင်မပြောနဲ့" ဟု ရေရွတ်နေသည်။ "စုန်းမက သူ့အကြောင်းပြောတာ သိတယ် ဆရာမရဲ့"ဟုပင် ဆိုလိုက်သေး၏။ မပုန်းရည်က မကြာဥပြောနေတာကို စိတ်ဝင်စားဟန် ပြနေရသည်။ ဘာပဲဖြစ်ဖြစ် သည်စကားတွေက စွဲလမ်းမှုတွေက လာတာဆိုတော့ ချက်ချင်း ချေဖျက်ဖို့ ခက်သည်။ ဒါဆိုရင် နတ်ရေကန်မှာ မကြေးမှုံဆိုသော မိန်းကလေးတစ်ယောက် ရှိရမည်။ စုန်းအိမ်တွေ ရှိတယ်ဆိုတော့ နောက်ထပ်လည်း ရှိနိုင်သည်။ မပုန်းရည် တဖြည်းဖြည်းလေး မေးယူ၏။

"မရှိဘူးလို့ ဘယ်ပြောနိုင်မှာလဲ မကြာဥရယ်... ရှိချင်လည်း ရှိနေမှာပေ့ါ... ဘယ်နအိမ်တောင် ရှိလို့တုံး... သေရော သေချာရဲ့လား မမလေးရယ်..."

မပုန်းရည်က မမလေးခေါ်လိုက် မကြာဥခေါ်လိုက်ဆိုတော့လည်း မမလေး ခေါ် မကြာဥကလည်း ဘယ်ဟာမှ မများတော့ ထူးလိုက်သည်ချည်း။ သေရောသေချာရဲ့လား ဆိုတာတော့ မကြာဥ ခံချင်ပုံမရ။ စုန်းရှိလို့ ပြုစားတာ ခံရပါတယ်ပြောနေကာမှ သေချာရဲ့လား မေးနေရသေးသလားဆိုသည့် မျက်နှာ။ မကြာဥ တစ်ရက်မှာ သူ တောပြန် မိုးချုပ်သဖြင့် ရေချိုး ခေါင်းလျှော် နောက်ကျခဲ့သည်။ အိမ်ရောက်လို့ အဝတ်အစားလဲပြီးကာမှ ချောင်းစပ်မှာ ဆံပြာခွက်မေ့လို့ ပြန်အယူ။ နေဝင်ရီတရော ဆံပင်ဖားလျားချနှင့် ရွာ့အနောက်ချောင်းအသွား မကြေးမှုံနှင့် လမ်းမှာ ဆုံကြတာကစ၍ ဇာတ်စုံခင်းလေတော့သည်။ သည့်အရင်ရက်တွေက မကြာဥတို့ အိမ်ကို မကြေးမှုံ ရောက်လာခဲ့သည်ဆို၏။ မကြာဥတို့အိမ် ငွေလာချေးတာကို မကြာဥက မချေးခဲ့။ မကြေးမှုံက သမီးဖြစ်သူ နေမကောင်းသဖြင့် မတ္တရာကို ဆရာဝန်သွားပြချင်၍ ချေးခြင်းဖြစ်ကြောင်း တောင်းပန်သည်။ မကြာဥတို့ မချေးတာကလည်း အကြောင်းရှိသည်။ မကြေးမှုံက ဘယ်သူ့အကြွေးမှ ဖွဲဆပ်တာမျိုးမရှိ။ တချို့က ပိုက်ဆံပြန်မတောင်းရဲကြတာနှင့်ပင် လျှော်လိုက်ရတာ များလှပြီ။

"အဲသည်နေ့ကတော့ ချောင်းအသွား လမ်းတွေတော့ ကျွန်မ ဖားလျားချထားတဲ့ ဆံပင်ကို နောက်က ဆွဲတဲ့ပြီး... ဟဲ့ကြာဥ... ညည်းက ဘယ်တုံးတဲ့... ကျွန်မဖြင့် ကြက်သီးတွေ ထသွားလိုက်တာဆရာမရယ်... ကျွန်မ စကားပြန်မပြောခဲ့ဘူး... အိမ်ပြန်ရောက်တော့..."

"နေပါဦး... မကြာဥက ဘာဖြစ်လို့ ဆံပင်စည်းမသွားရတာလဲ..."

စပါးရိတ်နေကြသူတွေက မြို့သူ ကျောင်းဆရာမ ဘာလာလုပ်တာပါလိမ့်ဆိုသလို ခါးဆန့်ရင်း လှမ်းမျှော်ကြတာလည်း ရှိသည်။ လယ်ကန်သင်းဆုံမှာ စားလက်စ ကောက်ညှင်းပေါင်းပန်းကန်တွေ၊ ရေနွေးအိုးကြီးတွေ၊ ပိုးလိုးပက်လက် လန်နေကြသည့် အကြမ်းပန်းကန်တွေကို တွေ့ရသည်။ တချို့နေရာတွေမှာတော့ ထမင်းတောင်းကြီး၊ ဟင်းအိုးကြီးတွေ ချထားတာများပင် ရှိသည်။

"ဆရာမလေး ဒေါ်ပုန်းရည်… စပါး လာရိတ်တာလား"

"ဆရာမလေးရေ… ရေစပ်က မျှော့တွယ်မယ်နော်… ကန်သင်းပေါ်က လျှောက်… လယ်ထဲများ ယောင်လို့ မဆင်းလိုက်နဲ့တော်ရေ့…"

ဘယ်သူဘယ်ဝါမှန်းတော့ မပုန်းရည် မသိပါ။ 'ဆရာမလေး' လို့ နှုတ်ဆက်ကြမှတော့ နတ်ရေကန်ကပဲ ဖြစ်ပေမပေါ့။ ခေါင်းမှာ တဘက်ပေါင်းထားကြကာ ခမောက်ကို မေးသိုင်းကြိုးနှင့် ဆောင်းထားကြသည့်အပြင် သနပ်ခါးတွေက ပိန်းနေကြလေတော့ ဘယ်သူရယ်လို့ အတတ်မပြောနိုင်။ မပုန်းရည်မှာ ရွာနှင့် မရင်းနှီးလှသေးတော့ မဖြူရယ်၊ မနီရယ်လို့ နှုတ်မဆက်သာ။ ယောက်ျားသားကြီးတွေကလည်း တပြုံးပြုံးပင်။ အင်္ကျီလက်ရှည်ထူထူကြီးတွေ ဝတ်ထားကြပြီး လက်ကောက်ဝတ်မှာ ကြိုးစည်းထားကြသည်။ တံစဉ်ကြီးတွေက ကျွဲချိုတံစဉ်ကြီးတွေများလား။ ကော့ကော့လန်လန်ကြီးတွေ။ စပါးပင်တွေကို တံစဉ်သွားဖြတ်သံ တရှိန်းရှိန်းက တစ်ကွင်းလုံးမှာ ကြားနေရသည်။ တစ်နေရာရောက်တော့ ကြာဖြူက ခါးကလေးထောက်ကာ လယ်ကန်သင်းပေါ်မှာရပ်ရင်း မိသားစုတစ်စုနှင့် စကားတွေပြောနေသည်။ မပုန်းရည် အနားကို ရောက်တော့ ကြာဖြူက လက်ညှိုးထိုးပြပါ၏။

"ဆရာမ… အဖေရယ်"

မပုန်းရည်က ကြာဖြူ့အဖေကို ဘယ်သူဘယ်ဝါဆိုတာထက် ပထမဆုံး မှတ်မိလိုက်သည်မှာ ရှက်အမ်းအမ်းကြီး မော့ကြည့်နေသည့် မျက်နှာကို ဖြစ်သည်။ သည်လို လယ်ကွင်းထဲမှာ သည်လိုဆရာမ သည်လိုရောက်လာမယ်ဆိုတာ လုံးလုံးကြီး တွက်ထားပုံမရ။ အနားမှာ စပါးရိတ်နေကြသူတွေက ရိတ်လက်စ ခဏရပ်ကြပြီး မပုန်းရည်ကို ကြည့်နေကြပါ၏။

"ဩော်… ဦးကြာခွက်လား… ကျွန်မလည်း ဘိုးကြီး ဘွားကြီးတို့ဆီကို သွားနှုတ်မဆက်ရသေးဘူး… အလုပ်များနေကြတယ်ဆိုလို့ပါရှင်"

"အလုပ်ကတော့ မများပဲလားဗျာ"

"ဒါ ဦးကြာခွက်ဇနီးလား…"

"ကြာဖြူ့အမေရယ်…"

မပုန်းရည် ရယ်ချင်သွားသည်။ ဦးကြာခွက်ဇနီးက ကြာဖြူ့အမေပဲ မဟုတ်လား။ ကြာဖြူ့အမေက အသားညိုညို ပိန်ပိန်ပါးပါးဖြစ်သည်။ မပုန်းရည်ကို မော့ကြည့်နေရာက ပြုံးပြသည်။ စကားတော့ ဝင်မပြော။ ဦးကြာခွက်ကတော့ မတ်တတ်ကြီးရပ်မြဲရပ်လျက် မပုန်းရည်ကို ကြည့်နေဆဲ။ မေးတာကို ဖြေဖို့ စောင့်နေပုံမျိုး။

ပုကျစ်ကို မပုန်းရည် မှတ်မိလိုက်သည်။ မျက်လုံးပြူးပြူး၊ ဆံပင်ကောက်ကောက်နှင့် မည်းမည်းပုပုကလေး။ ပုကျစ်က လက်ကလေးပင် ပိုက်ထားပါ၏။ မပုန်းရည်က ပုကျစ်ခေါင်းကို ပွတ်လိုက်သည်။ ပုကျစ်အမေ လှမ်းပေးသော ဘဲဥပြုတ်ကို မပုန်းရည် ယူလိုက်တော့ ကြာဖြူ့မျက်နှာ တစ်ချက်ပျက်သွားပြီး နောက်ကို ယို့သွားတာ သတိထားမိလိုက်ပါ၏။

"ကျေးဇူးတင်ပါတယ်... ဒေါ်... ."

"ကျွန်မနာမည် မကြေးမှုံရယ်..."

မပုန်းရည်တစ်ကိုယ်လုံး တောင့်တင်းသွားခဲ့လေသည်။

□

(၄)

မကြေးမှုံ ထည့်ပေးလိုက်သော ဘဲဥထုပ်ကို ကိုင်ချင်ပုံမရသော်လည်း မပုန်းရည် တစ်လမ်းလုံး ကိုင်လာရမှာစိုးလို့လားမသိ။ ကြာဖြူကပဲ ကိုင်လာခဲ့သည်။ ပါးစပ်က တတွတ်တွတ် ရွတ်ပြီးရင်းရွတ်နေလို့ ဘာတွေရွတ်နေတာလဲ မေးကြည့်ရပါ၏။ ကြာဖြူက ရက်ပြုံးကလေးပြုံးရင်းက မဝံ့မရဲဖြေသည်။

"ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ ကိုးခေါက်ရွတ်နေတာ ဆရာမ... အဲသလိုရွတ်ရင် စုန်း မကိုက်နိုင်ဘူးတဲ့"

"ကြာဖြူ့ကို ဘယ်သူပြောတာလဲ"

"မမလေးတို့... အမေတို့ ပြောတာ..."

မပုန်းရည် စိတ်မကောင်းဖြစ်ရပါသည်။ မကြေးမှုံကို တကယ့်ကို စုန်းမ ထင်နေကြပြီ။ မကြေးမှုံ ပြုစားလို့ ပါးစပ်ခံတွင်းက ဆံခြည်ထွေးတစ်ထွေးကြီး အန်ချခဲ့သည်ဆိုတာကလည်း ဆေးဆရာက လုပ်ကြံတာလည်း ဖြစ်နိုင်သည်။ တကယ့်ကို ပညာစွမ်းဖြင့် ကုသပေးခဲ့တာဖြစ်ဦးတော့ သည်ကိစ္စက လိုတာထက် ပိုပြီး ကြီးကျယ်သွားတာပဲ အဖတ်တင်ခဲ့တာမဟုတ်လား။ မကြေးမှုံကိုယ်တိုင်ကလည်း သူ့ကို ရွာက စုန်းမ ထင်နေကြတာကို သိနေပုံရပါ၏။ မျက်နှာကလေးပင် မမော့ဝံ့ရှာ။ ဆင်းဆင်းရဲရဲ လုပ်ကိုင်စားသောက်ရင်း တစ်ဝမ်းတစ်ခါးဖြည့်နေရတာ မပုန်းရည် ကိုယ်တိုင်မြင်ခဲ့ရသည်။ စုန်းမသာမှန်လျှင် သည်လောက်ပေပေစုတ်စုတ် နိမ့်နိမ့်ချချ နေစရာအကြောင်းမရှိ။ မည်သို့ပင်ဖြစ်စေ ရွာကတော့ သတင်းကြားနှင့် ကြောက်လန့်တကြား ရှိနေကြသည်။ မကြေးမှုံ ဘဲဥပြုတ်တွေ ပေးစဉ်က မပုန်းရည်ပင် တင်းတောင့်သွားမိရတာလည်း အမှန်ပင်။

မပုန်းရည်လက်ထဲက ကျောင်းခြင်းကို ဖိုးလမင်းက လှမ်းယူသည်။ မပုန်းရည်က နီးရာကလေးနှစ်ယောက်ကို အလိုက်သင့်ဖက်ရင်း ကျောင်းဘက် လျှောက်လာခဲ့၏။ ကလေးနှစ်ယောက်အနက် တစ်ယောက်က ပုကျစ်ဖြစ်နေတာ မပုန်းရည်ပင် ရုတ်တရက် သတိမထားမိလိုက်။ ကျောင်းသူကလေးတစ်ယောက်က ပုကျစ်ကို အမှတ်တမဲ့ ဘေးဘက်ရောက်အောင် ဆွဲလိုက်ပြီး ပုကျစ်နေရာကို အစားဝင်လိုက်တာ မပုန်းရည် သတိထားမိလိုက်သည်။ ပုကျစ်က ဘေးကို ရောက်သွားသော်လည်း ဘာမှမပြောရှာ။ မပုန်းရည် ချက်ချင်း တုံ့ခနဲ ရပ်လိုက်၏။

"သမီးက ပုကျစ်ကို ဘာလို့ဆွဲလိုက်ရတာလဲ... ပုကျစ်က သေးသေးလေး... အဲသလို လုပ်လိုက်ရင် လဲသွားမှာပေါ့... မလုပ်ရဘူးနော်..."

"သူက စုန်းမသမီး ဆရာမရဲ့..."

အို...။ မပုန်းရည် အလွန်အံ့သြသွားခဲ့သည်။ ဆွဲလိုက်သူက နှင်းရီ။ နှင်းရီက အတန်းထဲမှာ စွာချင်သည်။ ကလေးချင်း အနိုင်ကျင့်ချင်သူကလေး။ အခုလည်း မပုန်းရည် ဖက်ထားသည့်ကြားက ပုကျစ်ကို ဆွဲဖယ်လိုက်ခြင်းသည်ပင် မပုန်းရည် မျှော်လင့်မထားခဲ့သော အပြုအမူ မဟုတ်လား။ သည်အမှုကို တစ်ထိုင်တည်းစစ်မှ ဖြစ်တော့မည်။ မပုန်းရည်မှာ စိတ်မကောင်းခြင်းနှင့်အတူ ဒေါသစိတ်ကလေးပါ ဝင်လာမိရသည်။ ချက်ချင်း စိတ်ကိုထိန်းလိုက်ပြီး သွားနေရာက ရပ်လိုက်သည်။ ကလေးတစ်သိုက်ကလည်း ရောယောင် ရပ်နေကြလေသည်။ သူက စုန်းမသမီးလေ ဆရာမရဲ့ ဆိုသည့်စကားကို ရင်နင့်စွာ ကြားလိုက်ရပြီးနောက် မပုန်းရည်ပင် အားနာသွားခဲ့ရသည်။ ပုကျစ်ကတော့ ဒါမျိုးတွေ ရိုးနေပေါ့ဆိုသည့် ရုက်တအမ်းအမ်း မျက်နှာကလေးဖြင့် မပုန်းရည်ကို မော့ကြည့်နေသည်။ လိမ်တိလိမ်ကောက် ဆံပင်ဖုတ်စုကလေးက သွေ့သွေ့ကြီးခြောက်လျက် ကွင်းလေကြောင့် တလျားလျားလွင့်ပျံ့နေသည်။ မျက်လုံးပြူးပြူးက မျောက်လွှဲကျော်ပေါက်စနလေးလို မျက်ကွင်းညိုကလေး ဘောင်ခတ်ထားသည်နှင့်ပင် တူသည်။

"ပုကျစ်ကို စုန်းမသမီးလို့ ဘာဖြစ်လို့ ပြောရတာလဲ နှင်းရီ... သည်စကား နောက်ထပ်ပြောသံကြားရင် ဆရာမ ရိုက်မယ်... မင်းတို့အားလုံးလည်း မှတ်ထားကြ... . ပုကျစ်ဟာ မင်းတို့နဲ့အတူတူ ကျောင်းနေတဲ့သူငယ်ချင်းပဲ... ပုကျစ်ကလေးကို စိတ်ဆင်းရဲအောင် မပြောရဘူး... ဆရာမတောင် စိတ်ဆင်းရဲရင် သူ့ခမျာ ဘယ်လောက်စိတ်ဆင်းရဲမလဲ... မင်းတို့တစ်တွေဟာ အားလုံး ဆရာမတပည့်တွေပဲ... အားလုံးကို အတူတူချစ်တယ်... အနိုင်ကျင့်တာကို ဆရာမ မကြိုက်ဘူး... ကြားကြလား..."

"ကြားပါတယ် ဆရာမ"

မပုန်းရည်က ပုကျစ်၏ စေးထန်းထန်းလက်ကလေးကို ဆွဲရင်း လျှောက်လာခဲ့ကြသည်။ ကျောင်းကိုရောက်တော့ ဦးပန်းဆီတို့နှင့်အတူ ယောက်ျားသန်သန် လေးငါးယောက်ပါ ရှိနေကြသည်။ ဆရာမ ဒေါ်မြင့်မြင့်စိန်လည်း ရောက်နေပါပြီ။ ရွံ့စောင်းစောင်းလဲကျနေသော တိုင်တွေကိုပင် နုတ်ပြီးကြပြီ။ တိုင်ကျင်းတချို့လည်း တူးပြီးကြပြီ။ စာသင်ကျောင်းဝင်းရယ်လို့ စည်းရိုးခတ်ထားခြင်း မရှိသော်လည်း တိုင်တွေ စိုက်ထားတာတော့ ရှိပါ၏။ ကျောင်းဝင်းတစ်ပတ်လည်သာ ခြံစည်းရိုးခတ်ရပါလျှင်လည်း မသက်သာလောက်။ ဒါကိုတော့ ခြံစည်းရိုးပင်ကလေးတွေစိုက်ဖို့ မပုန်းရည် စိတ်ကူးထားပါ၏။ ကျောင်းရှေ့တည့်တည့်မှာ ပေါက်နေသော ထနောင်းပင်ကြီးနှစ်ပင်ကတော့ ကျောင်းအဝင်ပေါက်ပေါ့။ ဟိုဘည် သည်ဘက် ပန်းစက္ကူပင်တွေ စိုက်လိုက်လျှင်

တစ်နှစ်အတွင်း ရုံကြီးဖြစ်သွားလိမ့်မည်။ သစ်ဝါးရှားသောအရပ်မို့ ကျောင်းကလေး မတ်မတ်ရပ်ရပ်ရှိတာကိုပဲ ဝမ်းသာရပါ၏။ မလိုအပ်ဘဲ ပေါက်နေသည့် ဆူးပင်၊ ချုံနွယ်ပင်တွေကိုတော့ ရှင်းပစ်ရမည်။ မြက်တွေ ထိုးပစ်လိုက်လျှင် ကွင်းပြောင်ပြောင်ကြီး ပေါ်လာလိမ့်မည်။ ကျောင်းဝင်းထဲက အမှိုက်တွေကိုတော့ ကလေးတွေကို ခွဲဖြန့်ကောက်ခိုင်းရပါ၏။ ကျောင်းရှေ့မျက်နှာစာမှာ တိုင်ဟောင်းတွေ ဖယ်ကာ တိုင်သစ်တွေ လဲလှယ်စိုက်ကြသည်။ ကျွဲဆီးနတား(နွားတား) ကာကွယ်ရုံ ဝါးတန်းရိုက်ကြသည်။ အားလုံးပြီးတော့ ထုံးဖျော်ပြီး သုတ်သူတွေက သုတ်ကြသည်။ အလံတိုင်အုတ်ခုံကို ဖြိုလှဲလိုက်ကြလေပြီ။ ဦးပန်းဆီက သူ့အစီအစဉ်ကို ပြောပြပါသည်။

"သည်လို ဆရာမရေ... ကျုပ်တို့ ရွာတောင်ဘက်မှာ လာတည်တဲ့ သကြားစက်က အင်ဂျင်နီယာကို ကျုပ်တို့ ရွာလူကြီးတွေ သွားပြောကြတယ်... အလံတိုင်တော့ လှူပါ... သည်လိုက သည်လိုပါဆိုတော့ သံပိုက်လုံးကြီးတစ်လုံး လှူတယ်... အလံတိုင်အုတ်ခုံအတွက်ပါ အုတ်၊ အင်္ဂတေနှင့် ပန်းရန်ဆရာတွေ လွှတ်ပေးပါ့မယ်... ကျင်းသာတူးထားပါဆိုလို့ ဟန်ကျသွားတယ်"

မပုန်းရည်က သကြားစက် လာတည်သည်ဆိုသော အင်ဂျင်နီယာကိုပင် မမြင်ရဘဲ ကျေးဇူးတင်မိရပါ၏။ အုတ်ခုံနှင့် သံပိုက်လုံးနှင့်ဆိုတော့ အလံတိုင်ကလေး ထောင်ထောင်မတ်မတ်ရှိတော့မည်။ သံအလံတိုင်ဆိုတော့ ဆေးသုတ်ရဦးမည်ထင်၏။ သင်္ဘောဆေးအဖြူတစ်ဘူးဆိုလျှင် ဘယ်လောက်များပေးရမလဲ။ ဆရာကြီးကို သင်္ဘောဆေးဝယ်ဖို့ ပြောရမည်။ အုတ်ခုံကတော့ ထုံးသုတ်ရုံနှင့် ရနိုင်ပါ၏။

"ဆေးတော့ သုတ်ရမယ်ထင်တယ်နော်... ဥက္ကဋ္ဌကြီး"

"ဆေးပါ သုတ်ပေးလိုက်မယ် ပြောတာပဲ ဆရာမရဲ့... ဆရာမ လိုချင်တာရပါပြီ... အင်ဂျင်နီယာလေးက သူပါ တစ်ရက် လာခဲ့ပါ့မယ် ပြောတယ်"

"ကျေးဇူးတင်ပါ့ရှင်... လူမမြင်ရခင်က သူတော်ကောင်းကြီးဖြစ်မယ်ဆိုတာ မှန်းမိပါရဲ့"

နေရောင်အကျမှာ တချို့တိုင်တွေက ထုံးရောင်ကလေးတွေ ဖွေးလာခဲ့ပြီ။

"သူတော်ကောင်းကြီးမဟုတ်ဘူး ဆရာမရဲ့... ဆရာမလောက် ရှိဦးမှာ... လာရင် တွေ့ပါလိမ့်မဗျား... လူက ဂိုက်ဆိုက်ကောင်းကောင်းရယ်..."

လာရင် တွေ့ပါလိမ့်မဗျားဆိုလို့ မပုန်းရည် ရယ်ချင်သွားသည်။ လူက ဂိုက်ဆိုက်ကောင်းကောင်းဆိုတာကလည်း အဓိပ္ပာယ်တစ်မျိုး ပါလေသလား။ ဆရာမ ဒေါ်မြင့်မြင့်စိန်ကတော့ ကလေးတစ်အုပ်နှင့် အလုပ်ရှုပ်နေသည်။ မောင်တက်လူက အမှိုက်တောင်းထမ်းကာ လမ်းဘေးချိုင့်ထဲ သွန်သွန်ချသည်။ ကျောင်းဝင်းထဲမှာ ရှိသမျှ ချုံပင်ငုတ်စိ၊ ပိတ်ပေါင်းငုတ်စိတွေ မရှိကြတော့။ ထိုနေ့က တစ်မနက်လုံးလိုလို ကျောင်းတွင်းကျောင်းပြင် လိုအပ်တာမှန်သမျှ ပြင်ဆင်ကြသည်။ ရွှံ့စောင်းနေကြသည့် ကျောက်သင်ပုန်းတွေကို ပြန်တည့်၊ အခြေမခိုင်သည့် အခန်းကာတွေကို ထပ်ပိုး။ ကျောင်းအမိုးမိုးဖို့ကတော့ နောက်နှစ်မှာ သွပ်မိုးကြမည်ဆိုတော့ သည်နှစ် နေလိုက်ကြရုံ။ ကျောင်းရေအိုးစင်ကလေးလည်း ရပြီ။ ရေအိုးစင်ရှည်ကလေးဆိုတော့ ရေအိုးငါးလုံး ခြောက်လုံးလောက် နေရာချနိုင်ပြီ။ နေရောင်ပြင်းပြင်းပူလာတော့ ချွေးစို့ကြပြီ။ ထမင်းစားချိန်လည်း ရောက်ပြီဆိုတော့ လုပ်ငန်းတွေ ရပ်လိုက်ကြပြီး ထမင်းစားဖို့ ပြင်ကြရပါ၏။

"သင်း သည်လိုဟာတွေကြောင့် စာမတတ်တာ... ငယ်ငယ်က တောင်ဘက်ရွာ ကျောင်းသွားထားပါတော်... သည်တုန်းက ရွာမှာ အတန်းကျောင်းမရှိသေးဘူး... တကတဲ ကျောင်း ဖြောင့်ဖြောင့်မတက်ဘူး... အနောက်တောသွား ငှက်ပစ်ပြီး ပြန်လာတဲ့ကောင်..."

သည်လိုကြားလိုက်ရတော့ မပုန်းရည် ရင်ကလေး နင့်သွားကာ စိတ်မကောင်းဖြစ်ရပါ၏။ ကိုပိုက်က စာမတတ်ရှာဘူးတဲ့လား...။ မတူးကတော့ မတ်တော်သူ အမူးသမားကြောင့် အားနာကြောင်း တတွတ်တွတ် တောင်းပန်နေရှာပါ၏။ မတူး ရင်ခွင်ထဲတွင် မှိန်းလိုက်နေခဲ့သည့် ကျော်လင်းက အနာတင်းလာလို့လားမသိ ညည်းသံကလေး ထွက်လာခဲ့သည်။ မပုန်းရည်က ကျော်လင်းကို ခေါင်းကလေးပွတ်ရင်း အားပေးရပါသည်။ ခရီးက ဝေးသေးသည်ဆို၏။ ထစ်ခနဲရှိ မတ္တရာမြို့အထိ ပြေးရတာကို မပုန်းရည် သဘောပေါက်သော်လည်း ရှေးဦးသူနာပြုလုပ်ငန်းလောက်တော့ ရွာမှာ ရှိသင့်သည်လို့ တွေးနေခဲ့သည်။ လှည်းသမား ကိုကျောက်ခဲမှာ သည့်ထက်လည်း လှည်းကို မြန်အောင် မောင်းမဖြစ်တော့ တဂျိဂျိ တဂျွတ်ဂျွတ်ဖြင့် သွားနေရုံသာ။

"မေးခိုင်ရောဂါပိုး ဝင်မှာစိုးလို့ ဆေးတော့ ထိုးရမှာပဲ... ခရီးက လှမ်းသားနော်"

မပုန်းရည်က ခရီးမရောက်နိုင်တာကို ညည်းလိုက်တော့ ဒေါ်တင်ငွေက ငပိုက်ကို ဗျစ်တောက် ဗျစ်တောက်လုပ်ရာက မပုန်းရည်စကားကျကို ဝင်သည်။ သူတို့ ရွာတွေမှာ မေးခိုင်ပိုးရယ်လို့ မရှိဟုပင် ဆိုသည်။ အသက်ခြောက်ဆယ်ကျော်သည်အထိ မေးခိုင်ပါသည်ဆိုသော လူနာမျိုး တစ်ခါမှ မကြုံဖူးပါလို့လည်း အာမခံလေသည်။ ဟုတ်ချင်တော့လည်း ဟုတ်ပါလိမ့်မည်။ သို့သော် ကြိုတင်ကာကွယ်ခြင်းသာ အကောင်းဆုံးဆိုတာ သဘောပေါက်အောင် နားသွင်းရပါ၏။

"ဆရာမနယ်... ကျုပ်တို့ငယ်ငယ်က ဟက်တက်များပြလို့ကတော့လား... ခွေးနာ ပြာသိပ်၊ လူနာ ဖုန်သိပ် ဆိုတဲ့ပြီး နီးရာဖုန်မှုန့် ကောက်သိပ်လိုက်တာပဲ... ဖုန်မှုန့်ဆိုတော့ အနာဝကလေး ပိတ်သွားရာက မန်းကလေး တစ်စိုနဲ့ ပျောက်သွားတာ... နောက် ဖျိုင်းချေးရွက်များ သွေးစိမ်းရင်နာ အကောင်းဆုံးပေါ့... လမ်းဘေးက ဖျိုင်းချေးရွက် လက်တစ်ဆုပ်ညှစ်ပြီး အနာပေါ်ချ... ဖျိုင်းချေးဖတ်စိုစိုကို အနာပေါ်အုံပြီး ပုဆိုးစုတ်နဲ့ ပတ်လိုက်ရင် နှစ်ရက်ဆို ပျောက်ကရော... လက်တွေ့ပါတော်..."

လက်တွေ့ပါတော်ဆိုတော့ လှည်းပေါ်မှာ မငြင်းသာ။ လက်တစ်ကမ်းက ဆေးမြီးတိုကလေးတွေ စွမ်းတာကို မပုန်းရည် လက်ခံသော်လည်း သန့်ရှင်းဖို့နှင့် စနစ်ကျဖို့တော့ လိုကြောင်း ပြောရန်အားယူပြီးမှ အသာမျိုချလိုက်ရသည်။ လှည်းဆရာ ကိုကျောက်ခဲကပါ 'တောဆေး' တွေ ထက်လှကြောင်း ဝင်ပြောလိုက်၍ ဖြစ်လေသည်။

"ကျုပ်တို့တော့ သံပြားရှလို့ သံများစူးလို့ကတော့ ရေနံချေးဖတ် မီးရှို့ပြီး ကျလာတဲ့ ရေနံစက် အနာပေါ် တစ်ပေါက်ပေါက်ချလိုက်တာပဲ... ပြီးတော့မှ ဒေါ်ပါ(ဈော်ဘာ) ဖိနပ်နဲ့ သုံးလေးချက် ဆင့်ရိုက်ပစ်လိုက်တာ"

"ဘယ်ကို ရိုက်တာလဲ... ကိုကျောက်ခဲရဲ့..."

"ဈော်.. ဆရာမနယ်... အနာကို ရိုက်ပစ်လိုက်တာပေါ့... ဖုန်းဖုန်းနဲ့ ရိုက်လိုက်ရင် အနာက မကြွဝံ့တော့ဘူးရယ်..."

မပုန်းရည်က ကိုကျောက်ခဲ မှာကြားထားတော့ ဒေါ်တင်ငွေနှင့် ကျော်လင်းသားအမိကို အရင်ပို့စေသည်။ မဟုတ်လည်း လှည်းက ကိုကြာစွယ်တို့အိမ် ပြန်ချွတ်ထားရမှာမဟုတ်လား။ ခရီးနှစ်ခေါက် မဖြစ်စေချင်တာလည်း ပါသလို၊ ကလေးကို နွေးနွေးထွေးထွေး နားစေချင်တာလည်း ပါပါ၏။ သို့သော် ဒေါ်တင်ငွေက လက်မခံ။ မတူးကလည်း ငြင်းပြန်၏။ ဆရာမကို အရင်ပို့လိုက် ကြာစွယ်ရေ... လို့ ကိုကြာစွယ် ခါးကို တို့ရင်း အမိန့်ပေးလေ၏။ တာပေါင်က ရွာထဲကို ဖွဲ့အဆင်း ချောင်းကူးတံတားထိပ်မှာ ကိုကြာစွယ်က လှည်းကို တောင့်ရပ်လိုက်သည်။ တောင်ချောင်အရင်ပို့ရမှာလား၊ ဒေါ်ပုန်းရည် အရင်ပို့ရမှာလား။ မဝေခွဲတတ်ပေါင်ဗျာ ဆိုသည့်ပုံဖြင့် ရပ်လိုက်ခြင်းဖြစ်သည်။ ဒေါ်တင်ငွေက ကိုကြာစွယ့်ခါးကို ထုသည်။

"ကြာစွယ်... မောင်းလေ... ဘာလုပ်နေတာတုံး"

"ဈော်... ဘယ်မောင်းရမှာတုံး... ခင်ဗျားတို့ဟာက..."

သည်စကားတော့ ကိုကြာစွယ့်အသံ ကောင်းကောင်းကြားလိုက်ရလို့ မပုန်းရည်ပင် ရယ်ချင်သွားခဲ့ရသည်။ သူတို့ ရွာသူရွာသားချင်း မပြောလို့ မဖြစ်တော့လည်း စကားပြောသားပါလား။ အသံက ခပ်အုပ်အုပ်၊ ပြာတာတာ။ မျက်နှာကတော့ မမြင်ရပါ။ တစ်ချက်ကလေးပင် နောက်မလှည့်။ မပုန်းရည်က ကျွန်မသာ အရင်ပို့ပါတော့ဆိုမှ လှည်းစထွက်ပြန်၏။ မပုန်းရည်နေသည့် အိမ်ကြီးရှေ့မှာ လှည်းရပ်ပေးသည်။ မပုန်းရည်က ဒေါ်တင်ငွေနှင့် မတူးတို့ကို နှုတ်ဆက်ရင်း လှည်းပေါ်က ဆင်းသည်။ လှည်းရှေ့ကို သွက်သွက်လျှောက်ပြီးမှ ကိုကြာစွယ့်မျက်နှာကို မော့ကြည့်ရင်း ကျေးဇူးတင်ကြောင်းပြောရသည်။ မျက်နှာပြားပြားကြီးနဲ့ပါလား။ နည်းနည်းမှောင်စပြုပြီဆိုတော့ ကြည်ကြည်စင်စင်တော့ မဟုတ်။ မပုန်းရည်က လာနှုတ်ဆက်မည်မထင်ဘဲ ရှေ့တည့်တည့်ရောက်လာတော့ မျက်နှာကြီး အစ်ထားလိုက်တာ ကျောက်ရုပ်ကြီးလို။

"ကိုင်း... ကိုကြာစွယ်ရေ... ကျေးဇူးတင်ပါသရှင် လိုက်ပို့တာ..."

"ရပါတယ်"

မပုန်းရည် အိမ်ကြီးပေါ် ရောက်တော့ မှောင်နှင့်မည်းမည်း။ မှန်အိမ်ကလေး မီးထွန်းကာ အဝတ်ဟောင်း လဲသည်။ အောက်ထပ်ဆင်းကာ ကပျာကသီ ကိုယ်လက် သန့်စင်သည်။ အဝတ်ထူထူကလေးဝတ်ပြီး စောင်နှင့်ကွေးနေလိုက်သည်။ မကြာဉက သစ်သားဇျပ်ကြီးတစ်ချပ်နှင့် ထမင်းပူပူ ဟင်းပူပူတွေ သယ်လာတော့ တစ်လုတ်တစ်ဆုပ် ထစားဖြစ်ပါ၏။ သို့သော် မျက်လုံးတွေ လေးလံလာသဖြင့် အသာပြန်မှေးနေလိုက်သည်။

မကြာဉက အခန်းပြတင်းကို ပိတ်ကာ ခြင်ထောင်ချပေးသည်။ ကြာဖြူတို့ ညီအစ်မ လာအိပ်တာကိုပင် မပုန်းရည် မသိလိုက်တော့။ မှေးခနဲ အိပ်ပျော်သွားလေသည်။

□

Typing - thanthannaing Proof & PDF - Parker

မပုန်းရည်၏ လုံ့လကြောင့်ပဲလားတော့ မသိ။ ရှဉ့်ကလေးတွေ ကျောင်းတက်ကြတာ တစ်စတစ်စ များလာခဲ့သည်။ လွယ်အိတ်ကလေးတွေက အရောင်အဆင်း မရှိကြသော်လည်း ကိစ္စမရှိပါ။ ကျောင်းစိမ်း မစုံလင်သော်လည်း ဖြစ်ပါသည်။ ဆံပင် ဆီလိမ်းမလာသော်လည်း သပ်ရပ်လျှင် တော်ပါပြီ။ အင်္ကျီကြယ်သီး မစုံလျှင်လည်း ရှိပါစေ။ တွယ်ချိတ်နှစ်ချောင်းလောက် ပါလျှင် လုံလောက်ပါ၏။ တစ်ခါက မပုန်းရည် လက်သည်းခြေသည်း စစ်ဆေးဝင်သည်။ စားပွဲခုံကလေးတွေပေါ်မှာ လက်ချောင်းဆယ်ချောင်းစလုံး မှောက်စေပြီး တစ်ယောက်ချင်း လိုက်ကြည့်ခြင်းဖြစ်သည်။ မပုန်းရည် အံ့သြသွားခဲ့သည်။ ဘယ်သူမှ လက်သည်းညှပ်ထားကြတာမရှိ။ လက်သည်းရှည်တွေထဲမှာ ကြေးမည်းမည်းတွေ စေးထန်းနေကြသည်။ မပုန်းရည်က ကလေးတစ်ယောက်စီခေါ်ပြီး စိတ်ရှည်လက်ရှည် ညှပ်ပေးသည်။ မညှပ်ခင် ကြေးတွေကို ဝါးစကလေးဖြင့် ကော်ကာ စက္ကူဖြူဖြူပေါ် တင်ပြသည်။

"အဲဒါ ဘာတွေလဲ သိကြလား"

"ဂျီး(ကြေး)တွေပါ ဆရာမ..."

"အေးပေါ့... အညစ်အကြေးပေါင်းစုံစုပြီး မင်းတို့ လက်သည်းထဲမှာ အသာခိုနေကြတာ... မင်းတို့က လက်ခံထားတော့ သူတို့က နေကြတာပေါ့... သည်ကနေ့ကစပြီး ဂျီးတွေနဲ့ မပေါင်းကြနဲ့တော့... ဂျီးတွေကို မောင်းထုတ်ကြရအောင်ပေါ့.. . ဟုတ်ပြီလား..."

"လက်သည်းထဲမှာ ဂျီးရှိတော့ ဘာဖြစ်လို့လဲ ဆရာမ..."

သြဘာက မေးခြင်းဖြစ်သည်။ လက်သည်းထဲမှာ ကြေးရှိတော့ ရောဂါမျိုးစုံရတာပေါ့လို့ မပုန်းရည် ဖြေလို့မဖြစ်ပါ။ လက်သည်းထဲက ကြေးနှင့် နေခဲ့ကြတာ ကြာခဲ့ပြီမဟုတ်လား။ လယ်ထဲချောင်းထဲ၊ ရွှံ့ထဲဗွက်ထဲ၊ ဖုန်ထဲသဲထဲ နေကြရသူကလေးတွေကို ရောဂါနှင့် ခြောက်သော်လည်း ကြောက်ကြလိမ့်မည်မထင်။ သူတို့နှင့် ကြေးညှော်တွေက ငယ်ပေါင်းတွေ မဟုတ်လား။ မပုန်းရည် စကားလုံးရှာရပြီ။ မပုန်းရည်က လက်သည်းမရှိသော သူ့လက်ချောင်းကလေးတွေကို ပြရသည်။

"ဆရာမ လက်မှာကြည့်... လက်သည်းမရှိဘူး... ကြေးလည်းမရှိဘူး... တွေ့လား..."

"တွေ့ပါတယ် ဆရာမ..."

"လက်သည်းလည်း မရှည် ကြေးလည်းမထူတဲ့ကလေးဆိုရင် ဆရာမက သိပ်ချစ်တာ..."

သြော်... အဲသလိုလားဆိုသည့် မျက်နှာကလေးတွေကို မပုန်းရည် ဖတ်မိပြီ။ ဆရာမ ချစ်ဖို့များတော့ လွယ်လွယ်ကလေးပါလားလို့ သဘောပေါက်သွားကြပုံလည်း ရပါ၏။ ဘယ်ကဘယ်လို ညှပ်လာကြသလဲတော့ မသိ။ နောက်ရက်တွေမှာ လက်သည်းနှင့်ကြေး ဝေးကြပြီ။

မပုန်းရည်၏ စစ်ဆင်ရေးတွေထဲမှာ အပ်ချိတ်ကလေးတွေလည်းပါသည်။ သကြားလုံးထုပ်ကလေးတွေလည်း ပါသည်။ သကြားလုံးဆိုလို့ အဖိုးတတန်ထဲကတော့ မဟုတ်ပါ။ မတ္တရာဈေး လူကြုံမှာလိုက်သော သကြားခဲပွပွ အကျားကလေးတွေ ဖြစ်ပါ၏။ ကြယ်သီးဟပြဲကလေးတွေဆိုလျှင် တွယ်ချိတ်နှစ်ချောင်း သုံးချောင်း တွယ်ပေးလိုက်ရုံပေါ့။ နောက်တစ်ခါ ဟမပြဲကြတော့ပြီ။ မိဘတွေက ဂရုတစိုက် ကြယ်သီးတပ်၊ တွယ်ချိတ်တပ်

ပေးတာတွေ များလာသည်။ ထူးထူးခြားခြား သနပ်ခါးပန်းမန်လိမ်းလာသူ၊ သန့်သန့်ရှင်းရှင်း ဝတ်လာသူကလေးတွကို အတန်းရှေ့ခေါ်ထုတ်ပြရင်း ချီးကျူးရသည်။

"ကြည့်စမ်း... ကနေ့ 'ကတိုး' သနပ်ခါးလိမ်းလာတယ်... ဟော အုန်းဆီးတောင် လိမ်းလာသေးတယ်... အင်္ကျီကြယ်သီးလည်း စုံတယ်... ကတိုးက ရေလည်း ချိုးလာတယ်ထင်တယ်... ချိုးလာသလား ကတိုး..."

"မချိုးခဲ့ရဘူး ဆရာမ..."

"ဟော တွေ့လား.. ဆရာမကို မလိမ်ဘူး... မှန်တာပြောတယ်... ရေများချိုးလာခဲ့လို့ကတော့ ကတိုးခမျာ သကြားလုံးနှစ်လုံးတောင်ရမှာ... အခုတော့ တစ်လုံးပဲရမယ်"

သည်လို နှစ်ခါ သုံးခါလောက် လုပ်လိုက်တော့ ရေမချိုးကြသည့်တိုင် ပါးပေါ်သနပ်ခါး ပါလာခဲ့ကြသည်သာ။ အုန်းဆီတွေက နဖူး နားသယ်စပ်ဆီက စီးကျအောင် ဆီအိုးထဲ ခေါင်းနှစ်လာသူကလေးတွေကို တွေ့တော့ ပြုံးမိရပြန်သည်။ မပုန်းရည် ဝယ်ဖြည့်ထားရသည့် ပစ္စည်းတိုတိုစစကလေးတွေထဲမှာ ခဲတံတွေလည်း ပါပါ၏။ မပုန်းရည် စားပွဲပေါ်က စဥ့်ခွက်ထဲမှာ ချွန်ပြီးသားခဲတံ အချောင်းနှစ်ဆယ်လောက် ဖြည့်ထားသည်။ ခဲတံမပါသူ ယူရေးနိုင်သည်။ ကျောင်းဆင်းလျှင် ပြန်ထားခဲ့။ ခဲတံတွေ ပျောက်တာမျိုးမရှိ။ မသိမသာ ထည့်ယူသွားသူရယ်လို့ မရှိ။ မပုန်းရည်ကတော့ အားလျှင်အားသလို ချွန်ပေးထားရသည်။

ဘုရားပန်းကလည်း မရှားပါ။ တစ်ရက်တစ်ယောက် တာဝန်ပေးထားလိုက်တော့ နေ့စဉ် ဘုရားပန်း လဲနိုင်သည်။ မိန်းကလေးထဲက မလှအေးက ပန်းညှောင်ရေအိုး ဆေးတတ်သည်။ ဘုရားပန်းတွေ ဝေအောင်ထိုးတတ်သည်။ ပန်းကပ်တတ်သည်။ မပုန်းရည် ကျောင်းရောက်လာလျှင် ပန်းကပ်ပြီးသား။ များသောအားဖြင့် ဇော်ကျား၊ ဇော်မွှား၊ ဇော်ဂျီတောင်ဝှေးလို့ ရွာထွက်ပန်းတွေ များသည်။ သည်ပန်းတွေက အမြစ်စွဲလွယ်တော့ ကျောင်းဘေး မြေနုးနုးမှာ စွန့်ပန်းတွေ ပြန်စိုက်ထားသည်ကပင် ပန်းခင်းဖြစ်နေပါ၏။

"မင်းတို့အထဲက ဘယ်သူ မန္တလေးကို ရောက်ဖူးသလဲ... ရောက်ဖူးတဲ့သူ လက်ညှိုးထောင်"

တစ်ခါတော့ သူတို့ကလေးတွေ၏ ဗဟုသုတကို မေးချင်သဖြင့် မပုန်းရည် ကောက်ကာငင်ကာ မေးလိုက်ခြင်းဖြစ်သည်။ ထောင်လိုက်ကြတဲ့ လက်ညှိုးတွေ မနည်းလှ။ ဟုတ်ကြပေမှာပေါ့။ မတ္တရာနဲ့ မန္တလေး စခန်းမဝေးဘဲကိုး။ ဒါပေသိ နတ်ရေကန်က မန္တလေးကိုရောက်ဖို့ ကဘဲ့ဘူတာကို အရင်သွားရဦးမည်။ ပြီးမှ မတ္တရာ-မန္တလေးရထားစီးကြရသည်။

"မန္တလေးမှာ ဘာတွေရှိသလဲကွာ... တစ်ယောက်စီပြော..."

"နန်းတော်ကြီးရှိတယ်..."

"ဟုတ်ပြီ"

"ကားတွေရှိတယ်"

"အို..."

ဒါဆိုရင် မပုန်းရည်လည်း သူစိမ်းပေါ့။ နတ်ရေကန်ရွာသူ မဟုတ်ရင် သူစိမ်းစာရင်းပေါက်တာပဲမဟုတ်လား။ မကေး ပြောပြသည့်ဇာတ်လမ်းတွေကလည်း ထူးဆန်းသည်။ သိပ်များများကြီး ပြောတာတော့မဟုတ်။ နတ်ရေကန် လူစားမည့်ရက်တွေမှာ ညဘက် ကန်အော်သံတွေ ကြားရသည်ဆို၏။ ကန်အော်သံဆိုတာ ဘာလဲဆိုတော့ ကန်ညည်းသံကြီး ကြားရတာပေါ့ ဆရာမရဲ့ဟု ဆိုပြန်ပါသည်။ နတ်ရေကန် ကန်စပ်မှာ နတ်ရေကန်လူစားသည့်အကြောင်း ပြောရတာ ကျောချမ်းမိပါ၏။ မပုန်းရည်က လူစားသည်ဆိုသော ရေကန်ကြီးကိုကြည့်ရင်း ဟုတ်မှဟုတ်ရဲ့လား တွေးနေမိသည်။ ကန်ပြင်ကြီးက ကျယ်ဝန်းလွန်းလှပါ၏။ ရေက နွေနွေမိုးမိုး ရာသီတစ်ပတ်လုံး မခန်းမခြောက် ရှိနေတာဆိုတော့ ကန်ထဲမှာ စိမ့်တွင်းတွေ ရှိလောက်သည်။

သို့သော် ရေတွေ လျှံတက်လာတာမျိုးလည်း မရှိဆိုတော့ စဉ်းစားရခက်သည်။ ကန်ထဲမှာ ကြာရွက်တွေ ပိန်းပိန်းကြီးပိတ်နေသည်။ ကြာရွက်ကြီးတွေက အကြီးကြီးတွေ။ တစ်ရွက်တစ်ရွက် လင်ပန်းလတ်လတ် တစ်ချပ်စာလောက်ပင် ရှိလိမ့်မည်။ ကြာတွေကတော့ကော။ အရောင်တွေ စုံလှပါ၏။ ကတ္တီပါအစိမ်းစပေါ်မှာ ဘော်ကြယ်တွေ ကြဲပက်ထားသလို။ ကန်ရေပြင်ကြည်ကြည်မှာ ကြာရိုးကလေးတွေ ရေတိုးနေပုံ တသန်းသန်းကိုပင် မြင်တွေ့နေရသည်။ ကွင်းလေ အေးအေး၊ မြင်ကွင်းကျယ်ကျယ်။ သည်အရသာကို မပုန်းရည် သဘောကျမိသည်။ ကျောင်းပိတ်ရက် တစ်ရက်ရက်မှာ ကလေးတွေကိုခေါ်ပြီး အပန်းဖြေထွက်ဖို့ စိတ်ကူးရလိုက်သည်။

မပုန်းရည်က ကန်ကြီးကို တစ်ပတ်ပတ်ကြည့်ဖို့ စဉ်းစားသော်လည်း တစ်ပတ်ပတ်မိဖို့ မလွယ်လှပါ။ မကေးက ပြန်ချင်နေပုံရသည်။ တစ်ခုခုကိုလည်း ကြောက်နေသည့်ပုံ ပေါ်သည်။ မပုန်းရည်က နေချင်သေးသော်လည်း ပြန်မှကောင်းတော့မည်။ မပုန်းရည်က မရှင်းတာလေးတော့ မေးဖြစ်အောင်မေးလိုက်မိသည်။

"ကျွန်မ သိချင်တာ ကိုကြာစွယ် ဘာလာလုပ်တာလဲ ဆိုတာပါ... မကေး သိသလား..."

"မကြာဉ မပြောဖူးဘူးလား ဆရာမ..."

"မပြောဖူးဘူး မကေးရဲ့..."

"မေးကြည့်ပါလား... ဆရာမတော့ ပြောမှာပါ"

မကေးက ဒါပဲပြောသည်။ မပုန်းရည် ဆက်မေးလို့ မကောင်းနိုင်ပါ။ ဆရာမတော့ ပြောမှာပါဆိုတော့ ပြောစရာအကြောင်းရှိလို့ပေါ့။ မကြာဉကလည်း စကားခံထားသည်။ ဒါဆိုရင် မကြာဉမှာ ပြောစရာရှိမှာ သေချာသည်။ ကန်စပ်က ကြာပန်းတွေကို မီသလောက် ဆွဲခူးပြီး မပုန်းရည်တို့ ရေကန်ကြီးက ပြန်ထွက်လာခဲ့ကြသည်။ ကန်ထဲက ကြာပန်းတွေက ကွင်းလေကြောင့် တနွဲ့နွဲ့။

□

ညသည် တိတ်ဆိတ်လွန်းလှသည်။ ကွင်းလေကြောင့် တန်းတွင် ချိတ်ဆွဲထားသော လက်ဆွဲမှန်အိမ်ကလေး တလှုပ်လှုပ်။ ဖန်မီးပြောင်းမှာ မှိုင်းချိုးတွေ များလို့ ထင်ပါရဲ့။ အခန်းထဲမှာ အလင်းများများမရှိ။ ရွာအပြင်ဘက် လယ်တဲတွေဆီကလား၊ ရွာလမ်းဘက်ကလား မသိရသည့် သီချင်းသံက လွမ်းစရာကောင်းလောက်အောင် နွဲ့လွန်းလှပါ၏။

"အဲဒါနဲ့..."

□

ကိုဘဩနှင့် မတိုင်းခင်တို့ သားအမိ နတ်ရေကန်ကို ရောက်လာကြခြင်းတွင် နတ်ရေကန်ရွာသား ဧည့်သည်၏ကျေးဇူး မကင်းခဲ့။ နတ်ရေကန်ရွာသားအမည်မှာ ကိုဖုန်းဆိုးဖြစ်၍ အသားညိုညို၊ မျက်နှာကြမ်းကြမ်း ဆိုသော်လည်း မျက်နှာချိုလှသူဖြစ်သည်။ ကပိုင်သူနှင့် အိမ်ထောင်ကျပြီး ကပိုင်ရွာမှာ အိမ်ကြီးရခိုင်နှင့် နေနိုင်သော မြေပိုင်ရှင်တစ်ဦးပင်။ လှည်းနှင့်နွားနှင့်၊ မြေနှင့်ယာနှင့်၊ ကျီနှင့်ပုတ်နှင့် သောင်သောင်သာသာရှိသူ ဖြစ်လေသည်။ နတ်ရေကန်ဘက်မှာ ကိုဖုန်းဆိုး၏ လယ်တွေ ရှိသည်။ လယ်သူရင်းငှား ချထားပြီး နတ်ရေကန်ကို အကြောင်းရှိမှ ရောက်လာသည်ကလွဲ၍ အရောက်အပေါက်နည်းသည်။ တစ်နှစ်နေနေ တစ်နှစ်ဆန်းဆန်း သူရင်းငှားက စပါးလာသိမ်းပါတော့ဆိုမှ လာသူဟု ဆိုသည်။

နတ်ရေကန်ရွာမှာ ထိုစဉ်က အိမ်ခြေနှစ်ဆယ် အစိတ်ခန့်သာရှိသည်။ ဇာတ်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းကြမည်ဆိုလျှင် ဖြစ်နိုင်လောက်သော်လည်း မင်းသားကြီး ကိုဘဩနှင့် မတိုင်းခင်တို့ အကြောင်းပါကြပြီးနောက် ကိုယ့်ရပ်ကိုယ့်ရွာ မပြန်ကြဖို့ ပိုင်းဖြတ်ခဲ့ကြသည်။ ဇာတ်သဘင်အလုပ်ကို စိတ်ကုန်ခဲ့ကြသည့်အလျောက် ကံပစ်ချရာ နေထိုင်ကြရန် စိတ်ကူးမိကြ၍ နတ်ရေကန်ကို လိုက်လာခဲ့ကြခြင်းဖြစ်သည်။ ဇာတ်မင်းသားနှင့် မင်းသမီးတို့ခမျာ ရွာစွန်ပြည်နား လယ်ကွင်းကြို လယ်ကွင်းကြားထောင်ထားသော လယ်စာခြောက်ရုပ်ကဲ့သို့ အသက်မပါဘဲ ရှိကြလေသည်။

ကိုဖုန်းဆိုးက ကိုဘဩကို ဇာတ်မင်းသားကြီးတစ်ယောက်အနေဖြင့် ခင်မင်ရင်းစွဲ ရှိသကဲ့သို့ မတိုင်းခင်ကိုလည်း မြင်မြင်ချင်း မေတ္တာစိတ်ထားမိလျက်သား ဖြစ်နေခဲ့သည်။ ကိုဖုန်းဆိုး၏ မရိုးဖြောင့်သော မျက်လုံးများနှင့် ထိကပါး ရိကပါး အပြောများကို သည်းခံနိုင်သလောက် သည်းခံခဲ့ရှာပါ၏။ ကိုဘဩမှာ လယ်ယာ အလုပ် မလုပ်နိုင်သဖြင့် နတ်ရေကန်နှင့် မနီးမဝေးရှိ ကိုဖုန်းဆိုး၏ လယ်ကွက်ထဲ တဲကလေးတစ်လုံးထိုးကာ နေထိုင်းရင်း ကျူလယာကုန်ခေါ်ကြသည့် ကုလားကုန်စုံဆိုင်ကလေးပါ ချောက်ချီးချောက်ချက် ဖွင့်နိုင်ရန် ကူညီခဲ့သည့်ကျေးဇူးကို ထောက်ထားတာလည်း ပါပါသည်။

ကိုဘဩမှာ မတ္တရာနှင့် မန္တလေးကို အခြေပြု၍ ဈေးကုန်ကလေးတွေ သွားတင်ရသည်။ အိမ်ခြေ နည်းပါးသော ရွာကလေးကိုချည်း အားကိုး၍ မရတော့ အနီးအနားရွာတွေကိုပါ ကျူလယာကုန်ဗန်းလွယ်ရင်း ဝမ်းစာရှာရသည်။ ဇာတ်မင်းသားဆိုတော့ သီချင်းကလေး ဆိုကာ ဆိုကာ တစ်ရွာဝင် တစ်ရွာထွက် တစ်အိမ်တက်ဆင်း ရောင်းလေ့ရှိသဖြင့် ရွာတွေကလည်း ကိုဘဩကိုရော၊ ကျူလယာကုန်ဗန်းကိုပါ မျှော်ကြသည်။ ကိုဘဩကလည်း သည်ရွာတွေ ဘာကြိုက်သလဲဆိုတာ သိပါ၏။

ရောက်လောက်သည်။ အခြေအနေ မဟန်လေတော့ ကိုဖုန်းဆိုးက "တောက်" တစ်ချက်ခေါက်ပြီး ပြန်ထွက်သွားခဲ့သည်။ သို့သော် သည်တောက်ခေါက်သံကြောင့်ပင် မတိုင်းခင်တို့ ရွာထဲကို ပြောင်းခဲ့ကြရသည်။ ကိုဘသြ ပြန်လာတော့ ကိုဖုန်းဆိုး စော်ကားကြောင်း ဖွင့်မပြောဘဲ ညဥ့်အိပ်ညဥ့်နေ ရွာခြေနှင့် ဝေးလွန်း၍ ပြောင်းရကြောင်းသာ ပြောခဲ့သည်။ သို့သော် မတိုင်းခင်၏ မိခင်ကြီး ဒေါ်ကျေးကျွတ်က ရွာကို အကြောင်းစုံခင်းပြရင်း စောင့်ရှောက်ကြပါရန် အပ်နှံသည်။ သည်စကားသည် တောမီးပမာ ပျံ့နှံ့သွားခဲ့သည်ကစ၍ ကိုဖုန်းဆိုးက သည်မိသားစုအပေါ် အညှိုးတကြီး ရှိခဲ့သည်ဟုဆိုပါ၏။ သို့သော် ကိုဖုန်းဆိုး ကိုယ်တိုင်တော့ နတ်ရေကန်ရွာကို ပေါ်မလာတော့ပါ။

တစ်ရက်...။ နတ်ရေကန်အိမ်ဟောင်းတွင် စိုက်ထားခဲ့သော ငရုတ်ခင်း၊ ချဉ်ပေါင်ခင်းကလေးဆီ ဒေါ်ကျေးကျွတ် တလှုပ်လှုပ် ရောက်သွားခဲ့သည်။ ထိုနေ့က ရွာထဲက အိမ်သို့ ဒေါ်ကျေးကျွတ် ပြန်ရောက်မလာတော့။ နတ်ရေကန်အတွင်း ရေနစ်သေသည်ဆိုသည့်သတင်းသာ ရောက်လာလေတော့သည်။ ဆန်းတာက ကိုဖုန်းဆိုး၏ သူရင်းငှားဆိုသူ ပျောက်ချင်းမလှ ပျောက်သွားခဲ့ခြင်းပင်။ သည့်ထက် ပိုထူးဆန်းသည့်အချက်မှာ ကိုဖုန်းဆိုးလည်း တစ်လအတွင်း ကပိုင်ရွာ အနောက်ဘက်လယ်ကွင်းတွေဆီ အသွား ပိုးထိကာ သေဆုံးသွားခြင်းဖြစ်၏။

"အမေကြီးကျေးကျွတ်ကို ဖုန်းဆိုးရဲ့သူရင်းငှား ငမှိုင်းက ရေထဲတွန်းချတာ သေချာပါ့အေ... ဒါကြောင့် သည်ကောင်ပြေးတာပေါ့... ဖုန်းဆိုးလည်း သူ့မိုက်ပြစ် သူခံရတာပဲ... ငမှိုင်းက ဖုန်းဆိုးလုပ်ခိုင်းလို့ လုပ်ရတာနေမှာပေါ့"

ဟုတ်လေသလား၊ မဟုတ်လေသလား ဘယ်သူမှ မပြောနိုင်သော်လည်း မပြေးသော် ကန်ရာရှိနေခဲ့ပါ၏။ သည့်နောက်တော့ မတိုင်းခင်တွင် ကိုယ်ဝန်ရခဲ့လေပြီ။ အတန်ငယ် ချောင်လည်လာသော စီးပွားရေးကြောင့် ကိုယ်ပိုင်မြေကလေး ယာကလေးပင် ရှိလာခဲ့ကြပြီ။ ရွာမှာ အိမ်ခြေတွေ တိုးလာတာတစ်ကြောင်း၊ ကိုဘသြ အသက်ရလာတာတစ်ကြောင်းကြောင့် ရွာမှာပဲ ဆိုင်ကလေးဖွင့်ကာ ရရစားစား နေခဲ့ကြသည်။ စပါးပေး၊ နမ်းပေး ပေးကြသည်။ ငွေတိုးကြေးတိုး ချကြသည်။ မတိုင်းခင်မွေးတော့ သားယောကျ်ားကလေး။ မင်းသားကြီး ကိုဘသြက သားကို 'နတ်ရေကန်မှာ ကြာတံဆိပ်နဲ့ ဖျာဒိတ်ခံမယ့်သား' ဟု ဆိုရာက ကြာတံဆိပ် အမည်တွင်ခဲ့လေ၏။

□

"ကျွန်မတို့ အဘိုး ဖိုးဘသြက သူ့သားကို ကြာတံဆိပ်လို့ နိမိတ်ယူပြီး မှည့်ခဲ့တာ... သားတစ်ယောက်တည်း မွေးခဲ့တယ်... နတ်ရေကန်မှာပဲ သားအိမ်ထောင်ရက်သားကျတဲ့အထိ လုပ်ကိုင်စားသောက်ခဲ့ကြတာမှာ လယ်တွေ ချောင်းတွေ လက်ညှိုးထိုးမလွဲဘူး... တောနေသဘာဝ ချမ်းသာတယ် ခေါ်ရမှာပေါ့ ဆရာမရယ်... သားကလည်း တစ်ယောက်တည်းဆိုတော့ ကျွန်မတို့ အဖေ ဆယ့်နှစ်နှစ်သားမှာ အလှူကြီးပေးလိုက်တာ မတ္တရာတစ်နယ်လုံး အုံးအုံးထသွားတာပဲလို့ အဖေတို့က ပြောဖူးတယ်"

"အဲ့ဒါနဲ့ ပြောပါဦး... နတ်ရေကန်နဲ့ မကြာဉတို့မိသားစုနဲ့ ဘယ်လိုဆက်စပ်တာလဲ"

"ပြောမယ် ဆရာမ... ဖြစ်ပုံက ဆရာမတို့ကြာစွယ်ပေါ့... ဘယ်သူရှိရဦးမှာတုံး"

"ကိုကြာစွယ်... ဟုတ်လား မကြာဉ..."

သမ်းသွားသလိုလို။ ဟုတ်ချင်မှလည်း ဟုတ်မည်။ ကိုကြာစွယ့်မျက်နှာ ညိုညစ်ညစ်ကြီး ညှိုးသွားတာတော့ မပုန်းရည် သတိထားခဲ့မိသည်။ ဆိုင်လေသလား မဆိုင်လေသလား မသိ။ မပုန်းရည် သိပ်ကြိုက်သော ဆရာကြီး မင်းသုဝဏ်၏ နှင်းဆီပွင့်ကဗျာကို ဖျတ်ခနဲ သတိရလိုက်သည်။ ကိုကြာစွယ် ချူးလာသည့် 'ခရေဖူး' မပန်ဖြစ်လိုက်ရသလိုပါပဲလား။

'မနက်တုန်းဆီက ကြော့ဆုံးကို မောင်မြင်တော့... သူဆံပင် နှင်းဆီပွင့်တွေနဲ့... ဂုဏ်တင့်တယ်လေ... '

မတ္တရာကို လှည်းကြုံလိုက်ပို့ပုံသည့်သတ္တိကိုပင် မပုန်းရည် ဝမ်းသာရသည်။ တူမဖြစ်သူ ကြာဖြူကိုတော့ တင်လာခဲ့သေးသည်သာ။ အမြင်တင့်အောင် ခေါ်လာခြင်းဖြစ်လိမ့်မည်။ ကြာဖြူပါတော့ မိန်းမဖော်ပါသည့်သဘော ဆောင်သည်။ သူ့ဘက်က ရိုးသားမှုကို ပြချင်တာပါသလို၊ သူကိုယ်တိုင်ကလည်း မပုန်းရည်နှင့် နှစ်ယောက်တည်း လှည်းစီးဝံ့ပုံမရ။ တောသူတောင်သားတွေဆိုတော့ မာယာတွေမရှိ။ သူတို့ တွေးသည့်ထောင့်က ရိုးသားမှုပေါ်မှာ အခြေခံတာ သေချာသည်။ မပုန်းရည်အဖို့ ဂျစ်ကားဆိုတာကြီး အမြဲရှိနိုင်တာမဟုတ်။ ကိုကြာစွယ့်လှည်း၊ ဒါမှမဟုတ် ရွာလှည်းတစ်စီးစီးက ရွာမှာနေသရွေ့ အမြဲစီးရမည့်ယာဉ် မဟုတ်လား။ မပုန်းရည် ရွေးချယ်ခဲ့မိတာ မှားပြီထင်ပါရဲ့။

"ဘာတွေများ စဉ်းစားနေတာလဲ ဆရာမရဲ့"

"ဘာရယ်မဟုတ်ပါဘူးရှင်... ကျောင်းကိစ္စ စဉ်းစားနေတာပါ"

"ကျောင်းက ဘာဖြစ်လို့လဲ"

"ဘာမှတော့ မဖြစ်ပါဘူး... ရွာကျောင်းကလေးဆိုတော့ ပြည့်စုံနိုင်ခဲတယ်မဟုတ်ဘူးလားရှင်"

ကိုမျိုးသွင်က ဘာမှ ဆက်မပြောတော့ဘဲ ရှေ့ကိုသာ ကြည့်ရင်း ကားမောင်းနေသည်။ သည်ရွာ သည်ဒေသကို ရောက်ခဲ့တာ မကြာသေးသော်လည်း စိုစိုစိမ်းစိမ်း ရှိသော မြင်ကွင်းတွေကြောင့် မပုန်းရည် စွဲလမ်းခဲ့ရသည်။ မတ္တရာနယ်သူ နယ်သားတွေရော၊ မတ္တရာဝန်းကျင် ကျေးရွာတွေပါ မြင်ရသမျှတွေ အချိန်ရှိသမျှ အလုပ်လုပ်ကြသူတွေချည်းဖြစ်သည်။ ရိုးသားကြသူတွေချည်း ဖြစ်သည်။ တစ်ဝမ်းတစ်ခါး အတွက်များတော့ ပူစရာမရှိသည့် ရွာတွေ။ ဥယျာဉ်ခြံကြီးတွေ၊ သီးပင်စားပင်တွေ၊ အုန်းခြံကြီးတွေကလည်း ညို့ညို့ကြီး သန်စွမ်းကြလှသည်။ ရေးက သည်ရွာတွေက ထွက်သမျှ သစ်သီးဝလံတွေ၊ ဟင်းသီးဟင်းရွက်တွေ အားလုံးလိုလို မန္တလေးကို ပို့ကြသည်ဆို၏။ မတ္တရာဘက်ကစီးသော ရွှေတချောင်းက မန္တလေးကို ဒုတ်ဒုတ်ထိရောက်အောင် ပို့နိုင်သည့် ရေရှင်ချောင်းဖြစ်သည်။ မန္တလေးမြောက်ဘက် မတ္တရာနယ်ကသစ်သီးတွေ မန္တလေး မလွန်စျေးကို ရောက်ခဲ့ကြသတဲ့။ ညောင်ကုန်းနယ်၊ စဉ့်ကူးနယ်က သားငါးတွေလည်း ရွှေတချောင်းကပဲ မန္တလေးကို လာကြသတဲ့။ ကပိုင်နယ်က ဆန်တွေကကော၊ ရွှေတချောင်းကပဲ သွားခဲ့ကြသည်။ "ကျုပ်တို့နယ်က မြေကလည်း မှန်၊ ရေကလည်း သန်တဲ့အရပ်ဆိုတော့ ဘယ်ကြည့်ကြည့် စိမ်းစိုနေတာ" လို့ ပြောဖူးသည့် ဆရာကြီး ဦးခင်ဖေ၏ မှတ်ချက်ကို မပုန်းရည် မငြင်းသာ။

"ဆရာမ သည်နယ်ကပဲလား..."

"မဟုတ်ပါဘူးရှင်... ရန်ကုန်ဘက်ကပါ..."

လက်ဖက်ရည်ဆိုင်တွေထဲလည်း လိုက်ကြည့်သတဲ့။ ကိုကြာစွယ်ကတော့ မရှာဘူးလားဆိုတော့ သူ့လှည်းဘေးက ဖြတ်သွားတဲ့ ဆရာမတွေတော့ လိုက်ကြည့်သတဲ့။

မပုန်းရည်က ကြာဖြူကို လှည်းဆီ ပြန်လွှတ်လိုက်သည်။ ဆရာမတွေကို နှုတ်ဆက်ရန် ဆိုင်ထဲ ပြန်ဝင်လာခဲ့သည်။ မပုန်းရည် အဖော်ရအောင် ညနေရထားနှင့် လိုက်ပေးမည်ဆိုသော မမစိန်ကလည်း ကြာဖြူတို့တူဝရီး လာကြိုသည်ဆိုတာနှင့် စိတ်အေးသွားပုံရ၏။ လှည်းဆီပြန်လှည့်သွားသော ကြာဖြူကို ဟစ်ခေါ်ပြီး သူ့ဈေးခြင်းတောင်း လှည်းပေါ်တင်ခဲ့ဖို့ ကြာဖြူ့ခေါင်းပေါ် ပင့်ပေးလိုက်သည်။

"ကိုင်း မပုန်းရည် အပြန် ဟန်ကျသွားပြီ... ကိုယ့်ရွာလှည်းနဲ့ဆိုတော့ မမစိန်လည်း စိတ်ချပါပြီ... အေးအေးဆေးဆေးသာ ပြန်ခဲ့ကြတော့... ဝတ္တရားမကင်းတဲ့ ဖွတ်ကျားမင်းကတော့ ထမင်းချက်မီ ပြေးပြီဟေ့... ကိုင်း... သွားမနော"

စက်ဘီးကို တရှောင်းရှောင်း နင်းထွက်သွားသော မမစိန်ကို လှမ်းကြည့်ရင်း ရယ်လည်းရယ်ချင်၊ သနားလည်းသနားမိပါ၏။ ညနေရထားနှင့် လိုက်မည်ပြောပြီးမှ လှည်းကြုံရောက်လာလို့ဆိုတော့ ဆရာမတွေကလည်း အံ့သြကြသည်။ မပုန်းရည်က လက်ဖက်ရည်နှင့် ပဲလမုန့်နှစ်လုံး ဝယ်လာခဲ့သည်။

မပုန်းရည် လှည်းဆီကို လျှောက်လာတော့ ကိုကြာစွယ်ကလည်း ရှေ့ကို တိုးမောင်းလာသည်။ မပုန်းရည်က ပြုံးပြသော်လည်း ကိုကြာစွယ်က မျက်နှာကြီးအမ်းကာ ပြုံးသလိုလို မပြုံးသလိုလို။ မပုန်းရည် လှည်းပေါ်တက်တော့ ကော်ဇောကြီးတစ်ချပ် ခင်းထားတာ တွေ့ရသည်။ ကော်ဇောကြီးကလည်း အိလို့။ မပုန်းရည်က ဖိနပ်ကို လှည်းရုံတိုင်မှာ စွပ်လိုက်ပြီး လှည်းနောက်မြီးက တင်ပလ္လင်တက်လိုက်သည်။

"ကျေးဇူးတင်လိုက်တာ ကိုကြာစွယ်ရယ်... ကျွန်မက ရထားနဲ့တောင် ပြန်မလို့"

"မီးရထားနဲ့ပြန်လည်း ရတာပဲ... နတ်ရေကန်တော့ တန်းတန်းကြီး မရောက်ဘူးပေါ့ဗျာ... ဟ နွားရ... ရော်... ပြန်မှာပါဟ... ဘယ့်နာတုံး..."

မပုန်းရည်ကိုလည်း ပြော၊ နွားကိုလည်း ပြောရင်း မောင်းလာခဲ့သည်။ မပုန်းရည်ကတော့ မြို့ကနေ ရွာကို လှည်းကလေးစီးရင်း တူဝရီးနှစ်ယောက်ကြား အသာငြိမ်လိုက်လာခဲ့၏။ ကိုကြာစွယ်ကိုလည်း စကားတွေ ပြောချင်သေးသည်။ လူပုံ ရိုးသလောက် စကားအမြီးအမောက်မတည့်သော ကိုကြာစွယ်ကို စရ နောက်ရတာကို မပုန်းရည် ပျော်သည်။ ဟန်လုပ်စရာမလို၊ စကားလုံးရွေးစရာမလို၊ လွတ်လပ်ပေါ့ပါးလှပါ၏။

မပုန်းရည်က လှည်းရှေ့က ဓားမချပ်တိုင်မှာ စွပ်လာသော ရေခွက်ကို ကြာဖြူ့လှမ်းအဖြုတ်ခိုင်းပြီး လက်ဖက်ရည်ထည့်သည်။ ပြီးတော့ ကိုကြာစွယ်ကို လက်ဖက်ရည် သောက်ပါဦး၊ မုန့်စားပါဦး လှမ်းပေးလိုက်သည်။ ကိုကြာစွယ်က တစ်ချက်ငဲ့ကြည့်ပြီး ခေါင်းတခါခါနှင့် ငြင်းပါလေ၏။

"ကျုပ်တို့ အဲဒါမျိုးတွေ ဘယ့်နယ်မှကို မကြိုက်တာ"

"ဘာကိုမကြိုက်တာလဲ ကိုကြာစွယ်ရဲ့... လက်ဖက်ရည်ကိုလား မုန့်ကိုလား"

နနီရွှေရောင်စွက်တော့ နနီရွှေဖြစ်ကရော... သေရင်သေ မသေ ပြည်တန်ရောဗျား... ကျုပ်နွားတွေက နညိုသံရောင် အစစ်တွေရယ်... နညိုထန်းသီးတို့ နပြာနီကြောင်စွယ်တို့... နနီကွမ်းသွေးတို့နဲ့ မှားတတ်လို့ နွားသမားတောင် မျက်စိလည်တတ်တယ်..."

"နွားအဝယ်မှားရင် ခိုက်တတ်သလားရှင့်"

"နွားကြန်အင်လက္ခဏာတွေက ဆရာမတို့ ကျောင်းမှာ စာသင်တဲ့ ဘုတ်အုပ်တစ်အုပ်စာလောက်ရှိတယ်... အာဂမုတ်လို့... ဖွေလက္ခဏာ၊ သွားလက္ခဏာ၊ အရောင်လက္ခဏာ၊ အစက်အပြောက်လက္ခဏာ၊ ချိုလက္ခဏာ၊ မျက်စိလက္ခဏာ၊ အမြီးလက္ခဏာ၊ ဝသီလက္ခဏာ... ဘာဆိုးလိမ့်မတုံး"

ကိုကြာစွယ်က နဟိန်းနဟောက်(နွားဟိန်း နွားဟောက်) အကြောင်း၊ အစဟိန်း အစဟောက်(အစာဟိန်း အစာဟောက်) အကြောင်း၊ နွားဘီလူးအကြောင်းကအစ ခြသေ့်ထိုင်၊ နံတိုနံညှပ်၊ ဦးလှည့်အိပ်၊ သင်ဖြူးခင်း၊ မြပုခက်၊ လူကောင်တင် စသည်ဖြင့် မဆုံးနိုင်အောင် ကရားရေသွန် ပြောတော့သည်။ မပုန်းရည်က သြော်သြော်... အင်းအင်း လိုက်လေ ကိုကြာစွယ်က တွန်းပြောလေ။ ကြာဖြူကတော့ လှည်းပေါ်မှာ ငိုက်လျက်။ မပုန်းရည်မှာ ကိုယ့်စကားနှင့်ကိုယ် မလှုပ်သာတော့။ ဘေးဘီပတ်ဝန်းကျင်ကိုပင် ခံစားချင်လို့ မရတော့။ တခြားစကား ကူးလွှဲချင်လို့လည်း မတိုးသာတော့။ ကိုကြာစွယ့် နွားစကားတွေကိုသာ ပေပြီး နားထောင်နေရတော့သည်။

"နွားများ လျှာနီ၊ ခွာနီ၊ နှာနီလို့ကတော့ ဝယ်သာဝယ်တော့။ နီသုံးပါး ကောင်းတယ် ခေါ်တယ်။ သည်ကြားထဲကမှ ခေါင်းမော့၊ လပို့မော့၊ အမြီးမော့လို့ကတော့ လက်ခမောင်း ထခတ်တော့ဗျား... တစ်ခါတလေလည်း ကြန်ကောင်းပါလျက်ကနဲ့ နောက်ကုပ်ရင် သွားရော... နောက်ကုပ်တယ်ဆိုတာ သိသလား"

"ဘယ်သိပ့ါမလဲ ကိုကြာစွယ်ရဲ့..."

"တင်ပါးနိမ့်တာ... တချို့မိန်းမတွေက တင်ပါးနိမ့်တာ မတွေ့မိဘူးလား... မိန်းမနောက်ကုပ် ခေါ်တယ်... မကောင်းဘူး"

မပုန်းရည်က ရယ်တော့ ကိုကြာစွယ်က "ဟုတ်တာပြောတာဗျ" ဟု ဆိုလေသည်။

"နှုတ်ကြက်တူရွေး ချိုရှေ့ကွေး ဝေးဝေးရှောင်ပါလေ၊ တိမ်နံရင်လျှပ် တောက်တဲ့ကပ် တစ်သက်ရှောင်အပ်ပေ၊ ထိပ်လည်ကာနေ လည်ပင်းဖွေ ဝယ်လေမြဲမသွေ... တဲ့။ နွားများ တံပိုးကျည်းကျတဲ့နေရာ ဖွေရှိရင် ကောင်းပေ့ါ"

တံပိုးကျည်းကျရာ နွားကုပ်ဆီကို တံဖျာတုတ်နှင့် လှမ်းပြရင်းပြောနေလို့ မပုန်းရည် လိုက်ကြည့်ရပြန်သည်။ နတ်ရေကန်ရှာ လှမ်းမြင်နေရသည်အထိ စကားမပြတ်တော့။ မပုန်းရည်ပင် အင်းလိုက်ရတာ ညောင်းလှပြီ။ ကြာဖြူပင် တစ်ရေးနိုးလေ၏။ ထိုစဉ်မှာပင် ကားတစ်စီး ဝေါခနဲ ဖြတ်ကျော်သွားသည်။ ဖုန်တွေ လုံးလို့။ ကိုအင်ဂျင်နီယာ၏ကား။ မပုန်းရည်ကို မြင်ဟန်မတူ။ လှည်းတစ်စီးပေါ်မှာ သည်လို ပါလာလိမ့်မည် မထင်တာလည်း ပါပါလိမ့်မည်။ ကားအရှိန်ကြောင့် ကိုကြာစွယ့်နွားများပင် လန့်သွားကြသည်။ ကိုကြာစွယ်က နဖားကြိုးကို တုပ်ရင်း စုတ်သပ်သည်။

ဆိုလိုချင်တာလား။ မပုန်းရည် အတွက်တော့ အဘိုးလေး အသက်ရှည်နေသမျှ အဓိပ္ပာယ်ရှိနေပါ၏။ အဘိုးလေးကတော့ လယ်သမား ကိုင်းသမားပီပီ ကျန်းမာသန်စွမ်းနေဆဲပင်။

"ငါ့တူမ… အဝေးမှာနေရတာပေမယ့် အဘိုးလေး စိတ်ချတယ်… ငါ့သမီးက စိတ်ဓာတ်ကောင်းတာ အဘိုးလေး သိတာပေါ့… ရတနာသုံးပါးနဲ့တကွ ဆရာမိဘအရိပ်ဟာ အလွန်အေးမြတယ်၊ တန်ခိုးကြီးတယ်… မမေ့နဲ့ကွယ့်… ကိုယ်စာသင်ရတဲ့ရွာ၊ ကိုယ့်ကို ကျွေးမွေးစောင့်ရှောက်တဲ့ရွာတွေရဲ့ ကျေးဇူးကို ဦးထိပ်တင်ကွယ့်… ဘုန်းကြီးပါစေ… အသက်ရှည် အနာမဲ့ ဘာသာ သာသနာအကျိုး သယ်ပိုးနိုင်ပါစေ"

အဘိုးလေး၏ ဆုတောင်းကို မပုန်းရည် ကြည်ကြည်နူးနူး ခံယူသည်။ မပုန်းရည်ကိုယ်တိုင်က ဘဝနာခဲ့ရသူ၊ ကိုယ့်ဘဝကိုယ်သိသူဆိုတော့ ကိုယ်ရေးကိုယ်တာကိစ္စတွေကို သိမ်းသိမ်းဆည်းဆည်း ရှိခဲ့ပါ၏။ မြင့်မြင့်နှင့် ဝေးဝေးပျံရမည့် ငှက်တစ်ကောင်အဖို့ အတောင်တစ်ချောင်း အကျွတ်မခံရအောင် နေထိုင်ခဲ့သည်။ ရုပ်ချော ပညာတတ် ကျောင်းဆရာမကလေးဆိုတော့ ချူချင် ဆွတ်ချင်သူတွေဘေးက ဝေးအောင် အငိုက်မခံ အလှမ်းမခံ နေပြခဲ့သည်။

မပုန်းရည် ရန်ကုန်ကို ပြန်ကူးမည့်ရက်မှာတော့ အဘိုးလေးကိုယ်တိုင် ရန်ကုန်အိမ်ကို လိုက်ပို့ရှာပါ၏။ မပုန်းရည် ထိုင်ကန်တော့တာကို ခံယူရင်း ဆုတွေပေးနေခဲ့သည်။ အဘိုးလေးပြန်တော့ မပုန်းရည် ငိုရပြန်သည်။ အဘိုးလေးက စကားတစ်ခွန်းတော့ မှာခဲ့သည်။

"အဘိုးလေးနဲ့ မိဘများရဲ့ကျေးဇူးကို အောက်မေ့တယ်ဆိုရင် တောသူ တောင်သား ဆင်းရဲသားတွေရဲ့ကလေးတွေကို ပညာတတ်အောင် သင်ပေးကွယ်… ငါ့တူမ လူတစ်လုံး သူတစ်လုံးဖြစ်လာသလို သူတို့ကလေးတွေလည်း ဖြစ်ခွင့်ရကြပါစေ"

ရန်ကုန်နှင့် အဘိုးလေးတို့ရွာ မောင်းကုန်းမှာ နေခဲ့ရသည့်ရက်တွေက အကုန်မြန်လှသည်။ ကျောင်းပြန်ဖွင့်တော့မှာဆိုတော့ မပုန်းရည်လည်း မတ္တရာပြန်ဖို့ စီစဉ်ရတော့သည်။ လယ်တောရွာကလေးမှာ ကြီးပြင်းခဲ့ရသူက လယ်တောရွာကလေးကို တစ်ခေါက်ပြန်သွားရပြန်ဦးမှာပါလား။ မပုန်းရည်ကလည်း ပျော်ပါသည်။ ဒါကလည်း သူ့မဘဝ၏ ကုသိုလ်ထူးခြင်းတစ်မျိုးပင်။

မိုးတွေ သဲသဲမဲမဲရွာသော နေ့တစ်နေ့မှာပဲ မပုန်းရည် ပြန်လာခဲ့ရသည်။ မိုးငွေ့တွေ ဝေနေသောအရပ်မှ မြူငွေ့တွေဝေသော အညာကို တစ်ခေါက်ပြန်ခဲ့ရပြီ။ သည်လိုနှင့် မန္တလေးကိုရောက်တော့ ဘူတာရုံကိုပြေးကာ ရွာလှည်းကြိုဖို့ စာရေးပေးလိုက်ရသည်။ မပုန်းရည်ကိုယ်တိုင်က သူငယ်ချင်းဆရာမ မဝိုင်းချစ်၊ မကြင်ဝင်းတို့နှင့်အတူ မန္တလေးမှာ တစ်ညအိပ်ရပါ၏။ မန္တလေး-မတ္တရာ ရထားလမ်းဘေးက မြင်ကွင်းတွေကို ရထားပေါ်က မြင်ရတော့လည်း မောင်းကုန်းကို သတိရသား။ ပြီးတော့ အဖေနှင့် အမေ၊ အဘိုးလေးနှင့် အမေ 'မရွှေရည်' ကိုရောပေါ့လေ။

□

ဘာမစား ထွက်လာခဲ့ကြရာတာဆိုတော့ ခများများ ဆာရှာမှာပေါ့။ မပုန်းရည်ကိုယ်တိုင်လည်း ဘာမှ မစားခဲ့ရသေးတော့ ဝမ်းထဲ ဟာချင်ချင်။ ရန်ကုန်က ပါလာသည့်မုန့်တွေ ထုတ်ကျွေးမည်ကြံပြီးမှ ကိုကြာစွယ်က ကလမုန့်(ကုလားမုန့်) မကြိုက်ပေါင်ဗျာလို့ ပြောဖူးတာ သတိရလိုက်သည်။ တစ်ယောက်တည်း မုန့်ဖဲ့စားနေလို့လည်း မကောင်းနိုင်တော့ သည်အတိုင်း လိုက်ခဲ့ရတော့၏။

"သည်ကနေ့ မိုးကလေးအေးလို့ တော်ပါသေးရဲ့ ကိုကြာစွယ်ရယ်... နွားတွေလည်း ကျောမပူကြတော့ဘူးပေါ့... ရန်ကုန်မှာတော့ ရွာလိုက်တဲ့မိုး ရှင်... ရေအိုးသွန် ရေအိုးမှောက်ပဲ... အညာကျတော့လည်း မိုးမရွာပြန်ဘူး"

"ရန်ကုန်မှာ မိုးတအားရွာတယ်လို့ ကြားဖူးသားပဲ"

"ရန်ကုန်ကို သည်တစ်ခါပြန်ရင် လိုက်ခဲ့ပါလား... ရွှေတိဂုံဘုရား ဖူးရတာပေါ့"

"မလိုက်ချင်ပေါင်ဗျာ... ရွှေတိဂုံဘုရားတော့ ဖူးချင်ပါရဲ့"

"ဘာဖြစ်လို့လဲ ကိုကြာစွယ်ရဲ့... ရန်ကုန်မြို့ကြီးက သိပ်စည်ကားတာ... လူတကာ ရောက်ဖူးချင်တဲ့ဟာ..."

"မန်းလေးတောင် မဟာမုနိဘုရားကြီး ဖူးချင်လို့ တစ်ခေါက်လား ရောက်ဖူးရဲ့... ခေါင်းကို မူးကရောဗျ... ရန်ကုန်ဆိုရင်တော့ မိုးကြိုးပစ်တာထက် ဆိုးမှာ... ကျုပ်က လူများရင် မောတောကြပ်တပ်ကြီး ဖြစ်လာတာပဲ"

"ကျွန်မလည်း အဲသလိုပါပဲ ကိုကြာစွယ်ရယ်... ဒါကြောင့် တစ်ခါတလေ နတ်ရေကန် ကန်ဘေးက ပေါက်ပင်တွေအောက် တစ်ယောက်တည်း သွားထိုင်ချင်တဲ့စိတ် ဖြစ်မိတယ်"

မပုန်းရည် စကားရောက်တုန်း 'တောက်' လိုက်ခြင်းဖြစ်၏။ ကိုကြာစွယ်ဆီက တုံ့ပြန်ချက်မလာ။ နွားတွေကိုသာ နကန် လှမ်းတို့ရင်း အသံမထွက်ဘဲ ငြိမ်နေခဲ့သည်။ မပုန်းရည်ကလည်း ကိုကြာစွယ် စကားကျကို စောင့်နေလိုက်သည်။ ကိုကြာစွယ်ဆီက ရနေသော စံပယ်ဆီနံ့ကြောင့် မပုန်းရည် ခေါင်းတွေ အီနောက်နေပါ၏။ စံပယ်ဆီတွေ ဘယ်လောက်တောင် ဆွတ်လာသည်မသိ။ ချိုအီအီအနံ့ကို မပုန်းရည် မခံနိုင်။ ဘာပဲဖြစ်ဖြစ် သပ်သပ်ရပ်ရပ်တတ်၊ မွှေးမွှေးကြိုင်ကြိုင် ဆွတ်ဖျန်းလာဖော်ရတာ ဝမ်းသာရသေး၏။ မပုန်းရည်အပေါ် ရွာက အရိပ်တကြည့်ကြည့် ရှိရှာကြသလို ကိုကြာစွယ်တို့မိသားစုကလည်း တိုရေရှားရေမရှိ။ ကိုကြာစွယ်ကတော့ ပိုပိုကဲကဲ အရှိဆုံး။ မပုန်းရည်က မလှုပ်တော့ ကိုကြာစွယ်က လှုပ်လာခဲ့သည်။

"နတ်ရေကန်နား သွားမထိုင်နဲ့ ဆရာမ... သည်ရက်ထဲ ကျုပ်နားထဲမယ် နတ်ရေကန်က အော်သံတွေ ကြားနေရတယ်... နတ်ရေကန်အော်ရင် မကောင်းဘူး"

"ရွာထဲက လူတွေကော ကြားကြတာပေါ့ ဟုတ်လား... ကိုကြာစွယ်"

"လူတကာ ကြားမကြားတော့ မပြောတတ်ပေါင်ဗျာ... ကျုပ်ကတော့ ကြားရတာမှ သရဲသဘက်များ အော်နေတဲ့အတိုင်းပဲ"

လက်တိုဂျင်တို့အိမ်က ရွာ့အနောက်ဖျားဖျား ချောင်းနှုတ်ခမ်းမှာ။ လက်တိုဂျင့်အဖေ ကိုစံဝက ဘဲဆောင်း ခေါ်ကြသည့် ဘဲငယ်များအုပ်သည့် သံပရာခြမ်းပုံ ဝါးဆောင်းရက်သူဖြစ်၏။ ကိုစံဝ၏ ဘဲဆောင်းတွေကို ဘဲမွေးခြံတွေက လက်မလည်အောင် မှာရတာလို့ မောင်တက်လှက ပြောပြပါသည်။ မပုန်းရည်တို့ ရောက်သွားတော့လည်း ကိုစံဝက ဘဲဆောင်းတစ်လုံးကို ပက်လက်လှန်ထားကာ လူက အတွင်းထဲ ဝင်ထိုင်ရင်း ရက်နေချိန်ဖြစ်သည်။ ဆိုင်းဆရာ ပတ်ဝိုင်းထဲရောက်နေသလိုမျိုး။ မပုန်းရည်တို့ ဝင်လာတာတွေ့တော့ ဆောင်းနှုတ်ခမ်းကျော်ကာ ထွက်လာရင်း နေရာထိုင်ခင်း ပေးသည်။ သူကတော့ လက်နှစ်ဖက် နောက်ပစ်ရင်း မတ်တတ်ကြီးရပ်လို့။

"မောင်သက်ပြင်းကော..."

"လက်တိုဂျင်လား... သူ့အမေနဲ့ ဝါးထောင်အိမ် လိုက်သွားတယ် ဆရာမလေး... ဝါးက စိတ်တိုင်းကျ မရတော့ ကားလမ်းဘက်အထိ သွားကြတာ... ကြာဦးမှာဗျ"

ကားလမ်းမဘက်ဆိုတာက မန္တလေး-မတ္တရာကားလမ်းဘက်ကို ပြောခြင်းဖြစ်ပါ၏။ ရထားသံလမ်းဘက်ကနေ အရှေ့စူးစူးကို နှစ်မိုင်လောက် လျှောက်ရသည်။ ထီးတော်မိုး၊ လင်းမြွေချောင်း စသည့် ကားလမ်းဘေး ရွာတွေကလည်း ရွာကြီးတွေဖြစ်ပါ၏။

"မောင်သက်ပြင်း ကျောင်းမတက်လို့ လာပြောတာပါ ဦးစံဝရယ်... သည်နှစ်က စတုတ္ထတန်း အစိုးရစစ်ဆိုတော့ မိဘရော ကလေးရော ကျွန်မတို့ဆရာမတွေပါ တော်တော်အားစိုက်ကြရမယ့်နှစ်ပါရှင်... ကျောင်းကိုတော့ ရောက်အောင်ပို့ကြပါဦး"

ကိုစံဝက မတ်တတ်ကြီးရပ်နေရင်းက သူ့ပြောနေခြင်းမဟုတ်သလို သူရက်ထားပြီးသား ဆောင်း လေးငါးလုံးကို လှမ်းကြည့်နေသည်။ သူ့သား သက်ပြင်း(ခေါ်) လက်တိုဂျင်နှင့်သာဆိုင်သော ကျောင်းကိစ္စကို 'ဘဲဆောင်း' ရက်ရသူ သူ့ကို လာပြောနေတာကိုက သည်ဆရာမ မှားနေပြီဆိုသည့်မျက်နှာရိပ်လည်း ပါပါ၏။ ဘာဖြေရလို့ဖြေရမှန်း မသိတာလည်း ပါပုံရသည်။ မောင်တက်လှ ပြောပုံအရ သက်ပြင်းက ဝါးခွဲဝါးစိတ်၊ ဝါးချောဝါးသပ် အားကိုးရသည်ဟု ဆိုပါသည်။ သည်နှစ် လူကောင်ထွားလာတော့ ဖအေ့အလုပ်မှာ အထူးအားကိုးရသူကလေးဖြစ်လာပြီ။ သည်တော့ သက်ပြင်း ကျောင်းရောက်ဖို့ ခက်ရှာလိမ့်မည်။ တော်တော်ကြီးကြာတော့မှ ကိုစံဝ လှုပ်လာလေ၏။

"လက်တိုဂျင်က ဆောင်းတစ်လုံးလုံး မရက်နိုင်သေးပေမယ့် အစစအရာရာ လုပ်တတ်ကိုင်တတ်နေပါပြီ ဆရာမရယ်... ကျုပ်တို့မလဲ လယ်မရှိ ယာမရှိ ဒါနဲ့ စားနေကြရတာပါ... မအေက ဝါးသယ်၊ သက်ပြင်းက ခွဲစိတ်ပေး၊ ကျုပ်က ရက်ရတာဆိုတော့ သည်နှစ် မထားတော့ဘူးလားလို့ပဲ..."

ကျောင်းဆရာမက ကလေးကို ကျောင်းရောက်ဖို့ တရားဟောနေသကဲ့သို့ ဖခင်က ကလေးကို အိမ့်စီးပွားရေးမှာပဲ ခိုင်းချင်တော့သည်ဆိုသော လက်တွေ့ဘဝဖြင့် ပြန်တရားချနေသလို ဖြစ်နေတော့သည်။ ဒါကိုလည်း မပုန်းရည် စာနာပါ၏။ နားလည်းလည်ပါ၏။ ကိုစံဝ စကားကို လေးလေးနက်နက် နားထောင်သည်။ မိဘ၏ဆန္ဒကို အကျောက်အကန်မပြဘဲ နာခံသာအောင် ပြန်လည်ဆွေးနွေးသည်။ နောက်တော့လည်း ကျောင်းဆရာမက သူစာသင်ချင်တာနှင့်ပင် ကျောင်းသားလိုက်ရှာနေတာမျိုးအထိကို ကိုစံဝစကားတွေ ကျွံလာလေသည်။

မပုန်းရည် အဲသလိုတော့မလုပ်ပါ။ ကလေး ရက်ရှာမှာစိုး၍ဖြစ်သည်။ ချက်ပိန်က အတန်းဖော်ချင်းတော့ ညှာသည်။ ရေဖြည့်တော့လည်း သူ။ တံမြက်လှည်းတော့လည်း သူ။ ရွယ်တူချင်း ရန်ဖြစ်ကြတာ တွေ့လျှင်လည်း ရန်ဖြစ်သူ နှစ်ယောက်စလုံး ကုပ်ပိုးကို ဆွဲဖိထားတတ်သည်။ သူ့တော့ ကြောက်ကြသား။ တစ်ခါတစ်ခါ ချက်ပိန်က ဆုံးမနေလို့ မပုန်းရည်မှာ ငိုအားထက် ရယ်အားသန်ရသည်။ သနားလည်း သနားမိခဲ့ရသည်။

"ရန်မဖြစ်ကြနဲ့ကွာ... ရန်ဖြစ်တာ မကောင်းဘူး... လူဆိုးလူမိုက်တွေမှ ရန်ဖြစ်တာကွ... မင်းတို့က စာတော်တဲ့ကောင်တွေပဲ... ငါ စာမတော်တာတောင် ရန်မဖြစ်ဘူး"

ချက်ပိန်က ဉာဏ်ရည်နိမ့်တာ ထား။ ကိုယ်တိုင်ကလည်း စိတ်ပါပုံ မရှိ။ ကျောင်းကို ရောက်ရောက်လာတာကိုပဲ တစ်ခါတစ်ခါ ဝမ်းသာရသည်။ ကျောင်းကို ရောက်လာသလောက်တော့ ကျောင်းရည်ဝနိုင်သည်။ သင်သလောက်တော့ ခေါင်းထဲရောက်နိုင်သည်။ ကျောင်းစာအုပ်တွေ စစ်လိုက်လျှင် ဗလာစာအုပ် တစ်အုပ်တည်းကိုပင် ဘာသာစုံ ရေးချင်ရေးသည်။ မြို့နယ်က ရသည့် ဗလာစာအုပ်တွေထဲက အချို့ကို မပုန်းရည် ဝေပေးရတာမျိုးရှိသည်။ ဝေတော့လည်း ဝေတုန်းခဏပင်။ နောက်တော့လည်း စာအုပ်တွေ ဘယ်ရောက်ကုန်သည် မသိ။ ကြတော့ ချက်ပိန် လွယ်လာသည့် လွယ်အိတ်ကို မျက်နှာလွှဲရတော့သည်။

ဘာပဲဖြစ်ဖြစ် ဆင်းရဲသားတပည့်ကလေးကို ချစ်ရပါ၏။ အကောင်ကြီးပြီးဆိုသော်လည်း ကလေးတစ်ယောက်၏ ကိုယ်ရည် နှုတ်ရည်သာ ရှိသည်။ သဘောမနောကောင်းသည်။ အားကိုးရသည်။ မပုန်းရည်မှာ သည်လို တပည့်ကလေးတွေ များလှသည်။ သည်ဘက်ရက်ထဲ ရွာလှုပ်သွားရသော ခင်သိန်းရီ ရေနစ်သည့်ကိစ္စကို မပုန်းရည် မေးကြည့်သည်။ ချက်ပိန် ဘာကြားထားသလဲ။ ဘယ်လိုမြင်သလဲဆိုတာ သိချင်၍ ဖြစ်သည်။ ရိုးရာကိစ္စ နတ်ကိစ္စတွေ ပြောမှာပဲလား။ နတ်ရေကန်က လူစားတာ ဆရာမရဲ့လို့များ ပြောလေမလား။ ချက်ပိန် ဖြေလိုက်သည့်စကားကြောင့် မပုန်းရည်ပင် ကြက်သီးမွေးညင်း ထရပါ၏။

"သရဲ ကုပ်ချိုးတာ ဆရာမ"

"ဟယ်... မဟုတ်က ဟုတ်က... သရဲရယ်လို့ မရှိပါဘူးကွယ်... မင်း သရဲတွေ့ဖူးလို့လား"

"တွေ့ဖူးတယ် ဆရာမရဲ့... ကျွန်တော်တို့ သရက်တောထဲမှာ အခုထိ ရှိတယ်... ဦးဖိုးတုတ် ဆိုတဲ့လူကြီး သရက်သီးဆွတ်ရင်း ငုက်ဥ တက်နှိုက်တဲ့ မြွေက ကိုက်လို့ သေရော... အဲသည် ဦးဖိုးတုတ်က ညဘက်ဆိုရင် သရက်ကိုင်းပေါ် ထိုင်ပြီး ဆေးလိပ်သောက်နေတာ ကျွန်တော်မြင်ရတယ်"

"အို... ဟုတ်ရဲ့လားဟယ်... ဘယ်နခါတွေ့တာလဲ"

"ကြည့်လိုက်ရင် ရှိနေတာပဲ ဆရာမရဲ့... ကျွန်တော်တို့ဖြင့် ရိုးနေပေါ့"

ဟုတ်လေသလား၊ မဟုတ်လေသလား မသိ။ ပြောချင်ရာပြောနေတာလည်း ဖြစ်နိုင်သည်။ လူက တော်တော်ရယ်မဟုတ်လား။

တောပွင့် တောပန်းကလေးတွေဆိုတော့ ခူးချင် ပန်ချင်စရာ ကောင်းချင်မှ ကောင်းမည်။ ရနံ့မွှေးချင်မှ မွှေးမည်။ သို့သော် ပန်းဆိုသည့် ဂုဏ်ရည်ကိုတော့ ပိုင်ဆိုင်ကြသည်သာ။ တပည့်ကလေးတွေလည်း သည်လိုပါပဲ။ ဆင်းရဲသော်လည်း ရိုးသားဖြူစင်ကြပါ၏။ သည်ကလေးတွေနှင့် မပုန်းရည် စခန်းသွားရဦးမှာပါလား... ။

□

မဖီးကွက်ကတော့ တကယ့်ဖီးကွက်တစ်ကောင်နှင့်ပင် တူပါသည်။ မျက်နှာဝိုင်းဝိုင်း၊ မျက်ခုံးထူထူ ကွေးကွေးနှင့်ဖြစ်၏။ မျက်ခုံးတွေအောက်က မျက်လုံးနှစ်လုံးကလည်း ပြူးပြူးကလေးတွေ။ ရင်မီးအင်္ကျီကလေး အမြဲဝတ်ထားတတ်ပြီး ရင်မီးအင်္ကျီလက်ကိုင်းတစ်ဖက်ကလည်း အမြဲတမ်း လျှောကျနေလေ့ရှိ၏။ ကျောင်းစိမ်းထဘီတော့ ဝတ်သည်။ ထိုင်ချင်ရာထိုင်၊ ပေချင်ရာပေဆိုတော့ ထဘီကလေးကလည်း အကွက်မလည်ချင်တော့ပြီ။

ဖီးကွက်တို့က ရွာလယ်မှာနေကြသည်။ ဖီးကွက်အမေက ဟင်းထုပ်သည်။ ကြားစက ဟင်းထုပ်သည်ဆိုတာ ဘာမှန်းမသိ။ ခေါင်းရွက်ဈေးသည်ဖြစ်၍ တစ်ခါချက် တစ်နပ်ချက် အစိတ်သား၊ ငါးဆယ်သားအထုပ်ကလေးတွေ အင်ဖက်နှင့်ထုပ်ပြီး ရောင်းကြသူမို့ ဟင်းထုပ်သည် ခေါ်ခြင်းဖြစ်၏။ အသားဆိုတော့လည်း ကြက်သားထုပ်၊ ဆိတ်သားထုပ်၊ ဝက်သားထုပ်၊ အမဲသားထုပ်၊ ငါးထုပ်။ ဟင်းသီးဟင်းရွက်ဆိုတော့လည်း မျှစ်ထုပ်၊ ပဲထုပ်၊ ငရုတ်သီးထုပ်၊ ခရမ်းချဉ်သီးထုပ် စသည်ဖြင့် တစ်ခါတည်း ထုပ်ကာ အသင့်ဝယ်ချက်နိုင်အောင် စီစဉ်ထားတာမျိုးဖြစ်သည်။ ရွာထွက်ကုန် တခြားကို ရောက်သလို၊ တခြားကုန်ကလည်း ရွာကို ရောက်သည်။

ညနေဘက် မပုန်းရည်ရောက်သွားတော့ ဖီးကွက်အမေ မလုံးက ဟင်းထုပ်နေသည်။ အမဲသားတွေ ကြိတ်လှီးလိုက်၊ ချိုင်ခွင်,မလိုက်၊ နည်းနည်းသာသွားတော့ ပြန်နုတ်လိုက်။ လိုတော့ အမဲသားစ တစ်စထည့်လိုက်။ အလေးချိန်ပြည့်ပြီဆိုတော့ အင်ဖက်ထဲထည့်ပြီး ဘေးနှစ်ဖက်ထပ်၊ ထိပ်က လိပ်သွင်းလိုက်သည်။ နီးနှင့် တုတ်သည်။ မလုံးက ဟင်းထုပ်လက်စဆိုတော့ မပုန်းရည်မှာ အလုပ်ပြီးအောင် စောင့်နေပါ၏။ မလုံးက လက်ထဆေးပြီး ထဘီနှင့်သုတ်သည်။ နေရာထိုင်ခင်းပေးသည်။ သမီးကိုလည်း လှမ်းအော်လိုက်သေးသည်။

"ဖီးကွက်... ငရုတ်သီးစိမ်းထုပ်စမ်း သမီး... ငါးကျပ်သားစီထုပ်... နည်းနည်းလျှော့ထုပ်... ဓာတ်ခဲက ငါးကျပ်သားမကဘူး... ဆရာမဖို့ ဘာပေးလိုက်ရပ့ါ..."

"နေပါစေ မလုံးရယ်... မယူပါရစေနဲ့... သည်အချိန်ဆိုတော့ မချက်လည်း မချက်တော့လို့ပါ... လာရတာ အားနာပါရဲ့ရှင်... မနက်ဘက်ကျတော့ မလုံးတို့က မရှိ... နေ့လယ်ကျတော့ ကျွန်မက မအား..."

"ရပါတယ် ဆရာမရဲ့... ဖီးကွက် ကျောင်းမလာလို့ လိုက်လာတာလား..."

"ဟုတ်ပါရဲ့ရှင်... သည်နှစ်တော့ ကျွတ်အောင်ထားစေချင်လို့ပါ... ကလေးက လေးတန်းရောက်နေပြီဆိုတော့ နမြောလို့... ဖီးကွက်က စာလည်း တော်လို့ပါ"

ဖီးကွက်က စာတော်တာတော့ အမှန်ပင်။ ပေပေတူးတူး နေတတ်သော်လည်း စာအုပ်ကလေးတွေက သပ်သပ်ရပ်ရပ်။ လက်ရေးကလေးတွေက ဘော်ကြယ်ပွင့်ကလေးတွေ စီထိုးထားကြသလို စီစီရီရီ။ ဉာဏ်ရည်လည်း

ကောင်းသည်။ မျက်လုံးကလေး ပြူးကာ ပြူးကာ ဘာမဆို စူးစူးစမ်းစမ်း ရှိသူကလေးပင်။ မပုန်းရည် ရောက်စက တော်တော်လေး ကျောင်းမှန်နေရာက သည်နှစ်ကျမှ ကျောင်းပျက်ချင်လာခဲ့သည်။ လုံးလုံးမလာတာတော့လည်း မဟုတ်။ ကျောင်းကို ရောက်လာတော့လည်း စာကြိုးစားသည်။ ရောက်မလာတော့လည်း သုံးလေးရက် ပျောက်ပြန်လေ၏။ ဇီးကွက်ကို မပုန်းရည် နမြောသည်။ ဆရာမတစ်ယောက်၏ အတွေ့အကြုံခေါ်မလား၊ ဗီဇစိတ်ခေါ်မလား ကလေးကို မြင်ရုံနှင့် အခြေပါ မပါ သိသည်။ ဇီးကွက်က အခြေပါရုံမက ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သူမှန်း သိသာသည်။ မလုံးက ဟင်းထုပ်တွေ ရွာထဲ လှည့်ရဦးမှာဆိုတော့ မပုန်းရည် လိုရင်းကို ခပ်သုတ်သုတ်ပြောရပါ၏။ မလုံးက အကျိုးအကြောင်းကို ကြိုသိထားပုံရသည်။ ဘယ်သူဘယ်ဝါအိမ်တော့ ဆရာမ ဒေါ်ပုန်းရည် ကလေးလိုက်ကောက်နေသတဲ့ဆိုတာလည်း အိမ်ပေါက်စေ့ ရောက်ရသော ဈေးသည်ပီပီ ကြားထားပုံပေါ်၏။ မပုန်းရည် ပြောနေတာကို နားထောင်သည်။ ပြီးမှ သူ့အခက်အခဲကို ပြောပြသည်။ မလုံးပြောပြတော့လည်း ငြင်းရက်စရာမရှိ။

"ဆရာမရေ... ဇီးကွက်ဖအေက သူ့မိဘများရွာ ပြန်ပို့ထားရတယ်... ကိုယ်တစ်ခြမ်းလေးနေလို့... သူတို့ရွာက ဗမာဆရာနဲ့သွားပြတယ်... ကျွန်မကလည်း လွှတ်ရတယ်... လက်ခွဲက မရှိ၊ ဝင်ငွေက မရှိတော့ ဆေးဖိုး ကျုပ်ရှာမယ်... ဆေးသာ တော် သွားကုတော့ဆိုပြီး လွှတ်ရတာရယ်... ဇီးကွက်ကို ကျောင်းလွှတ်ပြန်တော့ တစ်ယောက်တည်း ဖတ်သီလိုက်လို့... ချက်ရပြုတ်ရတော့လည်း ယောင်းမ ယူခဲ့စမ်း၊ ဆားနိုက်ခဲ့စမ်းကအစ ခိုင်းရတယ်... ဈေးရောင်းထွက်တော့လည်း သူနိုင်တာ ခိုင်းရပြန်ရော... ခုတော့ ဈေးတောင်းသေးသေး တစ်ရွက်စာနဲ့ မအေလိုက်ကူနေရပြီ... မခိုင်းချင်ပါဘူး ဆရာမရယ်... သူ့အစ်ကိုကလည်း ဇီးကွက်ကို ကျောင်းလွှတ်ပါ ပြောပါရဲ့... မဖြစ်လွန်းလို့သာပါ... ရတာလေး စုပြီး ဖအေ့ဆီ ပို့ရပြန်တယ်... ဈေးတစ်တောင်း သမီးကခွဲရွက်တော့ ကုန်လည်း ပါတယ်... ကျွန်မလည်း သက်သာတာပေါ့... သူ့ဖအေ နေကောင်းရင် ကျောင်းလွှတ်ပေးမှာပါ ဆရာမရယ်... စိတ်ချပါ"

ဈေးတောင်း ခေါင်းရွက်ရသည့် တပည့်မကို လှမ်းကြည့်တော့ ရေတတ်သီးစိမ်းတွေ ဆုပ်ကာ ဆုပ်ကာ ချိန်ခွင်ထဲထည့်၊ တစ်ဖက်က ဓာတ်ခဲထည့်ချိန်၊ နည်းနည်းစီ လျှော့၊ တကယ့်ဈေးသည်မကြီးနှင့်မခြား ကျင်လည်လှသည်။

မပုန်းရည် သက်ပြင်းကလေးချကာ အသာပြန်ခဲ့ရသည်။ ကိုယ့်ဝေဒနာတွေနှင့်ကိုယ်။ စေတနာ မနည်းကြသော်လည်း ဝေဒနာကို မကျော်လွှားနိုင်ကြတာပဲ ရှိပါ၏။ သူကကော ဘာထူးသလဲ။ ကလေးတွေအပေါ် စေတနာထားခဲ့သည်။ ကျောင်းကို ရောက်စေချင်သည်။ စာတွေ တတ်စေချင်သည်။ သည်ကလေးတွေဆီက ဘာမှ ရရန်မရှိ။ ရရန်လည်း မမျှော်ကိုးခဲ့။ မျှော်လည်း မျှော်ကိုးကောင်းသည် မဟုတ်ပါ။ ဆရာကို အာစရိယဂိုဏ်းအဖြစ် သတ်မှတ်ထားသော လူ့အဖွဲ့အစည်းတွင် အမြင့်ဆုံးနေရာကို ပေးထားခြင်းဖြစ်သည်ဟု မပုန်းရည် ခံယူသည်။ အာစရိယဆရာတို့၏ ဂုဏ်ကျေးဇူးသည် ရေတွက်ခြင်းငှာ၊ ချင့်တွက်ခြင်းငှာ မစွမ်းသာအောင် ကြီးမားပါသည်ဟု ဘုရားရှိခိုးတိုင်း ပါနေရခြင်းသည်ပင် ကုသိုလ်ကြီးခြင်းမဟုတ်ပါလား။

မာတာပီတုဂုဏော အနန္တော၊ အာစရိယဂုဏော အနန္တောဟု မိဘနှင့် တစ်ဂိုဏ်းတည်းထားခြင်းခံရသူ ဆရာ ဆရာမများအဖို့ တပည့်ဆီက ဆံခြည်တစ်မျှင် နမ်းတစ်စေ့ မျှော်လင့်အပ်သည်မဟုတ်။ အလိုလောဘကြီးသော၊ ခွဲခြားဆက်ဆံသော၊ မောက်မာရိုင်းပျသော၊ သာစေ နာစေစိတ်ရှိသော၊ စာနာညှာတာစိတ် ကင်းသော ဆရာ ဆရာမတွေ မရှိမဟုတ်။ ရှိနိုင်ပါ၏။ မပုန်းရည်ကိုယ်တိုင် ဘဝမှာလည်း သည်လိုဆရာ ဆရာမများနှင့် မတွေ့ခဲ့ရ။ အဆင်းရဲ အပင်ပန်းခံကာ ဆရာဆိုသော ဂုဏ်သိက္ခာကို အခြား ဘာနှင့်မှမလဲခဲ့ကြသော ကျေးဇူးရှင်များနှင့်သာ

သတင်းက လှည်းရှေ့ကို ကျော်ကာ ရွာကို ရောက်နေခဲ့ပြီ။ သတင်းကြားနှင့်ပင် ရွာကပျော်ကြလှပြီ။ နို့မို့ တခြားရွာတွေအထိ သွားကြည့်ကြရတာမဟုတ်လား။

မည်သို့ပင်ဖြစ်စေ ရွာမှာဖြစ်နေသည့် သတင်းနှစ်ပုဒ်စလုံးမှာ မပုန်းရည်နှင့် ပတ်သက်နေတာကို စဉ်းစားမိတော့ ပြုံးမိရပါ၏။ ညဘက် ကျောင်းဖွင့်ပြီး စာသင်ပေးမည်ဆိုသည့် စိတ်ကူးတော့ ရုပ်လုံးပေါ်စပြုပါပြီ။ ဘယ်နယောက်လာကြလို့ ဘယ်နယောက် သင်ကြလေမလဲဆိုတာတော့ မသေချာ။ မပုန်းရည်၏ စိတ်ကူးကြောင့် ကိုကြာစွယ်တို့ခမျာ ငွေကုန်ကြေးကျ များလှတာကိုတော့ အားနာလှပါ၏။ မပုန်းရည်၏ အစီအစဉ်ထဲမှာ တီဗွီမပါပါ။ မတ္တရာရောက်မှ ပေါ်လာသည့်စိတ်ကူးလား၊ နဂိုက မိသားစု အစီအစဉ်ပဲလားဆိုတာတော့ မပုန်းရည် မသိ။ ဘက်ထရီအိုးကြီးတွေရော၊ တီဗွီရောဆိုတော့ အကုန်အကျတော့ များလောက်ပါ၏။ ဘက်ထရီနှင့် တွဲဖွင့်တာဆိုတော့ အဖြူအမည်းတီဗွီဖြစ်လိမ့်မည်။ ဘာပဲဖြစ်ဖြစ် ရွာက ကြည့်ရတာပေါ့။

မပုန်းရည် ကျောင်းက ခပ်စောစောပြန်ခဲ့သည်။

□

ကိုကြာရိုးတို့အိမ်အောက်မှာ ယောက်ျားသန်သန် လေးငါးယောက်က မြေကြီးတွေ ထမ်းထမ်းဖို့နေကြသည်။ ညှိသူကညှိ၊ သံဒင်နှင့် ဆောင့်သူက ဆောင့်။ ကိုကြာရိုးအိမ်မှာ မပုန်းရည် နေကတည်းက အိမ်အောက်ထပ်မှာ ဘာမှမရှိ။ တုံးတို တုံးစများ၊ ဝါးထရံဟောင်းများ၊ ရေပုံးပလတ်စတစ်ပုံးဟောင်းများ၊ ဖျာစုတ်များနှင့် ထွန်ကျိုး ထယ်ကျိုးအချို့သာ ရှိသည်။ ရွာက အားသူက အားသလို ဝိုင်းလိုက်ကြတော့ ကိုကြာရိုးအိမ်အောက်ထပ် တစ်ထပ်လုံး သမံတလင်း ခင်းလိုက်သလို ညီညာပြန့်ပြူးနေလေပြီ။ ပစ္စည်းဟောင်းတွေ ဘယ်ရောက်ကုန်ကြပြီမသိ။ ရှင်းလို့။

"မြေက မညီဘူးဆရာမ... . တောအိမ်ဆိုတော့ ပြင်ပြင်ဆင်ဆင် ဘယ်ရှိပါ့မလဲ... ဒါနဲ့ မြေတွေ ရွှက်ထည့်ပြီး ဒင်နဲ့ဆောင့်ပစ်လိုက်ရတယ်... အခုတော့ ဘိလိယက်ထိုးလို့တောင် ရသဗျား... . ကိုင်း..."

လေးပန်းဆီကိုယ်တိုင် ခါးတောင်းတကျိုက်ကျိုက်။ မကေးနှင့် မပုစွန်တို့ကို မတွေ့ရသော်လည်း ရွာက မိန်းမသား သုံးလေးယောက်ကပါ ဝိုင်းကူနေကြသည်။ မပုန်းရည်က ကျေးဇူးတင်ကြောင်းပြောရသည်။

"လေးပန်းဆီတို့ကိုရော၊ အစ်မတို့ကိုရော ကျေးဇူးတင်ပါ့ရှင်... ကျွန်မဖြင့် က,တောင်က,ချင်လာပြီ"

မပုန်းရည်၏ ဟာသကို အမျိုးသမီးတွေက သဘောကျသွားကြသည်။ လေးပန်းဆီက ယောက်ျားကြီးတွေကို ကလေးတွေ ဝင်လာမည့်လမ်းဘက်ကိုပါ မြေဖို့ခိုင်းသည်။ အကျႌမပါကြဘဲ ကျောပြောင်ကြီးတွေနှင့် လုပ်ကိုင်နေကြသဖြင့် တစ်ကိုယ်လုံး ချွေးလုံးသံလုံး ရွှဲနစ်နေကြရှာပါ၏။ လေးပန်းဆီက ပုဆိုးခါးပုံစဖြင့် မျက်နှာငုံ့သုတ်ရင်း ရောက်လာသည်။ မျက်နှာကြီးကလည်း ရဲလို့။ သူကိုယ်တိုင် လုပ်ကိုင်နေပုံရသည်။

"နက်ဖျင် ရက်ရာဇာကျလို့ ဆရာမရေ... ဆရာမ သင်နိုင် မသင်နိုင်တော့ မေးမနေတော့ဘူး... စာသင်ဝင်ချင်တဲ့နေ့ ဝင်ရော့... ကျုပ်တို့က ကြို့လုပ်နှင့်ကြတာ... အိမ်ရှင် ကြာရိုးတို့တောင် မသိကြဘူး... သူတို့လည်း မရှိကြဘူး... ကြာစွယ်တော့ ခဏလာသွားသေးတယ်"

မေတ္တာဝေမျှတာ ပိုထိရောက်ပါတယ်... စုန်းမရယ်လို့ မောက်မာဖို့ နေနေသာသာရှင် ခမျာ လူတောမတိုးရဲရှာပါဘူး... လူက ဆင်းရဲရတဲ့ကြား စိတ်ပါ ဆင်းရဲနေရှာပါတယ်... လူတစ်ယောက်အနေနဲ့ နှစ်နာရှာလွန်းပါရဲ့..."

မပုန်းရည်စကားက ထိသွားပုံရပါ၏။ မျက်နှာကလေးတွေ ညှိုးသွားကြသည်။ တာဝန်မဲ့ခဲ့ကြပါပကော ဆိုသည့် ခံစားမှုကိုလည်း သူတို့မျက်နှာပေါ်မှာ မြင်နေရသည်။ အကြီးဆုံးဖြစ်ဟန်တူသော မညွန့်တင်က ရင်ထဲက စကားကို ပြောရှာပါသည်။

"ကျုပ်တို့လည်း နားကြားနဲ့ ကြောက်နေတာပါ ဆရာမရယ်... မပတ်သက်တော့ ဘာမှမဖြစ်ဘူးဆိုတာမျိုး နေရင်း နေရင်းက ဝေးနေကြတာမျိုးပါ... ဆရာမသတ္တိကို အားကျပါရဲ့"

"သတ္တိမဟုတ်ပါဘူး မညွန့်တင်ရယ်... စာနာစိတ်ပါ... နူးညံ့တဲ့စိတ်ကလည်း ခွန်အားရှိပါတယ်... ကိုင်း... ကျွန်မလည်း ရေပြန်ချိုးလိုက်ပါရစေဦး... ."

မပုန်းရည်နှင့်အတူ သည်မိန်းမသားတွေလည်း ပြန်ကြပါ၏။ လေးပန်းဆီတို့အဖွဲ့တွေလည်း မရှိကြတော့။ ပစ္စည်းပြန်ယူကြတာ ဖြစ်မည်။ မပုန်းရည် အိမ်ပေါ်တက်ကာနီး ဘိုးကြီး ဘွားကြီးတို့ကို နှုတ်ဆက်သည်။ ဘိုးကြီးရော ဘွားကြီးပါ အပြင်ထွက်ခဲ့ကြသည်။ ဆောင်းတွင်း နေစာလှုံတာမျိုးလောက်ကလွဲလျှင် အိမ်ထဲမှာပဲ ငုတ်တုတ် နေကြသူတွေပင်။ ရေနွေးအိုး ချိုးတက်၊ ပန်းကန်လုံး ချိုးတက်အောင် သောက်ကြရင်း အေးအေးလူလူ ရှိတတ်ကြသည်။

"ဆရာမလေး နောက်ကျပါပကော.. ရေချိုးရင် မြန်မြန်ချိုး... နေဝင်မိုးချုပ် ဖျားတတ်တယ်"

"ဟုတ်ကဲ့ ဘွားကြီး"

မပုန်းရည် အိမ်ပေါ်ရောက်တော့ ကိုကြာစွယ် ရှိနေတတ်သည့် အိမ်ကုပ်ကို လှမ်းကြည့်သည်။ မရှိ။ မပုန်းရည် သည်အိမ်ကြီးပေါ်ရောက်ကတည်းက ကိုကြာစွယ် အိမ်မှာကပ်သည် မရှိ။ မပုန်းရည် ကျောင်းသွားချိန်တော့ ရှိကောင်းရှိပါလိမ့်မည်။ တမင်ရှောင်နေတာမှန်း မပုန်းရည် နားလည်ပါ၏။

မပုန်းရည် ရေချိုးဖို့ ပြင်ရသည်။

□

ကိုကြာရိုး အိမ်အောက်ထပ် ညကျောင်းကလေးက မီးရောင်တွေ မြိုင်လှပါသည်။ ကိုကြာစွယ် ဝယ်လာသော ဘက်ထရီနှစ်လုံးမှာ တစ်လုံးက တီဗွီအတွက် ဖြစ်၍ ကျန်တစ်လုံးက လေးပေမီးချောင်းတစ်ချောင်းနှင့် နှစ်ပေမီးချောင်း တစ်ချောင်းသာ ထွန်းသဖြင့် အလင်းအားကောင်းခြင်းဖြစ်၏။ မပုန်းရည်က စားပွဲဟောင်းနှစ်လုံးကို ထိပ်ဆိုင်ဆက်ပြီး ရသေ့ကျောင်းခေါ်ကြသည့် တန်းလျားနှစ်လုံးဆက် တစ်ဖက်တစ်ချက် ချထားစေသည်။ လိုရမယ်ရ စားပွဲခုံဝိုင်းကလေး နှစ်လုံးလည်း ရှာထားရသည်။ ညကျောင်းကလေး ဖွင့်မည်ဆိုတော့ ကျောင်းမှန်ကြသူတွေကလည်း လာတက်ချင်ကြသည်ဆိုလို့ မပုန်းရည် စီစဉ်ရခြင်းဖြစ်သည်။ အဓိကကတော့ နေ့ဘက်ကျောင်းမတက်နိုင်ကြသော လေးတန်းကျောင်းသား ကျောင်းသူများအတွက် ဖွင့်ရခြင်းဖြစ်ရာ၊

သည်လိုကြားရပြန်တော့လည်း မပုန်းရည် မျက်နှာပူရသည်။ ကိုကြာစွယ်က သူ့အိမ်မှာတော့ သူဗိုလ်ပါပဲလား။

ကိုကြာစွယ်တို့က လယ်တွေ ချောင်းတွေ များလှသည်။ တစ်နှစ် တစ်နှစ် စပါးတွေကလည်း ရလှပါ၏။ ကိုကြာစွယ်တို့ ဘယ်လောက်ချမ်းသာမှန်း မသိရသော်လည်း သည်အိမ်ကြီးပေါ် ရောက်လာပြီဆိုကတည်း တချို့ကိစ္စတွေကို မပုန်းရည် မြင်ရ ကြားရတာတွေ ရှိသည်။ ပိုက်ဆံတွေရလို့ ဘဏ်မှာ အပ်တာမျိုးလည်း ရှိကြတာမဟုတ်တော့ သည်အိမ်မှာပဲ ထည့်ထည့်သိုသို ထားကြသည်။ ပေးစရာရှိတာ ပေးကြသည်။ လှူစရာရှိတာ လှူကြသည်။ ရွာရပ်အတွက် ဘာတဲ့ဟဲ့ ဆိုပြန်တော့လည်း လက်နှေးကြသူတွေ မဟုတ်ပြန်။ သည်အိမ်ပေါ်ရောက်ကတည်းက မပုန်းရည် ဘာမှ ချက်စားစရာမလိုတော့။ မနက်စောစောစာကလည်း ထမင်းပူပူ ဟင်းပူပူပင်။ အကြော်ကလေး ပဲပြုတ်ကလေးနှင့် စားချင်တော့လည်းဖြစ်သည်။ ငါးပိရည်ကျို ကြိုက်လှသော မပုန်းရည်အတွက် ဆည်တော်ချောင်းထွက် ငါးပိရည်ကျိုက ထမင်းမြိန်လှသည်ကော။

နေ့လယ်မှာ ဘုန်းကြီးက ကျွေးသည်ဆိုလို့သာ။ မဟုတ်လျှင်လည်း ဘိုးကြီး ဘွားကြီးတို့က ကျွေးကြမည်သာ။ ညစာကျတော့လည်း ဇန်းကြီးတစ်ချပ်ထဲ စီစီရီရီထည့်ကာ အိမ်အပေါ်ထပ်ကို ပို့ပေးကြရှာသည်။ အထူးသဖြင့် ကိုကြာစွယ့်လက်ရာဟင်းတွေက အတော်ကောင်းပါ၏။

မပုန်းရည်သိသလောက် မတ္တရာမြို့နယ်အတွင်း ရွာအသီးသီးမှာ တာဝန်ကျသော ဆရာ၊ ဆရာမတွေ ရွာနေရွာထိုင်တွေ များလာပါသည်။ တချို့ရွာတွေက ဆရာ၊ ဆရာမတွေအတွက် စားရေးနေရေး တာဝန်ယူကြသည်။ တချို့ရွာတွေကတော့ တာဝန်ယူကြတာမျိုး မရှိ။ မရှိလို့လည်း အပြစ်မပြောသာပါ။ အစိုးရဝန်ထမ်းများပီပီ ကိုယ့်ကိစ္စကိုယ် ဖြေရှင်းကြရတာ ဆန်းလှသည်မဟုတ်။ တချို့ဆရာမတွေဆိုလျှင် ရွာထဲမှာ အိမ်ငှားနေကြရတာပင် ရှိသည်။ မတ္တရာမြို့တွင် လစာထုတ်သွားရသည့် အခါတိုင်း ဆရာ၊ ဆရာမတို့၏ ဝေဒနာအမျိုးမျိုးကို မပုန်းရည် ကြားရလေတိုင်း နတ်ရေကန်ရွာ၏ ကျေးဇူးကို အမြဲတမ်းအောက်မေ့ရပါ၏။ အနီးလည်း မွေး၊ အဝေးလည်း ကြိုင်သည့် ရွာကလေး။ မပုန်းရည်က သူနေရထိုင်ရသည့် ဘဝအခြေအနေကို ပြောပြတော့ အံ့သြကြသည်။ ဆရာမ ကံကောင်းလိုက်တာလို့ ဆိုကြသည်ချည်းပင်။

ဘာပဲပြောပြော မပုန်းရည်၏ ညကျောင်းကလေး အောင်မြင်ပါသည်။ မပုန်းရည်ကလည်း ရွာက ကြည့်ကောင်းရုံ၊ ရွာက အထင်ကြီးရုံ၊ ရွာက အမြင်လှရုံသက်သက် ထလုပ်ခဲ့တာမဟုတ်။ တကယ့် မေတ္တာ စေတနာနှင့် စိတ်ရောကိုယ်ပါ နှစ်ထားခဲ့သည်။ အိမ်ကြီးအောက်ထပ်ဆီက လူသံတွေ တဝေါဝေါကြားနေရသည်။ မပုန်းရည်က ညကျောင်းကလေးပြပြီး သည်ဘက်အိမ် ပြန်ကူးလာခဲ့ကာ အိပ်ရာပေါ် ခဏလှဲနေခဲ့သည်။ ခဏနေတော့ ကြာဖြူလေ့ကားအတိုင်း ပြေးတက်လာကာ "ဆရာမ ဇာတ်ကားလာနေပြီ" လို့ လာခေါ်သည်။ မပုန်းရည် ကြည့်ချင်သည်ဖြစ်စေ၊ မကြည့်ချင်သည်ဖြစ်စေ အောက်ကိုတော့ ခဏဆင်းရဦးမည်။ သွားတိုက်ရမည်။ ရွာကလူတွေရှေ့ မျက်နှာပြဖို့ထက် ကိုကြာစွယ့်ကို မျက်နှာပြဖို့က ရှိသေးတာမဟုတ်လား။ မကြာခင်က ဆရာမ ကြည့်စေချင်လို့ ကြာစွယ်က ဝယ်တာပါဟု ဆိုခဲ့ပြီမဟုတ်လား။

တီဗွီကြည့်ကြသူတွေ ကြားမှာတော့ ကိုကြာစွယ် ရှိနေမှာမဟုတ်တာ မပုန်းရည် သိပါ၏။ သူ့ကို ရွာက စကြလေတော့ တတ်နိုင်သမျှ မပုန်းရည်နှင့် ဝေးဝေးနေပြတာကလည်း သူ့အကျင့်ပင်။ တစ်နေရာရာ မှောင်ရိပ်က မပုန်းရည်ကို ကြည့်နေမှာကတော့ သေချာသည်။ ဒါကိုတော့ မပုန်းရည် သိပါ၏။

□

မနက်က အစောစာကို ဘိုးကြီးတို့အိမ်က ကောက်ညှင်းပေါင်းနှင့် အကြော်စားခဲ့တော့ နေ့လယ်စာကို မဆာချင်သလိုလို ရှိနေခဲ့သည်။ ဘုန်းကြီးကျောင်းကို မသွားလို့တော့ မဖြစ်ပါ။ ဆရာတော်ကြီးက မပုန်းရည် မလာလျှင် မောင်ကျောင်းသားကို လွှတ်ခေါ်ခိုင်းလိမ့်မည်။ တစ်ခါက မပုန်းရည် ထမင်းစားချိန် ဘုန်းကြီးကျောင်းကို မရောက်ဘဲ ကျောင်းမှာပဲ နေလိုက်ဖူးသည်။ မပုန်းရည် မသွားလျှင်လည်း သည်လိုပဲ ပြီးမှာပဲလို့ ထင်ခဲ့သည်။ တအောင့်လောက်နေတော့ ကျောင်းသားလိုက်လာသည်။ ဆရာတော်ကြီးက မေးခိုင်းလိုက်လို့ပါဆိုတော့မှ မပုန်းရည် စိတ်မကောင်းဖြစ်ခဲ့ရသည်။ မောင်ကျောင်းသားနှင့်ပင် ထီးတစ်လက် ဆောင်းကာ ဘုန်းကြီးကျောင်းကို ပြန်လိုက်ရတော့သည်။ ဆရာတော်ကြီးက လေ့ကားဦးမှာရပ်ရင်း ကျောင်းဆရာမ မလာလို့ လွှတ်လိုက်ရတယ်ဟု မိန့်သည်။

"ကျောင်းမှာပဲ နေလိုက်မလားလို့ တွေးမိလို့ပါဘုရား... တပည့်တော်..."

"ဘုန်းကြီးကျောင်းထမင်း ငြီးလို့လား ကျောင်းဆရာမ"

"မဟုတ်ရပါဘုရား... တပည့်တော်..."

မပုန်းရည် ဘယ်လိုစကားဆက်ရမှန်းမသိ။ မဆာလို့ မလာတာပါဘုရားဆိုလျှင် ရိုင်းရာကျတော့မည်။ ဆာတော့မှ လာမလို့ပါဘုရားဆိုတော့လည်း ဘုန်းကြီးကျောင်းကို ကြိုက်သလို အိုးလုန်ခွက်လုန် လုပ်နိုင်သလို အဓိပ္ပာယ်ရောက်ကရော့မည်။ နေမကောင်းလို့ပါဘုရားလို့ လျှောက်ပြန်တော့ လိမ်လည်ရာကျတော့မည်။ ကျောင်းထမင်းကျောင်းဟင်း ငြီးလို့လားဆိုတာကိုလည်း စိတ်မကောင်းဖြစ်ရပါ၏။ ဆရာတော်ကြီးများ အဲသလိုများ တွေးမိရော့သလား။ သည်ကတည်းက မပုန်းရည် မပျော်ရဲတော့။ မဆာလည်း ရောက်အောင်လာရသည်။ ဆာတော့လည်း ရောက်အောင်လာရသည်။ မောင်ကျောင်းသားက ဆရာတော် ဆွမ်းဘုဉ်းပေးပြီးသည်နှင့် ကောင်းကောင်းသန့်သန့်ဖယ်ကာ မပုန်းရည်ကို ပြင်ဆင်ပေးရတာဆိုတော့ မပုန်းရည် ရောက်မလာမချင်း မောင်ကျောင်းသားလည်း မလွတ်လပ်တော့ပြီ။

"ဘုန်းကြီးတို့လည်း တစ်ခါတလေ မစားချင်ဘူး... တစ်ထပ်ဆွမ်းဆိုတော့ ဥတုသပ္ပာယ, အာဟာရသပ္ပာယ, ကာယသပ္ပာယဖြစ်အောင် စားရတယ်... ဆွမ်းလှူသူများ အကျိုးများစေခြင်းငှာ စားရတယ်... ကျုပ်ကျောင်းမှာ ပိုတာကို ကျောင်းဆရာမစားတာ ရွာက သိကြသားပဲ... ဝမ်းသာကြတယ်"

"တင်ပါ့ဘုရား"

ထိုနေ့လယ်က မပုန်းရည် မဆာပေသိ မသွားမဖြစ် သွားကာ တစ်လုတ်တစ်ဆုပ် စားမှတော်ရော့မည်ဟု တွေးမိပြန်သဖြင့် ထီးဆွဲကာ ထွက်လာခဲ့သည်။ နေက ခေါင်းပေါ်တည့်တည့် အပူရှိန်တွေ လောင်းသွန်ချသလို ပူလှသည်။ စာသင်ကျောင်းနှင့် ဘုန်းကြီးကျောင်းက မဝေးသဖြင့်သာ တော်တော့သည်။ ကျောင်းအပေါက်ဝမှာ မကြေးမျှင်...။ အထုပ်ကလေးတစ်ထုပ် ကိုင်လို့။ ဘဲဥတွေမှန်း သိသာပါ၏။ ကနေ့တော့ မကြေးမျှင် ရေမိုးချိုးထားသည်။ အင်္ကျီဟောင်း ထဘီဟောင်းကို ဖြူဖြူစင်စင် ဖွပ်လျှော်ကာ ဝတ်ထားရှာသည်။ ဆံပင်တွေက နောက်လှန်ဖြီးထားသဖြင့် နဖူးက ပြောင်ရှင်းနေသည်။ ပါးပေါ်က သနပ်ခါးကတော့ မပုန်းရည် ပထမဆုံးအကြိမ် တွေ့ဖူးခြင်းဖြစ်၏။

(၁၂)

'တန်ဆောင်ငယ်မာသ၊ ဆယ့်နှစ်လတွင်၊ ချမ်းမြအေးယင်၊ ဖြိုးစွာခွင်သို့၊ ရက်ငင်ပြောင်းခွာ၊ ခဝဲညှာလဲ၊ ခိုင်လွှာဝတ်မှုန်၊ ရန့်သာထုံတော့တယ်... '

မြင်လေရာရာမှာ ဆောင်းအရောင် ဆောင်းရနံ့ ဝေ့ဝေ့ကလေး ရောက်လာလေပြီ။ လယ်ကွင်းတွေ ပတ်ပတ်လည်က ရွာဆိုတော့ စပါးစိမ်းတောကြီးကို တော်တော်ကြီး ကျော်နင်းလာပါမှ ရွာကို ရောက်နိုင်ပါလိမ့်မည်။ စပါးတွေ ဖုံးကြပြီ။ ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်း။ စပါးသီးတွေထဲမှာ နို့ရည်ဝတ်ဆံ တည်စဆိုတော့ အပင်နှင့် အနံ့ လှချင်တိုင်းလှနေတော့သည်။ တောင်သူတွေ လယ်သမားတွေဆိုတော့ ကိုယ့်စပါးခင်းကိုယ် ကြည့်ရတာကပဲ အရသာရှိကြရော့သလား မသိ။ မပုန်းရည် ငယ်ငယ် မောင်းကုန်းရွာမှာလည်း လယ်သမားတွေ ကိုယ့်စပါးခင်းကိုယ် ငေးကြတာကိုမြင်ဖူးသည်။ ဒါကိုပဲ လယ် 'ခန့်'သည် ခေါ်ကြပါ၏။ 'ခန့်'သည်ဆိုတာက စပါးနံ့တည်ပုံ၊ သန့်စွမ်းပုံ၊ ယိမ်းပုံနွဲ့ပုံကို ကြည့်ကာ စပါးထွက် ခန့်မှန်းကြခြင်းကို ဆိုလိုခြင်းဖြစ်သည်။

"သည်နှစ် ကျုပ်တို့ နတ်ရေကန်လယ်တွေ ကောင်းတယ်ဆရာမရဲ့... ခါတိုင်း ရေမရောက်တဲ့ ကုန်းလယ်တွေတောင် သည်နှစ် အောင်တယ်... စပါးဈေးတော့ မပြောတတ်ဘူးပေါ့ဗျာ... စပါးကတော့ ရမှာပဲ"

ရွာက လယ်သမားများနှင့်တွေ့ရတိုင်း မပုန်းရည်ကို အားရဝမ်းသာ ပြောတတ်ကြသည့်စကားပင်။ မပုန်းရည်ကလည်း ဝမ်းသာရပါသည်။ တောင်သူလယ်သမားတွေ ဘယ်လောက်ပင်ပန်းကြသလဲဆိုတာ မပုန်းရည်ဘဝနှင့်ရင်းကာ သိထားသူ ဖြစ်သည်။ စပါးတောထဲမှာ ကြီးပြင်းခဲ့ရသည်။ စပါးတောထဲမှာ ကစားခဲ့ရသည်။ အောက်လယ်တွေဆိုတော့ ရေနက်ကွင်းတွေရှိသည်။ ဆင်ပေါက်ကယ် ဆယ်ကောင် ဝင်တာတောင် သုံးထွာက ကျူးသည့် စပါးပင်တွေ။ အဘိုးလေး၏ လယ်တွေက အဝေးကွင်းတွေမှာလည်းရှိတော့ တချို့သော ကျောင်းပိတ်ရက်တွေမှာ အဝေးလယ်တွေဆီ မပုန်းရည် ရောက်ရတာရှိသည်။ သည်လို တန်ဆောင်မုန်းလဆိုလျှင် အဘိုးလေးက ပုဆိုးကို တင်ပါးအထိ မြှောက်ကိုင်ရင်း သူ့လယ်တွေကိုသူ ငေးနေတတ်ပါ၏။ အဘိုးလေး လယ်'ခန့်'လျှင် လွဲခဲပါသည်။ လျော့ တစ်တောင်း နှစ်တောင်း၊ ပို တစ်တောင်း နှစ်တောင်း။

တက္ကသိုလ်တုန်းကတော့ ရွှေဘို ကောက်စိုက်တေးတွေ သင်ခဲ့ရသည်။ အဘိုးလေးအိမ်မှာတော့ လယ်ထွန်ရာတွင် ရွတ်ရသည့် စာကဗျာတွေ ကြားခဲ့ရသည်။ စပါးတောထဲမှာ ကြီးပြင်းခဲ့ရသူဆိုတော့ မပုန်းရည် အမှတ်အသားရှိခဲ့ပါ၏။ ရင်နှင့် ခံစားခဲ့ရပါ၏။

"***ထွန်သွားဆယ်ချောင်း၊ ထွန်သန်ကောင်းလျက်၊ ဘုန်းကျက်သရေ၊ တိုးတက်ပေအံ့၊ တစ်တွေအမှန်၊ ငါးချောင်းထွန်က၊ ဖန်ဖန်စီးပွား၊ ဥစ္စာများအံ့၊ တခြားအမှန်၊ သုံးချောင်းထွန်က၊ စားသောက်ဝ၏။ ထို့ပြင်မှလည်း တစ်ချောင်းဇကန်၊ ထယ်ဖြည့်ထွန်မူ၊ သင့်လှဟူ၏*** တဲ့...။ တို့လယ်များ မိုးတော်ရေတော်များ မှန်လို့ကတော့ ထွန်တစ်ချောင်းစိုက်နဲ့တောင် ထမင်းဝတယ်"

အဘိုးလေးပြောဖူးသည့်စကားပင်။ ထမင်းကတော့ ဝတာမှန်ပါရဲ့။ အဘိုးလေးကတော့ ပိုပြီးအဆင်ပြေလာတာမရှိ။ တစ်နှစ်တစ်နှစ် အရွယ်ကျလာလေ ပင်ပန်းတာက ပိုသေးသည်။ မပုန်းရည် သဘောကျတာက တန်ဆောင်မုန်းလ ဝင်ပြီဆိုသည်နှင့် စပါးရွက်တွေပေါ်မှာ နှင်းကလေးတွေ သီးနေကြခြင်းဖြစ်၏။ မနက်ခင်း နှင်းဆွတ်ထားသော

ကိုကြာစွယ်ကလည်း အဟုတ်သားပါလား။ ကနေ့ည ဗီဒီယိုဇာတ်ကားတစ်ကားတော့ ကြည့်ကိုကြည့်မှ ဖြစ်တော့မည်။ ဗီဒီယိုစက်လည်း ရောက်ပြီ။ ထိုင်ဖို့ နေရာလည်း ခင်းထားပြီးပြီ။ ကျောင်းဆရာမဇာတ်ထုပ်လည်း ပြမည်ဆိုကာမှ ထပြန်လို့ မကောင်းနိုင်တော့။ ဒါကို မကြာဥက ကြိုသတင်းပေးရင်း အသိပေးခြင်းဖြစ်၏။ ထမင်းစားပြီးတော့ မကြာဥ ကျန်ရစ်ခဲ့သည်။ သိမ်းစရာ ဆည်းစရာ သိမ်းဆည်းပြီး တအောင့်နေမှ ကျောင်းဘက် လိုက်ခဲ့မည်ဆို၏။

ကြာဖြူနှင့် မပုန်းရည်တို့ ကျောင်းဘက်လျှောက်ခဲ့ကြသည်။ ကျောင်းရှေ့ကွင်းကြီးထဲမှာ မီးစက်မီးထွန်းထားသဖြင့် လင်းလှပါ၏။ ဘုရားသုံးဆူးအနီးက သိမ်ဇရပ်ကြီးထဲမှာ ပဒေသာပင်တွေ၊ စားရေးတံမဲ ပြက္ခဒိန်တွေဖြင့် ဝေဆာနေသည်။ ဘုရားကျောင်းဆောင်ရှေ့တွင်ရှိ စားပွဲရှည်ကြီးနှစ်လုံးမှာ ပန်း၊ ဆီမီး၊ ရေချမ်း၊ ဆွမ်းတော်ပွဲတွေ ကပ်လှူထားသည်။ ဘေးနှစ်ဖက်မှာတော့ သာသနာပွဲနှင့် ရှာတော်ရှင် ငှက်ပျောပွဲနှစ်ပွဲ။ ပဒေသာပင်တွေက လေးငါးပင်ရှိနေကာ ရှာဘုံ အလှူညတ်မကြီးမှာ လှူဖွယ်တွေ သီးသီးထနေသည်။ မပုန်းရည်က အလှူရှင်စာရင်းနှင့် အလှူငွေ ကပ်လှူထားသော ပြက္ခဒိန်တွေကို လိုက်ကြည့်သည်။ အလှူငွေစက္ကူတွေကို ဒေါင်းကွက်၊ ပန်းကွက် ဖော်ထားကာ အလှဆင်ထားတာကလည်း ဆန်းသား။ ကြာဖြူက လှမ်းအော်သည်။

"ဆရာမ... သည်မှာရယ်..."

မပုန်းရည် ကြာဖြူကြည့်နေသည့် ပြက္ခဒိန်ဘက်ကို လျှောက်လာခဲ့သည်။ ရုပ်ရှင်မင်းသမီး မေသန်းနု ကျောင်းစိမ်းဝတ်စုံ ဝတ်ထားသည့် ပြက္ခဒိန်။ ကြိမ်ခြင်းကလေးကို လက်တစ်ဖက်က ကိုင်ရင်း မချိတရိ့ကလေး ရပ်နေပုံဖြစ်သည်။ မျက်နှာကလေးက ပြုံးလို့။ မပုန်းရည်က မေသန်းနု၏ ကျက်သရေရှိသော အလှကို သဘောကျသည်။ မျက်နှာကလေး အမြဲရှင်းနေကာ အပြုံးကလည်း နှလုံးသားက လာသော အပြုံးဖြစ်မှန်း သိသာလို့ဖြစ်သည်။

"ဆရာမ ဒေါ်ပုန်းရည် အလှူငွေ ၅၀၀ ကျပ်"

အလှူငွေ ၅၀၀ ကျပ်။ တကယ်တော့ မပုန်းရည် အလှူငွေ မထည့်ဝင်ရသေးပါ။ အလှူငွေ ငါးရာ ထည့်ဝင်လှူဖို့လည်း ရည်စူးထားခဲ့သည်။ အခုက မပုန်းရည် ထည့်လှူချင်သည့် ငွေပမာဏကိုပင် သိနေတာပါလား။ ဒါလည်း ကိုကြာစွယ့်လက်ရာပဲ ဖြစ်ပါလိမ့်မည်။ ဘာပဲဖြစ်ဖြစ် ကိုကြာစွယ် လှူပေးထားတာကိုပဲ ကျေးဇူးတင်ရသေးသည်။

"ညည်းလေးလေးက ပိုက်ဆံစိုက်ထားတာလား..."

"မသိဘူး ဆရာမ... ရေးတာတော့ လက်ရေးလှတဲ့သူ ရေးထားတာပဲ"

ကျောင်းဆရာပြက္ခဒိန်၊ ကျောင်းဆရာမ ပါသည့် ဇာတ်ထုပ်။ သူ့စိတ်ကူးထဲ တွေးမိသလောက် စီစဉ်ထားခြင်းကပင် မပုန်းရည်ကို လေးစားချစ်ခင်စိတ်ရှိတာ ပြနေတာမဟုတ်လား။ ကိုကြာစွယ် တွေ့မှ စရဦးမည်။ မီးချောင်းတွေ ထွန်းထားသဖြင့် ပဒေသာပင်နှင့် လှူဖွယ်တွေ လာကြည့်ကြသည့် ရွာသူရွာသားတွေ များသည်ထက် များလာသည်။ လေးပန်းဆီတို့ကတော့ မီးချောင်းတစ်ချောင်းအောက်မှာထိုင်ရင်း နောက်တိုးအလှူရှင်စာရင်းတွေ ရေးနေကြပုံ ပေါ်သည်။ အသံချဲ့စက်ကို ကျော်ကာ စကားပြောနေရသဖြင့် မပုန်းရည်က သွားမနှုတ်ဆက်တော့။ တီဗွီပြမည့် နေရာက တစ်နေရာ။ မကြာဥ ပြောသလိုပင် တီဗွီကတော့ ကြီးသည်။ နယ်လှည့်အငှားပြသည့် စက်ကို

မနက်ကပင် အခြားရွာတချို့မှ ဆရာမတွေက ရွာမှာ သူတို့ နေရထိုင်ရသည့် ဘဝတွေကို ပြောပြခဲ့ကြသည်။ တချို့ရွာက ဆရာ၊ ဆရာမတွေများခမျာ ကိုယ့်ထမင်းကိုယ် ကျောင်းကပြန်မှ ချက်စားကြရသည်။ ဈေးရယ် ဘာရယ်မရှိတော့ နေ့စဉ် ချက်စရာကလည်း ပါးရှားလှသည်ဆို၏။ ဟိုဝိုင်း သည်ဝိုင်းထဲက ဟင်းသီးဟင်းရွက်ကိုပင် တစ်ခက်နှစ်ခက် မပေးရက်သူတွေလည်း ရှိသည်ဆို၏။ တချို့ကတော့လည်း နေတတ်သလို နေကြခြင်းဖြစ်၍ ထွေးထွေးရောရောမရှိသဖြင့် အနေစိမ်းကြရသလို ဖြစ်ကြရသည်။ တချို့ဆရာမတွေဆိုလျှင် ရွာထဲမှာ အိမ်ငှားတောင် နေကြရသည်ဆိုပါကော။ မပုန်းရည်ကိုတော့ ကံကောင်းလှသူအဖြစ် အားကျကြသည်။

"ကျွန်မကလည်း ရွာကောင်းလို့ပါ ဆရာမရယ်... ရွာက အရိပ်တကြည့်ကြည့်ရှိကြပါတယ်... တစ်ခုတော့ရှိတယ်... ကျွန်မ ရောက်စတုန်းက ကျောင်းမှာ ကျောင်းသားရယ်လို့ ပြချင်လို့ များများမရှိဘူး... ကျွန်မက အိမ်ပေါက်စေ့ သွားရပ်တယ်... မိဘတွေနဲ့ စကားပြောတယ်... ဆင်းရဲချမ်းသာမရွေး ကျွန်မ တန်းတူဆက်ဆံတယ်... ရွှာသာရေးနာရေး တတ်နိုင်သမျှ ပါဝင်တယ်... ရွာက ကျွန်မစေတနာ သိကြတော့ နေစရာရော စားစရာရော မပူရပါဘူး"

ကံသည် အကျိုးမဲ့စွာ ပျောက်မသွားနိုင်ဟု မပုန်းရည် ယုံကြည်သည်။ ငယ်စဉ်တောင်ကျေးကတည်းက သည်စကားတွေကို အဘိုးလေး အမြဲတမ်းပြောပြတာလည်း ပါပါလိမ့်မည်။ အဘိုးလေး ပြောနေကျစကားတွေကို မပုန်းရည် အလွတ်ရသည်။

"စေတနာ လှုံ့ဆော်လို့ ဆည်းပူးအားထုတ် ပြုလုပ်တဲ့ကံဟာ... အခုဘဝ၊ နောက်ဘဝ အဆက်ဆက်သော ဘဝတွေမှာပါ ခံစားရတယ်... အဲဒါကို ယုံရမယ်... စေတနာဆိုတဲ့ ကံကြောင့် ကုသိုလ်ဖြစ်ရသလို၊ အဲသည်ကုသိုလ်ကပဲ ပြန်စောင့်ရှောက်နိုင်တယ်... ကောင်းတဲ့ကံကို ပြုရင် ကံကောင်းတယ်... ကောင်းတဲ့စေတနာကို ပြုရင် စေတနာကောင်း ပြန်ရတယ်"

အခုလည်း မပုန်းရည် သည်လိုပဲ အကျိုးပေးသည်ဟု ယုံကြည်သည်။ တစ်ခါတလေတော့လည်း အိမ်နှင့်ကျောင်း၊ ကျောင်းနှင့်အိမ် ကူးနေရတာနှင့်ပင် ဘဝတွေ ပြီးရတော့မှာလားလို့ တွေးမိပါ၏။ သည်ရွာကလေးမှာနေ၊ ကလေးတွေ စာသင်၊ ရွာကကျွေးတာ စား၊ ဒါ ပြီးရောလားလို့ အတွေးဝင်တတ်သည်။ သည်လိုတွေးမိတော့လည်း မဖြစ်ချင်တာတွေ ဖြစ်နေလို့ စိတ်ဆင်းရဲနေရတာထက် ဖြစ်ချင်တာတွေ ဖြစ်နေရလို့ စိတ်ချမ်းသာနေတာ ပိုကောင်းသားပဲလို့ မပုန်းရည် ဖြေတွေး တွေးရပါ၏။

"အဆိပ်ရောထားတဲ့ ဖျော်ရည်ဟာ သောက်နေတုန်းတော့ ကောင်းပါရဲ့ သောက်ပြီးတာနဲ့ အကျိုးယုတ်တယ်... ဆေးဝါးအဖြစ် သောက်ရတဲ့ နွားကျင်ငယ်ရေကျတော့ သောက်ရတုန်း မကောင်းပေမယ့် သောက်ပြီးတဲ့အခါ အနာရောဂါ စင်တယ်... စတုမဓုကျတော့ မှီဝဲနေတုန်းလည်း ကောင်းသလို မှီဝဲပြီးတော့လည်း ကောင်းတယ်... ဒါကြောင့် သည်ဘဝလည်း ချမ်းသာ... တမလွန်လည်း ချမ်းသာတဲ့ ကောင်းတဲ့ဆောက်တည်မှုကို ပြုရတယ်... ဒါ အဘိုးလေးရဲ့ စကားမဟုတ်ဘူး... ဘုရားရှင်ရဲ့စကားကွယ့်... အမြဲနှလုံးသွင်းရမယ်"

သည်ရွာကလေးမှာ မပုန်းရည် ရောက်ကတည်းက ဘေးမရှိခဲ့။ ကြောင့်ကြစရာမရှိခဲ့။ ရွာသူရွာသားတို့ အမြင်တွင် တချို့အကြောင်းအရာများတွင် နားမလည်နိုင်သလို ရှိကြမည် ဖြစ်သော်လည်း ပညာတတ် ကျောင်းဆရာမ တစ်ယောက်၏ ခံစားချက်ကို နားလည်ပေးကြတာလည်း ရှိသည်။ ဆိုပါစို့...။ မကြေးမျှင်ကို စုန်းလို့ ယိုးစွပ်ထားကြသူတွေ များသော်လည်း မပုန်းရည်က လက်မခံတာကို အပြစ်မတင်ကြတာမျိုး။ ရွာကတော့ "ဆရာမ

မပုန်းရည်တစ်ယောက် လက်ဖက်နဲ့ မဲဇလီ မကွဲသေးလို့ပါအေ” ဆိုတာမျိုး ထင်ကြတာလည်း သိပါ၏။ မပုန်းရည် သည်နေရာမှာတော့ ခေါင်းမာသည်ပဲဆိုဆို မကြေးမျှင်ဘက်က ရဲရဲရပ်တည်ခဲ့သည်။

မနက်ကပဲ ကြည့်လေ...။ ဘဲတဲစုက လူတွေအပေါ် ညှော့ခံမိန်းမသား မရှိသလောက် နည်းလေတော့ မပုန်းရည်ကိုယ်တိုင် ဝင်ပြီး ထမင်းဟင်းလိုက်ခဲ့ရသည်။ မပုန်းရည် စိတ်မကောင်းသော်လည်း မူကို မပြင်ခဲ့။ ရိုးသားဖြောင့်မတ်သော အနိမ်ခံတို့၏ဘဝကို မပုန်းရည် နလုံးသားနှင့် ရင်းခဲ့ရသည်လေ။

မပုန်းရည် ဘုန်းကြီးကျောင်းကအပြန် ခဏနားရင်းက အတွေးတွေ အမျှင်တန်းနေမိခြင်းဖြစ်ပါ၏။ ခဏနေတော့ ရေမိုးချိုး၊ ဖြီးလိမ်းပြီး အောက်ထပ်ကို ထမင်းဆင်းစားသည်။ ဘိုးကြီး ဘွားကြီးတို့က ပျော်ရဲ့လားမေးသည်။ စည်ရဲ့လား မေးသည်။ မပုန်းရည်ကလည်း ပျော်ပါကြောင်း၊ စည်ပါကြောင်း ဖြေရသည်။ မပုန်းရည်က ကိုကြာစွယ့်လက်ရာ ကောင်းလှကြောင်း၊ အင်ဂျင်နီယာတွေကပင် ချီးမွမ်းကြကြောင်းပြောတော့ ဘိုးကြီး ဘွားကြီးတို့ကလည်း ဝမ်းသာရှာကြသည်။ အိမ်အပြင်မှာ လူတွေ တရုန်းရုန်းရှိသော်လည်း ဘိုးကြီး ဘွားကြီးတို့အနားမှာ မပုန်းရည်သာ ရှိသည်။ မြေးတွေပင် မရှိကြ။ ဘွားကြီးက မပုန်းရည်ကို ကိုကြာစွယ့်အကြောင်း ပြောပြပါ၏။ ကိုကြာစွယ့်ကိုယ်ဝန် လွယ်စဉ်က အိပ်မက်။

“ကြာစွယ်က မွေးခဲ့တဲ့အထဲမှာ အငယ်ဆုံး... ဆရာမနယ် ကျုပ်တို့ကလည်း ပြောပါရစေတော့ မရှိသေ့စကား... နောက်ထပ် ကလေးမပေါ်ပေါက်တော့ဘူးလို့ထင်တုန်း ကိုယ်ဝန်ရတယ်... ကြာစွယ် မွေးခါနီး ဖွားခါနီး ကျုပ် အိပ်မက်မက်တယ်... နတ်ရေကန်ကြီးထဲမှာ ကျုပ်က လှေနဲ့ ကြာပန်းတွေ လိုက်ခူးနေသတဲ့... လှေက သိပ်မကြီးဘူး... လှော်တာကလည်း ကျုပ်ပဲ... . ကန်စပ်မှာ ကြာတွေရှိပေမယ့် ကန်စပ်နဲ့ဝေးဝေးက ကြာအုပ်ကို ကျုပ်က ခူးချင်နေတာ... စိတ်ထဲဖြစ်နေတာပြောတယ်..ဒါနဲ့ လှော်သွားတော့ လှေပေါ်ပါလာတဲ့ ကျုပ်အင်္ကျီ လုံးထားတာက ရေထဲ ကျသွားရောတဲ့... အိပ်မက်ထဲမှာ ကျုပ်က ရင်ရှားနဲ့... အင်္ကျီနဲ့ ချွေးခံ ချွတ်ပြီး ကျုပ်ဝတ်ထားတဲ့ ရွှေထည်ကလေးတွေ စုလုံးပြီး လှေပေါ်တင်ထားတာ... အိပ်မက်က စင်းစင်းကြီး... အခုထိလည်း ကျုပ်မျက်စိထဲ မြင်တုန်း”

“ပြောပါဦး ဘွားကြီး”

“အင်္ကျီနဲ့လုံးထားတဲ့ ရွှေတွေတော့ ပါချေရဲ့ဆိုပြီး ကျုပ်က လှော်တက်ပစ်ချပြီး ရေထဲ ဆတ်ခနဲ လှမ်းဆွဲတာ... အင်္ကျီပါမလာဘဲ ဘာပါလာသလဲဆိုတော့... အဟွပ်... အဟွပ်... အဟွပ်... အဟွပ်...”

ဘွားကြီးခမျာ ချောင်းခြောက်တွေ ဆက်တိုက်ဆိုးနေလို့ မပုန်းရည်က ကျောဖိပေးရသည်။ ဘိုးကြီးကတော့ ကောင်းသည်လည်း မပြော၊ ဆိုးသည်လည်း မဆို။ လက်ဖက်အစ်ထဲက လက်ဖက်တစ်ဖတ် ရေနွေးပန်းကန်ထဲ ထည့်သောက်နေလေ၏။

“ဘာပါလဲဆိုတော့... အဟွပ်... အဟွပ်...”

ဘွားကြီးက ချွဲတွေကို အနားက ထွေးခံထဲ ထွေးသည်။ ရေနွေးတစ်ခွက်သောက်ပြီး မောသွားသလို အသာငြိမ်နေပြန်သည်။ မောနေရှာသူကို ပြောစမ်းပါဦး ဘွားကြီးရဲ့လို့ ပြောဖို့ခက်တော့ မပုန်းရည်လည်း

မပုန်းရည်က ကိုကြာစွယ့်ကို မြင်ယောင်နေမိသည်။ မျက်နှာပြားပြားကြီးနှင့် နတ်ရေကန်အနီးမှာ သွားသွားထိုင်တတ်သူ။ အရက်အကြောက် ကြီးသူ။ ရွာကို ရောက်လာသည့် မြို့သူ ပညာတတ် ကျောင်းဆရာမ မပုန်းရည်ကို ချစ်ခင်လေးစားရှာသူ။ တစ်ခါတစ်ခါ ဉာဏ်ရည်မှ မီရဲ့လားလို့ မပုန်းရည် တွေးမိသည်။ စာမတတ်သော်လည်း တောအလုပ်တော့ ကျားစီးဖားစီး ရှိပြန်သည်။ တစ်ခါက နတ်ရေကန်က အော်သံ ကျုပ်ကြားတယ်လို့ပြောပြီး မကြာခင်မှာ ခင်သိန်းရီ ရေနစ်တာကို မပုန်းရည် သတိရသည်။ သူ ဘာလဲ၊ သူ ဘယ်ကလဲ၊ သူ ဘယ်ကို ရောက်နေတာလဲ၊ ဒါကိုတော့ မပုန်းရည် ဉာဏ်မမီပါ။ ဘွားကြီးကလည်း မအေတစ်ယောက်အနေဖြင့် ပုံကြီးချဲ့စရာမရှိ။ သည်စကားတွေကို မကြာဥကပင် မပြောဖူးခဲ့။ သူစိမ်းဖြစ်သည့် မကေးတို့၊ မပုစွန်တို့ဆီကလည်း စကားထွက်လာတာ မရှိ။

"ကိုကြာစွယ် မွေးတော့ ဘာထူးခြားတုံး ဘွားကြီး"

"အဲသလိုတော့ မထူးခြားပါဘူး..နတ်ရေကန်ဘက် သွားချင်တယ်... ကြာပန်းခူးချင်တယ်... ကြီးလာတော့လည်း သူသွားချင်တဲ့အခါ သွားတာပဲ... မသွားချင်တော့လည်း မေ့တောင်နေတယ်... မခက်ဘူးလား... စာသင်ပါဆိုပြီး ဘုန်းကြီးကျောင်းထားတယ်... စိတ်ကိုမပါလို့ မတတ်ခဲ့ဘူး... .သူ့အစ်ကို နှစ်ယောက်တုန်းကတော့ သင်ပုန်းကြီး ကုန်ခဲ့ပါရဲ့... မိကြာဥ စာမတတ်တာကတော့ မိန်းကလေးကိုး ဆရာမရဲ့... ကြာစွယ်ကတော့ စာကို မသင်ချင်တာ... သူမသင်ချင်မှတော့ ကျုပ်တို့ကလည်း ထူးပြီး ပြောမနေတော့ဘူး"

စကားကောင်းတုန်း မကြာဥက ရွှာအပျိုတွေ တစ်အုပ်ကြီးနှင့် ထမင်းအတူ စားရအောင် လာခေါ်သည်။ မကြာဥတို့ကို အားနာပြီး ထလိုက်လာရသော်လည်း မလိုက်ချင်သေး။ တစ်ရက်မှ ဆက်မေးပါဦးမယ်လေလို့ တွေးပြီး လိုက်လာခဲ့သည်။ အပြင်မှာ ဘက်ထရီမီးချောင်းထွန်းပြီး ထမင်းဝိုင်းကြီး ပြင်ထားသည်။ ထမင်းစားပြီး ဗီဒီယိုခွေထိုးဆိုတာ သွားကြည့်ကြဦးမှာဆိုတော့ ထမင်းကို ကသုတ်ကရက် စားကြရပါ၏။ မပုန်းရည်စိတ်ထဲမှာတော့ ကိုကြာစွယ့် ဘဝပုံရိပ် ဗီဒီယိုကားကိုပဲ မြင်ယောင်နေခဲ့သည်။ စကားတွေ ရှိလိမ့်ဦးမည်။ မကြာဥကို မေးရမည်။

အပျိုတစ်သိုက်နှင့်အတူ မပုန်းရည်ပါ ဗီဒီယိုကြည့်လိုက်ခဲ့ရလေ၏။

"ကြာစွယ်ကြီးသနားပါတယ်... ရွာ တစ်ညပြပါဦးဟယ်ဆိုပြီး ကျုပ်တို့ အနိုင်ကျင့်တာနဲ့ ပြရှာတာ... ရွာတော့ အင်မတန်ချစ်တယ်... သူပြောရင် သည်းသာခံတော့... ရိုးရိုးသားသားပြောပါရစေ ဆရာမရယ်... .ကြာစွယ်က ဆရာမကို အင်မတန် ခင်ရှာတယ်"

"ဟုတ်ပါတယ်ရှင်... ကျွန်မ နားလည်ပါတယ်... ဒါကြောင့်လည်း သူ့ကို ကျွန်မ စတာပါ... ကျွန်မကို ခင်မင်ဝံ့ပါစေတော့လို့ပါ"

မပုန်းရည် တကယ်လည်း သိပါ၏။

□

ထိုနေ့လယ်က မပုန်းရည်နှင့် မမစိန် စကားတွေ ပြောဖြစ်ခဲ့သည်။ အကျိုးအကြောင်းသိခွင့်ရသဖြင့် ဒေါ်မြင့်မြင့်စိန် နားလည်ခဲ့ရသည်။ မပုန်းရည်၏ ဘဝစိတ္တဇသည် နလုံးသားမှာ သံချွန်နှင့် ရေးခြစ်ထားသလို စွဲနစ်နေဟန်တူပါ၏ ။ ခံစားမှုတွေက မပုန်းရည်ကို အခြားတစ်နေရာရောက်အောင် တွန်းပို့ထားသလို ဖြစ်နေပါလားလို့လည်း ဒေါ်မြင့်မြင့်စိန် စဉ်းစားနေမိသည်။ ယောက်ျားသားတိုင်း သည်လိုဟုတ်ချင်မှဟုတ်မှာပေါ့။ သစ္စာကြီးကြသည့် ယောက်ျားတွေ အပုံ။ ဆိုးသူတွေက ဆိုးကြသည့်တိုင် ကောင်းကြသူတွေလည်း အနန္တမဟုတ်လား။ သို့သော် ဒေါ်မြင့်မြင့်စိန်မှာ သည်စကားမျိုးဖြင့် မပုန်းရည်ကို မဖျောင်းဖျသာခဲ့။

ညနေ ကျောင်းဆင်းတော့ မမစိန်က မပုန်းရည်ကို လိုက်ပို့ပြီးမှ သူ့အိမ်သူ ပြန်သည်။

□

ကျောင်းကအပြန် စိတ်ရော လူပါ ညှိုးသွားသဖြင့် အိမ်ပေါ်ရောက်တော့ ခဏလှဲနေလိုက်သည်။ ပြီးမှ လန်းသွားအောင် ရေကလေး အပြေးအလွှားချိုးကာ သနပ်ခါးဖွံ့ဖွံ့ ထုံနေအောင် လိမ်းရပါ၏။ အိမ်နေရင်းဝတ်ကလေး လဲပြီးသည်နှင့် ထမင်းစားသည်။ ထမင်းပင် သိပ်မဝင်ချင်။ အဖေတို့၊ အမေတို့၊ အဘိုးလေးတို့ကို သတိရမိလို့လားတော့ မသိ။ မပုန်းရည် သည်စကားတွေ မပြောဖြစ်ခဲ့တာ ကြာပြီ။ ဘယ်သူ့ကိုမှ စိတ်လိုလက်ရ မပြောခဲ့။ သည်ကနေ့တော့ မမစိန်ကို ပြောဖြစ်ခဲ့ပြီ။ မပုန်းရည်၏ ရင်တွင်းခံစားချက်ကို မမစိန်သိဖို့ လိုသည်ထင်လို့လည်း ပြောပြခြင်းဖြစ်သည်။

ညဘက်မှာ မီးရောင်ဖွေးဖွေးဖြင့် စာသင်ရသည့်အတွက် ကိုကြာစွယ့်ကို ကျေးဇူးများ တင်ရသေးတော့။ ဘက်ထရီအိုးကြီးက မီးချောင်းနှစ်ချောင်းကို ကောင်းကောင်းကြီး လင်းစေပါ၏ ။ ကလေးတွေကလည်း ပျော်ကြသား။ မကေးတို့၊ မပုစွန်တို့၊ မခဲတို့လို ရွာ့အပျိုကြီးတွေကလည်း ရောက်လာကြသည်။ တစ်ခါတလေ မပုစွန်က သူ့အိမ်က ကုန်စုံဆိုင်အတွက် မီးရောင်အောက်မှာ အချိုမှုန့် လာထုပ်တာမျိုး၊ လက်ဖက်ခြောက် လာထုပ်တာမျိုး ရှိတတ်ပါသည်။ ထိုအခါမျိုးတွင် ကိုကြာစွယ်က ငေါက်တော့သည်။

"အံမာဗျာ... ခင်ဗျားတို့ အချိုမှုန့်ထုပ်ဖို့၊ လက်ဖက်ခြောက်ထုပ်ဖို့များ ကျုပ်က မီးထွန်းပေးထားတာသားကျလို့... လူပါးဝလို့ဗျာ..."

"နင် ကတ်စီးမကုတ်နဲ့ ကြာစွယ်... မီးရောင်ပဲ လျော့သွားတာမှတ်လို့... ဆရာမ အဖော်ရအောင် အလုပ်လုပ်ရင်း လာစောင့်တာဟဲ့... နင်ကတောင် လက်ဖက်သုပ်ကျွေးရဦးမယ်"

"လက်ဖက်သုပ်တော့ မရဘူး... ဝါးရင်းတုတ်ပဲ ရမှာ..."

"ဝါးရင်းတုတ်ရရ... လွန်တောင်းရရ... ကိုယ့်ယောက္ခမအိမ် ကိုယ်လာလုပ်တာ ငါ့သဘော..."

ရွာအပျိုကြီးတွေက တစ်ဖက်၊ ကိုကြာစွယ်က တစ်ဖက်။ ငါ့ယောက္ခမအိမ် ငါလာလုပ်တာဆိုတာကတော့ ကိုကြာစွယ့်ကို စောင်းချိတ်ပြောခြင်းဖြစ်သည်။ သည်တော့ မိန်းမတွေက တဝါးဝါး။ ကိုကြာစွယ့်မျက်နှာကြီး အပြားလိုက် ညိုလေပြီ။

"ဘုန်းကြီး မကြာဘူး… တစ်ရက် နှစ်ရက်ပဲ…"

"တင်ပါ့ဘုရား…"

"ဖိုးဆိုး… ."

"ဘုရား… ."

"မီးထင်း ဂရုစိုက်…"

"တင်ပါ့ဘုရား…"

"လိုတာရှိရင် ကျောင်းဆရာမကို ပြော…"

"တင်ပါ့ဘုရား…"

ဆရာတော်ကြီးက ဖိုးဆိုးလို့ ခေါ်သော်လည်း တကယ်တော့ အသက်ကြီးပါပြီ။ ဆရာတော်ထက် ငယ်သောကြောင့် ဖိုးဆိုးနှုတ်ကျိုးနေသော်လည်း ရွာကတော့ ဘကြီးဆိုး ခေါ်ကြပါသည်။ သန်သန်မာမာ ဖျတ်ဖျတ်လတ်လတ်တော့ ရှိပါ၏။ မျက်နှာပေါက်တော့ ဆိုးသည်။ သုန်သုန်မှုန်မှုန်နှင့် မျက်နှာကြောတင်းတင်း နေတတ်သဖြင့် မပုန်းရည်ကတော့ မေးထူးခေါ်ပြောလောက်သာ ပုံမှန်ဆက်ဆံသည်။ ဘကြီးဆိုးက ကျောင်းဝေယျာဝစ္စ လုပ်ကိုင်ပေးခြင်း၊ တံမြက်တလင်း လှည်းခြင်း၊ သင်္ကန်းလျှော်ဖွပ်ခြင်းကအစ ဟိုရွာ သည်ရွာ ပြေးရတာအဆုံး အားကိုးရသည်။ စကားနည်းသလောက် မျက်နှာကြီး အိုထားတာကလွဲလို့ အခြားပြောစရာ မရှိ။ ကျောင်းအလုပ်မရှိလျှင် လူကို မြင်ရလေ့မရှိ။ မပုန်းရည်သိရသလောက် ဆရာတော်ကြီးအပါး ဝတ်ကြီးဝတ်ငယ် ပြုစုခဲ့သည်ပင် လေးငါးနှစ်လောက် ရှိပြီဆို၏။ ကျောင်းအောက် ထောင့်ကလေးမှာ ဘကြီးဆိုးအခန်းရှိ၍ အခန်းဘေးတွင် ရေနွေးကြမ်းတည်၊ ဆွမ်းဟင်းနွှေး၊ ဆန်ပြုတ်ကျိုရာ မီးဖိုရှိသည်။ မီးခိုးတွေ အမြဲအူနေတတ်သဖြင့် ဆရာတော်ကြီးက ခရီးကွလျှင် မီးထင်း ဂရုစိုက်ဟု မှာလေ့ရှိသည်။

ဆရာတော်ပေးလိုက်သည့် သော့တွဲကို ကိုင်ရင်း မပုန်းရည် စာသင်ကျောင်းကို ပြန်လာခဲ့သည်။ ဆရာတော်ကြီး သော့အပ်တာ မကြာခဏ ကြုံရပါ၏။ ခန်းနေ ဦးပဥ္စင်းရယ်လို့ မရှိတာမို့ ကိုရင်တွေကို သော့တွဲပေးမထားခဲ့တာကို နားလည်သော်လည်း ဘကြီးဆိုးကို သော့တွဲမအပ်တာကတော့ အကြောင်းရှိပါလိမ့်မည်။ မပုန်းရည် စိတ်တစ်ခုတည်းနှင့်ဆိုလျှင် ကျက်သရေခန်းသော့ကို ကိုင်ချင်လှတာ မဟုတ်ပါ။ တစ်စုံတစ်ရာ ကျဉ်းကျပ်သလို ခံစားရ၍ ဖြစ်သည်။ တာဝန်ကြီးလှလွန်းလို့တော့မဟုတ်။ ဆရာတော့် ကျက်သရေခန်းအတွင်းမှာ ဘာတွေရှိလို့ရှိမှန်းလည်း မသိ။ ဆရာတော် ခရီးကွသခိုက် ကျောင်းမှာ ထမင်းသွားစားသည့်တိုင် တစ်ခါမှ ဖွင့်ကြည့်ခဲ့ဖူးသည် မရှိ။ မပုန်းရည် သော့ကိုင်သည့်အခါတိုင်း ကိုရင်တွေရော ဘကြီးဆိုးပါ ကျက်သရေခန်း ဖွင့်ပေးပါဦးလို့ တောင်းဆိုတာ မရှိ။ အတွင်းက ဘာတော့ဖြင့် လိုချင်လို့ထုတ်ပေးပါဦး မရှိ။ ဆရာတော် ပြန်ကြွမလာမချင်း သော့ကိုင်ထားရတာပဲ ရှိပါ၏။ သို့သော်လည်း သော့တွဲကြီးကို ရတိုင်း ရွာကို အားနာသလိုလို၊ ဘကြီးဆိုးကို အားနာသလိုလို ဖြစ်ရမြဲပင်။

ကိုလူမောင်နှင့် မကြေးမှုံ ခိုးရာလိုက်ပြေးကြတော့ ကိုလူမောင်က အသက်အစိတ်၊ မကြေးမှုံက နှစ်ဆယ်ကျော်စ။ မကြေးမှုံ ငယ်ငယ် အသားညိုညိုနှင့် ကြည့်ပျော်ရှုပျော်ရှိခဲ့သည်။ ဂျုတ်ပင်ရွာတွင် နေထိုင်ကြရာက မေတ္တာမျှကြခြင်းဖြစ်၏။ ကိုလူမောင်တို့ မိဘများက မချမ်းသာကြသလို၊ မကြေးမှုံတို့ကလည်း ဆင်းရဲကြသည်။ သို့သော် ကိုလူမောင်နှင့် မေတ္တာမျှတော့ မကြေးမှုံ မိဘများက ကိုလူမောင်နှင့် သဘောမတူဘဲ ရှိခဲ့သည်။ ဆင်းရဲချမ်းသာ အကြောင်းတရားကြောင့် မဟုတ်ဘဲ ကိုလူမောင့်ဖခင်က ရွာစဉ်တစ်လျှောက် နာမည်ဆိုးနှင့် မိုက်သူဖြစ်သောကြောင့်ပင်။ ကျားမကြောက်၊ ဆင်မကြောက်ဆိုသူဖြစ်၍ အမြဲတမ်း အရက်မူးနေလေ့ရှိ၏။ ရွာမှာ အမဲပေါ် ဝက်ပေါ်ဆိုတော့လည်း သူ့ကို ခေါ်ရသည်။ ဟိုရွာ သည်ရွာ လူသတ်၊ ဓားပြတိုက် သတင်းသန့်သန့်ရလျှင် ကိုလူမောင့်ဖအေ ယနမကင်းဟု ဆိုကြသည်။ အရက်မူး ပြန်လာတိုင်း မိခင်ကို ရိုက်မောင်း ပုတ်မောင်းလုပ်တတ်ရုံမက သားသမီးများကိုပါ ရန်ရှာတတ်လေ၏။ သားသမီးများကို ခေါ်မရလျှင် လေးခွနှင့် လှမ်းပစ်တတ်သူဖြစ်သည်။ သည်လိုအကြောင်းတွေ ရှိလာတော့ မကြေးမှုံမိဘတွေက လူမောင်နှင့် မေတ္တာရှိတာကို ဖျက်ကြသည်။ မကြေးမှုံခမျာလည်း လူမောင်မှလူမောင်။ ဖအေ မကောင်းသော်လည်း လူမောင်ကောင်းဖို့သာ လိုသည်ဟု သဘောထားခဲ့သည်။ ဤသို့ဖြင့် တစ်ရက်မှာ နှစ်ဦးသဘောတူ ထွက်ပြေးခဲ့ကြသည်။

"ဖြစ်ချင်တော့ ဆရာမရေ… ကျွန်မတို့ ဂျုတ်ပင်က ထွက်ပြေးလို့ လက်လှမ်းမမီလောက်တဲ့ ရွာတစ်ရွာ ရောက်ရင်ပဲ သတင်းက ကြားရပြီ… ကျွန်မ အဖေနဲ့ အမေကို ကိုလူမောင့်အဖေက အိမ်ရှေ့သွားပြီး ဓားကြိမ်းကြိမ်းတာ နေ့တိုင်းပဲတဲ့… အရက်မူးတိုင်း အိမ်ရှေ့လာဆဲလိုက်တာ မကြားကောင်း မနာသာ… သတ်မယ်ဖြတ်မယ်အထိတဲ့… ကျွန်မမှာ ရွာလူကြုံနဲ့ ကြားနေရတာပေါ့… ကျွန်မမှာလည်း တစ်ရက်မှ စိတ်မချမ်းသာဘူး… အဖေတော့ သေပြီနဲ့တူပါရဲ့… အမေတော့ သေပြီနဲ့တူပါရဲ့… တွေးရင်း ငိုနေရတော့တာ..ကိုလူမောင်ကလည်း ရွာပြန်မကပ်ဝံ့ဘူး… သူတစ်ပါးရပ်ရွာမှာ လုပ်ကိုင်လည်း မစားတတ်ဘူး… ကျွန်မတော့ မှားပြီလို့ပဲ တွက်လိုက်တယ်… နောက်တော့ ကိုလူမောင်က ရွာတုန်းက မတောက်တခေါက် တတ်ခဲ့တဲ့ ကွက်ထိုး ကွက်ထောင် အလုပ်လုပ်တယ်… ကျွန်မလည်း ဘာတတ်နိုင်မှာလဲ… အကုသိုလ်ကျင်းထဲ တစ်သက်လုံး ကျပြီပေါ့လေ… သူများရပ်ရွာမှာ ကျွန်မတို့ အတိဒုက္ခရောက်လိုက်တာ မပြောပါနဲ့တော့ ဆရာမရယ်…"

"ကွက်ထိုး ကွက်ထောင်ဆိုတာ ဘယ်လိုလုပ်တာလဲ မကြေးမှုံ…"

"ကွက်ထိုးတာက လယ်ကွက်ကြီးတွေရှိတဲ့နေရာမှာ ကယ်ပေါက်တွေ ရှိတတ်တော့ ကယ်ပေါက်ကို ရှာပြီး ပိတ်ရတယ်… ကွက်ဝင်ပေါက်ကို ပေါက်ပြားနဲ့ ဖြိုဖြိုတူးပြီး တွေ့ပြီဆိုတာနဲ့ မှိန်းနဲ့ထိုးရတာ… ကယ်ပေါက်ဘက်က မီးခိုးတိုက်ရင်လည်း ထွက်ထွက်လာတာပဲ… ကွက်ထောင်တာကျတော့ ဝါးသုတ်ကိုင်းနဲ့ ကွက်စာနဲ့ ထောင်တာပါ… ရလာတဲ့ကွက်ကို ကျွန်မက လေးပေါင်လေးဖက်ဖြတ်ပြီး ရင်ခွဲ မီးနဲ့ကင် ကျပ်တိုက်ပေါ့… မကုန်မရှိဘူး…"

"သြော်… မကြေးမှုံစိတ်ထဲ ဘယ်ကောင်းပါ့မလဲနော်…"

"ငိုတာပါဆို ဆရာမနယ်… ကိုယ့်ဘဝ ဖြစ်ရတာကို စိတ်မချမ်းသာတာပါ… နောက်တော့ အကုသိုလ်များ ကြောက်စရာကောင်းတယ် ဆရာမရယ်… ကွက်ရမလာရင် ကျွန်မက ဆုတော့ အောင့်တော့တာပဲ… ကွက်များများ ရလာရင် ပျော်နေတာ…"

ရိုးရိုးသားသားပြောနေသည့် မကြေးမျှင်၏စကားကို မပုန်းရည် အပြစ်မမြင်ရက်ပါ။ အကုသိုလ်နှင့် ယဉ်ပါးလာတော့ အကုသိုလ်မလုပ်ရမှာကိုတောင် ငြူစူနေမိတယ်ဆိုတာကို မပုန်းရည် ဆင်ခြင်နေမိသည်။

မကြေးမျှင်က မပုန်းရည်ရှေ့တွင် ယောက်ျားသားများကို တင်ပျဉ်ခွေထိုင်နေခဲ့ခြင်းဖြစ်၏၊ မပုန်းရည်က ဇာတ်လမ်းကိုလည်း နားထောင်ချင်၊ အားလည်းနာနေခဲ့ပါ၏။ မကြေးမျှင်၏ မျက်နှာမှာ အဆီတွေ ပြောင်နေသည်။ ဆံစတွေက တစ်ခေါင်းလုံးဆီက တစ်မျှင်ချင်း လွင့်နေကြသည်။ လွန်ခဲ့သည့် အနှစ်နှစ်ဆယ် အပျိုဘဝတုန်းကတော့ ချောရိပ်ချောပါး ရှိပုံရသည်။ အခုတော့ သည်ကွင်းထဲက ဘဲတဲသည် နေစရာ၊ ဘဲဥနှင့် လယ်ကန်စွန်းသည် စားစရာ။ ဘာကိုမှ တောင့်တနေပုံ မရ။ မကြေးမျှင် စကားတွေထဲမှာ လေးနက်တာတွေပင် ပါနေပါလား။

"လင်နဲ့မယား ငရဲအတူ ကုသိုလ်အမျှ… သူ ကုသိုလ်လုပ်တော့ ကျွန်မ ကုသိုလ်တစ်ဝက် ရရုံပေါ့ ဆရာမရယ်… သူ အကုသိုလ် လုပ်ပြန်တော့ အကုသိုလ်တစ်ဝက် ကျွန်မ ယူဝံ့ပေါ့ဟာ… ကျွန်မတို့လင်မယား ကြွက်တွေနဲ့ နပန်းလုံးရတော့တာပေါ့ ဆရာမရယ်… အဲ… စကား ဘယ်ရောက်ပါလိမ့်…"

မကြေးမျှင်အမေက ဒေါ်မီးခွက်တဲ့။ တောသူ ရိုးရိုးအေးအေးဖြစ်သည်။ တောအလုပ်မှန်သမျှ အကုန်ကျုံးလုပ်နိုင်သူဖြစ်သည်။ ဖအေက သူရင်းငှား။ မကြေးမျှင်ကို အိမ်မှာပဲ ချက်ပြုတ်ဖွပ်လျှော် နေစေခဲ့ရာက လူမောင်နှင့် ကြိုက်ကြပြီဆိုတော့ သမီးကို ကျိတ်ဆုံးမသည်။ မရပါ။ မကြေးမျှင်က မိဘစကား နားမဝင်ခဲ့။ ကိုလူမောင်နှင့် ခိုးရာလိုက်ပြေးကြပြီဆိုကတည်းက ယူကျုံးမရ ဖြစ်ရှာခဲ့သည်။ ဖအေက သိပ်ကြီး ထိထိခိုက်ခိုက် မရှိသော်လည်း မအေက ခွင့်မလွှတ်နိုင်ဘဲရှိ၏။ သည်ကြားထဲ လူမောင့်အဖေ လူမိုက်က ဓားတကြိမ်းကြိမ်းလုပ်နေတော့ ပို၍ပင် အခံရခက်နေသည်။ ဖအေက လူအေးဆိုတော့ ယှဉ်ဖက်ပြီး ရန်မလုပ်ဝံ့တော့ လာဆဲရေးတိုင်း ငုံ့ခံကြရသည်။ သားထိုးသမား လူမိုက်ကြီးကို ရွာကလည်း မဖျောင်းဖျဝံ့။ လူမောင့်မိခင်က လင်သားကို ဖျောင်းဖျသည့်အခါ လူပုံအလယ်မှာ မေ့သွားအောင် ရိုက်နှက်ခဲ့သည်။ တစ်ရက်မှာတော့ ကိုလူမောင့်အဖေ အရက်တွေ မူးလာရာက မကြေးမျှင်၏ မိဘနှစ်ပါးနေထိုင်ရာ အိမ်ကုပ်ကလေးရှေ့ ရောက်လာခဲ့သည်။ ပါလာသည့် ဓားရှည်ဖြင့် အိမ်ကို ခုတ်သည်။ စိုက်ပျိုးထားသည့် သီးပင်စားပင်တွေ နုတ်နုတ်စဉ်းသည်။ ရွာက ဝိုင်းကြည့်နေကြသော်လည်း မတားဝံ့ကြ။

"သည်ကနေ့တော့ ခင်ဗျားတို့ကို ကျုပ် ချမ်းသာပေးလိုက်ဦးမယ်… ကျုပ်သား မနက်ဖြန် ရောက်ချင်ရောက် မရောက်ရင် နစ်လောင်းပြိုင်မှတ်တော့…"

သည်တင် မကြေးမျှင်၏မိခင် အိမ်ရှေ့ထွက်လာကာ ကိုလူမောင့်အဖေ လူမိုက်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ တစ်ခွန်းတည်း အော်လိုက်သည်။

"သည်းခံတာ ကြာပြီ… မင်း တယ်မိုက်လုံးကြီးပါလား… မင်းက သားရှင်… ငါက သမီးရှင်… မင်းကပဲ အခဲမကျေနိုင် ဖြစ်ရတယ်လို့ မနက်ဖြန် တို့ လင်မယားစောင့်နေမယ် မပူနဲ့ မင်းသာ မနက် မျက်နှာသစ်ပြီး ထလာခဲ့…"

နောက်တစ်ရက် မိုးလင်းတော့ ကိုလူမောင့်ဖခင် မလာနိုင်တော့။ မျက်နှာပင် မသစ်နိုင်တော့။ ဆူပူသောင်းကျန်းပြီးအပြန် မူးမူးနှင့် အိပ်ပျော်ရာက မနိုးတော့ပြီ။ သည်အဖြစ်သည် ဂျုပ်ပင်တစ်ရွာလုံး ထိတ်လန့်စရာ ဖြစ်ခဲ့သည်။ ဒေါ်မီးခွက်ကျိန်စာ သင့်တာဆိုသည့်စကားတွေ ရွာပေါင်းစုံကို ပြန့်သွားခဲ့၏။ ပထမတော့

"ဘောလုံးအားကစားက လနဲ့ချီပြီး စနစ်တကျ လေ့ကျင့်ပေးရတာမျိုးပါ... သည်နှစ်တော့ ကျွန်မတို့ ဝင်မပြိုင်နိုင်သေးဘူး... နောက်နှစ်တွေတော့ ကြိုတင်ပြီး လေ့ကျင့်ကြရမှာပေါ့ရှင်"

ထိုနေ့အစည်းအဝေးက ပျော်စရာကောင်းလှပါသည်။ မပုန်းရည်ပင် ထခုန်ထပြေးချင်စိတ်ကလေး ဝင်ရပါ၏။ အစည်းအဝေး တက်ရောက်လာသမျှ ရွာသူရွာသားတွေကလည်း စိတ်ဝင်တစား ရှိကြပါသည်။ အထူးအဆန်းလိုလည်း ဖြစ်နေကြပုံရ၏။ တာဝန်တွေ ခွဲဝေကြသည်။ ကိုကြာစွယ်တို့အဖွဲ့က အလျားခုန်ရန် ဆယ်ပေပတ်လည် တစ်ပေအနက် ကျင်းတူးပေးကြမည်။ ကောက်ရိုးထည့်ပေးမည်။ ဖွဲရလျှင် ဖွဲထည့်ကာ လေ့ကျင့်နိုင်ရန် စီစဉ်ပေးကြမည်။ မပုန်းရည်က အပြေးလေ့ကျင့်ပေးမည်။ ကျောင်းရှေ့ကွင်းက မီတာမပြည့်သဖြင့် ရွာဘေးက စပါးခင်းလွတ်မှာ မြေရှင်းပေးရန်လိုသည်။ ဦးပန်းဆီက အင်ဂျင်နီယာ ကိုမျိုးသွင်တို့ လုပ်ငန်းခွင်က မြေထိုးစက်ငှားကာ ထိုးလျှင် တစ်မနက်နှင့် ပြီးနိုင်ကြောင်း တင်ပြသည်။ ဟုတ်သားပဲ။ ဒါဆိုလျှင် မြေလည်းညီမည်။ အချိန်ကုန်လည်း သက်သာမည်။ ဆရာကြီးက စာထွက်ပြီး မေတ္တာရပ်ခံမည်ဟု ဆိုသည်။ လေးပန်းဆီက သူကိုယ်တိုင် ဆိုက်ထဲသွားပြောမည်ဆို၏။ ကိုကြာစွယ်က သည်အဆိုပြုချက်ကို ပယ်ချသည်။

"လေးပန်းဆီရာ... ပြေးလမ်းရှင်းတာ ရွာက ပေါက်ပြားတစ်လက်စီနဲ့ ပြီးပါတယ်ဗျာ... ခင်ဗျားဟာ ထုကြီးဖျက်ကျယ် နိုင်လှချည်လား... ဘာမြေထိုးစက်မှ မလိုဘူး... ရှာညံ့ရာကျလို့ဗျာ..."

လေးပန်းဆီက ကိုကြာစွယ့်ကို လှမ်းငေါက်သည်။

"ဟကောင်ရ... လူတစ်ကျိပ် ငါးရက်လုပ်ရမယ့် 'တာ' ကို တစ်မနက် စက်နဲ့ ထိုးလိုက်တော့ ခရီးမတွင်ဘူးလား... အင်ဂျင်နီယာကလေးကလည်း ကူညီပါမယ်ဆိုနေတဲ့ဟာပဲကွ... တို့ဘက်က လိုတာပြောရမှာပေါ့"

"ခင်ဗျားတို့မလဲ... ရွာနား အင်ဂျင်နီယာရောက်လာတာကို ဝိသုကြံနတ်သား ရောက်လာတာကျလို့ဗျာ... တဆိတ်ရှိ အင်ဂျင်နီယာ... တဆိတ်ရှိ အင်ဂျင်နီယာ..."

"ဇော်... တယ်ခက်ပါလားကွ ကြာစွယ်ရ... ငါက ရွာမပန်းအောင် စဉ်းစားတာကွ..."

ဆရာကြီး ဦးခင်ဖေက ဝင်ဖျန်ဖြေသည်။ လေးပန်းဆီဘက်က ထောက်ခံသည်။ မြေထိုးစက်နှင့် ထိုးညှိတော့ မြေပိုညီသည့်အပြင် ခလုတ်ကန်သင်း ကင်းနိုင်တာကို ရှင်းပြသည်။ ဆီဖိုးထည့်ဝင်ပါဆိုလျှင် ကျခံမှာဖြစ်ကြောင်း ရှင်းပြသည်။ မပုန်းရည်က ကိုကြာစွယ် သဘောမကျမှုန်းသိသဖြင့် ဝင်မပြောသာ။ တကယ်တော့ မြေထိုးစက်နှင့် ညှိပေးလျှင် ပို၍အဆင်ပြေမှန်း သိသော်လည်း ကိုကြာစွယ် ကန့်လန့်တိုက်နေတာ သိသာလှသည်။ ကိုကြာစွယ် ဘယ်လိုကြောင့်များ အင်ဂျင်နီယာကို မုန်းနေတာပါလိမ့်။ ဒါကိုတော့ မပုန်းရည် မစဉ်းစားတတ်။ မပုန်းရည် သိသလောက် ကိုမျိုးသွင်က ရပ်ရေးရွာရေးတွေမှာ တတ်နိုင်သမျှ ကူညီနေသူဖြစ်သည်။ ပေးပေးကမ်းကမ်း ရှိသည်။ သူ့ခွင့်မပိုင်တာမျိုးကိုပင် သူ့အထက်အရာရှိများကို တင်ပြကာ ဖြစ်အောင်ဆောင်ရွက်ပေးသူဖြစ်သည်။ မပုန်းရည် ကိုယ်တိုင်က ပုဂ္ဂိုလ်ရေး ချဉ်းကပ်မှုကို မနှစ်သက်သလိုရှိသော်လည်း အများအတွက် ပရဟိတစိတ်ရှိတာကိုတော့ ကျေးဇူးတင်သည်။ လေးစားသည်။

အစည်းအဝေးပြီးတော့ ဆရာကြီးက စကားအနည်းငယ် ပြောခဲ့သည်။

ရှေ့လှည်းလေးစီးက အလံတွေတလူလူ။ ကိုကြာစွယ်ကလွဲလို့ အားလုံး လှည်းပေါ်ရောက်ကြပြီ။ ဆရာကြီးက သူ့ရွာက ကူးလာမှာဆိုတော့ မပါနိုင်သေး။ ရွာက လိုက်ကြသူတွေ မနည်းသဖြင့် မပုန်းရည် အားရှိရပါသည်။ မကေးနှင့် ယောက်ျားသားကြီးတွေက ထမင်းတွေ ပုတ်တောင်းထဲထည့်ကာ လှည်းပေါ် ဝိုင်းတင်ကြသည်။ ဟင်းအိုးကြီးတွေ တင်ကြသည်။ မကေးက ကုလားပဲနပ်နှင့် သရက်ချဉ်သုပ်ပါ ထည့်လိုက်သဖြင့် အဆင်ပြေသွားခဲ့သည်။ အားကစားပြိုင်ပွဲဝင်ကြမည့်ကလေးတွေလည်း လှည်းပေါ်မှာ စုစုရုံးရုံး ရောက်ကြပြီ။

"အားကစားမှူးဆိုတဲ့ကောင်... ဘာများ လုပ်နေပါလိမ့်တော်..."

မပုစွန်က လှမ်းအော်တော့မှ ကိုကြာစွယ် ဆင်းလာသည်။ ပိုးကြူပုဆိုး ခရမ်းပြာ၊ လည်ကတုံးအကျီ ခရမ်းပြာ။ ငါးကျပ်သား ရွှေဆွဲကြိုးကြီးက အကျီအပြင် ထုတ်ဆွဲလိုက်လို့။ ဟင်းချိန်းကြီးက တဝင်းဝင်း။ မျက်နှာချေတွေ လိမ်းထားတာက ပြာဟောက်ဟောက်။ စံပယ်ဆီ ရေမွှေးနံ့က တထောင်းထောင်း။ မမစိန်ကတော့ ရယ်လို့သာနေတော့သည်။ မပုန်းရည်ကတော့ ရယ်မိမှာစိုးသဖြင့် လျှာကို ကိုက်ထားရပါ၏။ မကေးတို့တစ်တွေကတော့ ထုံးစံအတိုင်း ကိုကြာစွယ်ကို ပြောင်ကြ နောက်ကြတာ ရစရာမရှိ။ ဒါပေသိ သည်တစ်ခါတော့ ကိုကြာစွယ် မှင်တည်လွန်းလှသည်။ ဘာတစ်ခွန်းမှ မတုံ့ပြန်ဘဲ ရှေ့လှည်းပေါ် ခပ်တည်တည်နှင့် တက်သွားလေ၏။

"ရှိ...."

ကိုကြာစွယ်က မပုန်းရည်ပေးထားသည့်ခရာကို တစ်ချက်တုတ်လိုက်ခြင်းဖြစ်သည်။ ဘာအတွက် ခရာမှုတ်မှန်း မသိတော့ လှည်းတွေက မထွက်ဘဲ တောင့်နေကြသည်။ ရှေ့ဆုံးလှည်းက လှည်းသမားကပင် လှည်းမထွက်တော့ ကိုကြာစွယ်က ကျောကုန်းကို အုံးခနဲ ထုလေ၏။

"ထွက်ဟ... အဲဒါ လှည်းထွက်ခရာမှုတ်တာ..."

လှည်းတွေ ထွက်လာတော့ တစ်ရွာလုံး ထွက်ကြည့်ကြသည်။ နတ်ရေကန်အားကစားပြိုင်ပွဲသွား လှည်းတွေ...။ ကိုကြာစွယ်က လှည်းပေါ် မတ်တတ်ရပ်ရင်း ခရာသံ တရှိရှိပေးနေလေတော့သည်။ လှည်းတွေက တအီအီ။

□

နတ်ရေကန် အားကစားအဖွဲ့ လွန်တောင်းက ပြန်တော့ မိုးကြီးချုပ်လှပြီ။ အခမ်းအနားများပါ ဆက်တိုက်ကျင်းပသဖြင့် အပြန်ခရီးတွင် ညကြီးမှောင်မှ ရောက်ကြခြင်းဖြစ်၏။ အပြန်ခရီးမှာတော့ နတ်ရေကန်သူ နတ်ရေကန်သားတို့ မျက်နှာပန်းလှခဲ့ပြီ။ နတ်ရေကန်ကျောင်းက ပထမချည်း သုံးဆု၊ ဒုတိယ နှစ်ဆုနှင့် တတိယ သုံးဆုရခဲ့သည်။ မီတာ တစ်ရာ၊ နှစ်ရာတွင် ပုကျစ်က ကျောင်းများအားလုံးထဲတွင် ဗိုလ်စွဲခဲ့ခြင်းဖြစ်၏။ လူကလေး သေးကျစ်သလောက် လှစ်ခနဲ လှစ်ခနဲ ပြေးနိုင်သည့် ပုကျစ်ကို အားကစားကွင်းတစ်ကွင်းလုံးက အားပေးခဲ့ကြသည်။ ဖိုးလမင်းကတော့ မီတာလေးရာမှာ ဒုတိယဆု၊ မောင်ဂျိုးက အလျားခုန်မှာ ပထမဆု ချိတ်နိုင်ခဲ့သည်။ မောင်ပေါက်ကြွယ်က အမြင့်ခုန် တတိယဆု၊ လုံးပုက အလျားခုန် တတိယဆု၊ သြဘာက အကျီချွတ်ပြေးပွဲ တတိယဆု အသီးသီးရခဲ့သည်။ မထင်မှတ်ပဲ ဆုရလာခဲ့သူကတော့ ကြာဖြူပဲဖြစ်သည်။ ကြာဖြူက အပ်ချည်းထိုးပြေးပွဲမှာ ဒုတိယချိတ်ခဲ့သည်။ ကိုကြာစွယ်က သူ့တူမ ဆုရလာတာကို ပျော်လို့မဆုံး၊ စလို့မဆုံးတော့။

"မိကြာဖြူတို့တော့ ဟန်ကျတာပေါ့ဗျာ… အိမ်မှာရှိသမျှ လေးလေးပုဆိုးပြဲတွေ ညည်းအကုန်ချုပ်ပေတော့…"

နတ်ရေကန်ကျောင်းက သည်နှစ်မှ စတင်ပြိုင်ပွဲဝင်ခဲ့သော်လည်း ပွဲဦးထွက်လုခဲ့သည်။ ကျောင်းနာမည်ရခဲ့သည်။ မမစိန်နှင့် မပုန်းရည်တို့ပင် မောလို့မောမှန်းမသိ၊ အေးလို့အေးမှန်းမသိ ပျော်ခဲ့ကြသည်။ ကိုကြာစွယ်ကတော့ ရှေ့ဆုံးလှည်းမှာ ခရာသံ တရှီရှီဖြင့် ရှိလေ၏။ နတ်ရေကန်ရွာအဝင် တာလမ်းကတည်းက အော်လေတော့သည်။

"နတ်ရေကန်က ပထမဆု သုံးဆု… ဒုတိယဆု နစ်ဆု… တတိယဆု သုံးဆု ရလာပါတယ်ဗျိုး… ရွာက ထွက်ကြိုကြပါ… အားပေးကြပါ… ရှီ… ရှီ… . ရှီ"

ခရာသံ တညံညံ၊ အော်သံ တဟိုဟိုဖြင့် လှည်းတွေ ရွာထဲဝင်လာတော့ ရွာက ကလေးလူကြီး အုပ်လိုက် လှည်းတွေနောက် လိုက်လာကြသည်။ ဖုန်တွေ တအူအူ၊ လူသံတွေ တသောသော…။ ကျောင်းသူ ကျောင်းသားတွေကလည်း အတိုင်အဖောက်ညီညီ အော်ကြသည်။

"နတ်ရေကန်က ပြေးခဲ့တာ… လေယာဉ်ပျံတောင် မီမယ်မထင်ဘူး…"

"ကျောင်းပေါင်းစုံက ဝင်လို့ပြိုင်… နတ်ရေကန်ကို မီနိုင်ရိုးလား…"

"နတ်ရေကန်ကို ယှဉ်ချင်ရင်… ဆယ်နှစ်ဆယ်မိုး ကျင့်လိုက်ပါဦး…"

သည်စာချိုးတွေ ဘယ်သူကများ သင်ပေးထားပါလိမ့်။ ကိုကြာစွယ်တော့ မဖြစ်နိုင်။ မောင်တက်လှပဲ ဖြစ်လိမ့်မည်။ ကိုကြာစွယ်တို့ အိမ်ရှေ့ရောက်တော့ မီးတွေ ထွန်းထားကြပြီ။ အပြန်နောက်ကျမှာကို သိကြသဖြင့် ရွာက ထမင်းတွေ ဟင်းတွေ အိုးကြီးချက်ချက်ထားကြသည်။ မပုန်းရည်တို့လည်း ဆာကြပြီ။ ဆောင်းလေက အေးအေး၊ ထမင်းက ဆာဆာဆိုတော့ လက်ဖျား ခြေဖျားတွေ ထုံလို့ပင်နေပြီ။ လှည်းပေါ်က ဆင်းကာ မီးဖိုဘေး ပြေးကပ်ကြရသည်။ ကလေးတွေခမျာလည်း ချမ်းကြရှာမည်။ ကိုယ့်ရွာ ကိုယ့်ကလေး အားပေးဖို့ လိုက်လာကြသူတွေက ပြိုင်ပွဲဖြစ်ပုံ ပျက်ပုံတွေကို အချင်းချင်း အော်ကြီးဟစ်ကျယ် ရှင်းပြကြသည်။ ရွာက မေး၊ လိုက်လာကြသူတွေက ဖြေ။ အသံတွေ ထွေးလားလုံးလား။ မပုန်းရည်က နတ်ရေကန် ဆုရလာပုံကို ရှင်းပြချင်သော်လည်း ဘယ်လိုမှ မတိုးသာ။ ကိုကြာစွယ်က သူ့ခရာကို တုတ်တော့မှ အသံ တိတ်သွားတော့သည်။

"ကိုင်း… လုမောင်တို့ သာကျော်တို့ ကလေးတွေနဲ့ ဆရာမတွေကို ထမင်းကျွေးဖို့ လုပ်ကြဟေ့… ပြီးရင် ကလေးတွေ ပြန်ပို့ကြရမယ်… လိုက်ပြီး အားပေးတဲ့လူတွေပါ ကျွေးဟေ့… ထမင်းချက်ထားလို့ တော်သေးပေါ့ကွာ… ငါဖြင့် ဆာလိုက်တာ အူကို လိမ်လို့…"

ရွာဘုံက ခုံတွေ၊ အိုးတွေ၊ ပန်းကန်တွေ၊ ဇွန်းတွေ အဆင်သင့် ယူထားကြသဖြင့် ချက်ချင်း ထမင်းစားနိုင်ကြသည်။ သည်ညစာကိုလည်း ဘိုးကြီး ဘွားကြီးတို့ကပင် ကျွေးမွေးခြင်းဖြစ်၍ သည်မိသားစု၏ စေတနာကို လေးစားမိရသည်။ မပုန်းရည်နှင့် မမစိန်တို့လည်း ဆာဆာနှင့် စားလိုက်ကြတာ ဝွဲမသတ်နိုင်။ မမစိန်လည်း အော်ရ ဟစ်ရတာနှင့် အသံပင် ပြာနောက်နောက်ဖြစ်နေပြီ။ ထမင်းစားသောက်ပြီးတော့ မမစိန်ပြန်သည်။ ကလေးများနှင့် ရွာက အားပေးကြသူတွေလည်း တဖြည်းဖြည်းနှင့် ပြန်ကြပြီ။ လူကြီးတချို့နှင့် မပုန်းရည်သာ ကျန်တော့သည်။ ကိုကြာစွယ်က သွေးတမြောက်မြောက်။ အရှိန်က မသေသေး။

"ဆရာမ ဒေါ်ပုန်းရည် ရွာရောက်လာမှပဲ ကျုပ်တို့ရွာလည်း ဆုတွေ ဘာတွေရတော့တယ်... ကျုပ်တို့က ကျေးဇူးတင်နေတာပါဗျာ.. တကယ်ပါ..."

ရွာလူကြီးတွေက ချီးကျူးတော့ မပုန်းရည် ဝမ်းသာရပါ၏။

"ရွာက ညီညွတ်လို့ပါရှင်... ကျွန်မက စီစဉ်ပေးရုံပါ... ကလေးတွေလည်း အတွေ့အကြုံရသွားတာပေါ့... နောက်နှစ်တွေမှာ သည့်ထက်တောင် ဆုတွေ ရပါလိမ့်မယ်... အပင်ပန်းဆုံးက ကိုကြာစွယ်ပါရှင်... ကိုကြာစွယ့်ကို ချီးကျူးရမှာပါ"

ကိုကြာစွယ်က နေ့ခင်းက အားကစားပြိုင်ပွဲတွေအကြောင်း စီကာပတ်ကုံး ပြောပြနေသည်။ သူမို့ မမောနိုင် မပမ်းနိုင်။ ကိုကြာစွယ်ကို အများအာရုံကျနေသခိုက် မပုန်းရည် အိမ်ပေါ် အသာတက်လာခဲ့သည်။ မပုန်းရည်လည်း ပန်းပြီ။ ကျောဆန့်ချင်ပြီ။

အိပ်ရာက ပြင်ပြီးသား။ မကြာဥ ပြင်ထားတာဖြစ်လိမ့်မည်။ မပုန်းရည် ကျောဆန့်လိုက်တော့ အညောင်းတွေပင် ပြေသွားရပါ၏။ မကြာဥပါ အိမ်ပေါ်တက်လာခဲ့သည်။

"ဆရာမ နေ့လယ်က အင်ဂျင်နီယာဆိုတဲ့လူ လာသေးတယ်... ကျွန်မတို့ ချက်ပြုတ်နေတုန်း ရောက်လာတာ... ဆရာမကို မေးတယ်... လေးပန်းဆီကိုလည်း မေးတယ်... ကျွန်မတို့က အားကစားပြိုင်ပွဲ သွားတယ်လို့ပြောလိုက်တယ်"

ဘာကိစ္စများပါလိမ့်။ ကိုမျိုးသွင် လာမေးတာ ထူးခြားမှုတော့ ရှိပုံမရပါ။ ရွာအတွက်၊ ကျောင်းအတွက် တစ်ခုခုပြောချင်လို့ ဖြစ်လိမ့်မည်။ ဒါမှမဟုတ် ရိုးရိုးသားသားလာလည်တာလည်း ဖြစ်နိုင်တာပါပဲ။ မပုန်းရည်က အလိုက်သင့်ဖြေသည်။

"ဟုတ်ကဲ့ပါရှင်... လေးပန်းဆီကိုရော မေးတယ်ဆိုတော့ ကျောင်းကိစ္စ ရွာကိစ္စ တစ်ခုခုနေမှာပါ"

မကြာဥ အသံတိတ်သွားသည်။ ပြီးမှ မပုန်းရည်ကို မဝံ့မရဲ ဆက်ပြောသည်။

"နေ့လယ်က ထမင်းချက်ကြတော့ ရွာက တချို့က ဆရာမကို အဲဒီဆရာနဲ့ တစ်မျိုးထင်နေကြတယ်... ဟိုရက်က ဘဲတဲစုမှာ ချိန်းတွေ့ကြတယ် ဆိုတာလည်းပါရဲ့... မကြေးမျှင်က ပိုက်ဆံစက္ကူအသစ်တွေနဲ့ ရွာထဲက ဆိုင်တွေမှာ ဆန်ထုတ်ဝယ်သတဲ့... ဒါကို ဆရာမတို့ကြားမှာ မကြေးမျှင်က အောင်သွယ်လုပ်နေတာလို့ ပြောကြတယ်... ကျွန်မကတော့ မဖြစ်နိုင်ဘူး ပြောလိုက်ပါတယ်"

"ဩော် ရှင်..."

"ဆရာမ စိတ်မဆိုးပါနဲ့... ကျွန်မက ကြားတာ ပြောရတာပါ"

"ရဲစခန်းလား ဘုရား... လိုက်တာလည်း လိုက်တာပေါ့ဘုရား... ရဲစခန်းတိုင်ထားတာတော့ မမှားဘူး ထင်တာပဲဘုရား..."

"ရဲစခန်းတိုင်တာ ဟုတ်တယ်... ကျုပ်တို့စဉ်းစားတာက ဘုရားမှာ နောက်ဆုံး တံမြက်လှည်းတာ ဆရာမဖြစ်နေတော့ စစ်လားဆေးလားလုပ်ရင် အားနာစရာဖြစ်မှာစိုးတာ..."

လူကြီးတွေထဲက မျက်နှာထားတင်းတင်းနှင့်တစ်ဦးက ပြောလိုက်ခြင်းဖြစ်သည်။ သူ့ကို မပုန်းရည် သိပါ၏။ ရွာမှာ အမြဲတမ်း ကန့်လန့်တိုက်တတ်သူအဖြစ် နာမည်ကြီးသူဖြစ်သည်။ တစ်ခါက မပုန်းရည်နှင့် စကားများဖူးသည်။။ ကလေးတွေကို သူ့အိမ်ဝက ဆီးခေါ်ကာ စာမေးတတ်သည်။ သင်္ချာစိတ်တွက်တွေ မေးတတ်သည်။ ကလေးတွေက မဖြေနိုင်တော့ နင်တို့ကျောင်းက ဆရာမတွေ လခညာယူနေကြတာဆိုတာမျိုး ပြောတတ်သည်။ နှစ်ခါက သုံးခါဖြစ်လာတော့ မပုန်းရည် မနေသာတော့ပြီ။ သို့သော် မပုန်းရည်အထက်က ကျောင်းအုပ်ဆရာကြီး ရှိသေးသည်။ ပြီးတော့ ဒါက ကျောင်းကို လာထိပါးတာမျိုးမဟုတ်။ လမ်းက ဆီးမေးကာ မချိုမချဉ်လုပ်ခြင်းသာ ဖြစ်ရာ၊ မပုန်းရည် အသာ သည်းခံနေခဲ့သည်။ တစ်ခါတော့ မပုန်းရည်နှင့် ထိပ်တိုက်တိုးလေ၏။ မပုန်းရည်နှင့် လမ်းမှာဆုံခြင်းဖြစ်သည်။

"ဆရာမ ကလေးတွေကို ကျုပ်က အိမ်ကနေ ဆီးဆီးပြီး စာမေးကြည့်တာ ဘာမှ မေးမရကြဘူး... နည်းနည်းပါးပါးတော့ လုပ်ကြဦး... မိဘတွေမှာ တစ်နှစ် တစ်နှစ် ကျောင်းထားရတာ မလွယ်ဘူး ဆရာမရဲ့... ကျောင်းသွားပြီး စာမှမတတ်ရင် ဘာလုပ်ဖို့တုံး..."

မပုန်းရည်က ဒေါသကို အရင်မျိုသိပ်လိုက်ရသည်။ သို့သော် ကလေးတွေက ပြောကြလှပြီ။ ခါတိုင်းတော့ ကွယ်ရာမှာ ပြောခြင်းဖြစ်လို့ မပုန်းရည် သည်းခံနေခဲ့သည်။ ဘယ်ကလေးတွေကို ဘာစာတွေမေးလို့ ဘယ်ကလေးက ဘာကို မဖြေနိုင်တာလည်း မသိတော့ လိုက်ရန်တွေ့ဖို့က ခက်သည်။ ခုတော့ မပုန်းရည်ကိုပင် စာမမေးရုံတမယ် ပြောလာခဲ့ပြီ။ အိမ်ဝက ဆီးဆီးမေးတော့ ဘာမှ မဖြေနိုင်ဘူးတဲ့။ နည်းနည်းပါးပါး လုပ်ကြဦးတဲ့။ ဆရာ၊ ဆရာမတွေကပဲ ညံ့ဖျင်းရာကျနေပြီ။ သည်တစ်ခါတော့ မပုန်းရည် သည်းမခံတော့။

"နေပါဦး... ဦးတင်အောင်က ဘယ်ကလေးတွေကို ဘာတွေမေးတာလဲ... ဦးတင်အောင်က ကျောင်းဆရာ လုပ်ခဲ့ဖူးလို့လားရှင့်"

"ကျုပ်က ရှေးခုနစ်တန်းဗျ... ကျောင်းဆရာလုပ်ချင်ရင် အစိုးရက ခန့်ပွဲဗျာ... ကျုပ်က ကျောင်းဆရာအလုပ်ကို အထင်မကြီးလို့ မလုပ်ခဲ့တာ"

"ကျောင်းဆရာလုပ်ရေပေါ့ရှင်... လုပ်ရင် ကိုယ်ချင်းစာတတ်မှာပါ... အခုနေ ဦးတင်အောင်ကို ကျွန်မမေးမယ်ဆိုပါတော့... ကမ္ဘာမြေနဲ့ လနဲ့ မိုင်ဘယ်လောက်ဝေးသလဲဆိုရင် ဘယ်လိုဖြေမလဲ..."

ဦးတင်အောင် နှုတ်ပိတ်သွားခဲ့သည်။ မပုန်းရည်ကို မျက်လုံးပြူးကြည့်နေတာကလွဲ၍ တစ်ခွန်းမှ မပြောတော့။ မပုန်းရည်က ဆက်ဖိသည်။

ထိုခဏမှာပင် ငုတ်တုတ်ထိုင်နေသော တရားခံက မပုန်းရည်ကို လူအုပ်ကြားမှာ မြင်လိုက်သည်တွင် အားကိုးရသွားသလို အားရပါးရကြီး ခေါ်လိုက်လေသည်။

"ဆရာမ..."

"ဖြစ်ရလေရှင်..."

□

(၁၈)

ကျောင်းမကြီးပေါ် မပုန်းရည်တို့ အမှုစစ်ကြတော့ ညနေစောင်းလေပြီ။ လေးပန်းဆီက တရားခံနှင့်အတူ တရားခံဖမ်းလာကြသော ကိုကြာစွယ်နှင့် မောင်စံအေးအပြင် လူကြီးနှစ်ယောက် သုံးယောက်ကလွဲ၍ ကျောင်းပေါ် ဘယ်သူမှ မတက်ရ အမိန့်ထုတ်လိုက်သည်။ တရားခံက ဆရာတော်ကို ဝတ်ဖြည့်ပြီးသည်နှင့် ဆရာတော့်ဘေး ပြေးကပ်သည်။ ကိုကြာစွယ့်ကို မျက်စောင်းကြီးခဲထားရာက မပုန်းရည်ကို ဆရာမလို့ နှုတ်ဆက်ပြန်သည်။ မပုန်းရည်က ငိုရခက် ရယ်ရခက်။ မိမယ့်မိလာတော့လည်း မအူမပါးနှင့်။ သနားစရာလည်း ကောင်း၊ ဒေါသဖြစ်စရာလည်း ကောင်း။ မိလာပုံလည်း ကြည့်ပါဦး။ ခေါင်းမှာ ခေါင်ရမ်းပန်းလို ပန်းဆီရောင် အပွင့်ကားကားကြီး ပန်လိုက်လို့။ သနပ်ခါးက ချွေးတွေ မျက်ရည်တွေလူးကာ ကွက်ကျားထိုးလျက်ရှိ၏။

"ကြာစွယ်... ပြောစမ်း သည်ဟာမကို ဘယ်လိုမိလာတာတုံး..."

တရားခံက အခြားဟုတ်ရိုးလား။ လုအုန်းမယ်... .။ စေတီတော် မြောက်မုခ်က ဆင်းတုတော်ကို နတ်ရေကန်ဘက် ပင့်ဆောင်သွားခဲ့သည့် တရားခံနှင့်မတူဘဲ တခြား ခိုးသူလက်က သူကပဲ အားကြိုးခန္တ ပြန်လည်လုယူလာသည့်ပုံ။ မျက်နှာက ခပ်စောစောက ငိုထားပုံရသော်လည်း ခုတော့ လူတွေ ဝိုင်းနေတာကိုပဲ ဝမ်းသာနေသလိုလို ဖြီးစပ်စပ် လုပ်နေပြန်လေ၏။ ဆရာတော်ကတော့ ဝေခွဲရခက်နေသလို ရှိလေသည်။

"ဘယ်လိုရမလဲ လေးပန်းဆီရာ... ကျုပ်နဲ့ စံအေးက ဆရာမ ဒေါ်ပုန်းရည်ခိုင်းလို့ တစ်ရက်က နတ်ရေကန်ဘက်ကို ရောက်သွားသေးတာကိုးဗျ... ဟုတ်တယ်ဖို့... ဆရာမပြောသလို ဘုရားပူဇော်ထားတဲ့ စံပယ်ပန်းခြောက်တွေက နတ်ရေကန်ထိပ်မှာလည်း တွေ့ရတော့ ကျုပ်နဲ့ စံအေးက စဉ်းစားမရဘူး... . သူခိုးက ကန်ကိုပဲ ပတ်လျှောက်လို့လား... ရေကန်ထဲပဲ ဆင်းကူးရော့လား... ဘယ်လိုမှ တွေးမရဘူး..."

"ဟဲ့ ကြာစွယ်... ဘာသူခိုးလဲ... ငါ့ကိုများ သူခိုးတဲ့... နင်တို့ကို နတ်ရေကန်မယ်တော် ကိုင်လိမ့်မယ်... မကြာဘူး..."

"တိတ်... ငါ ထပ်ချုပြန်ရော့မယ်..."

မရှိတော့သလို ကြည့်ခဲ့ဖူးသော ဗီဒီယိုဇာတ်ကားတစ်ကားအကြောင်း ပြောပြနေသလို သတ္တဝါတစ်ကောင်က နှုတ်တိုက်ကျက်ထားသမျှ ပြန်အံနေသလို ဖြစ်နေခြင်းပင်။

မကြာဉ အပျိုဖားဖားဖြစ်တော့ ရွာခံကာလသားများသာမက တစ်ရွာက ကာလသားတွေကပါ အချိတ်အစောင်း ကလေးတွေ ရှိလာခဲ့သည်။ မောင်တွေ ဖားတွေကြားမှာ ကြီးရသော မကြာဉခမျာ ဆူးကြားသီးရသော ဘူးသီးပမာ မလှုပ်သာခဲ့။ ရွာအလှူ။ ရွာမင်္ဂလာဆောင်တွေမှာ မကြာဉ လူရေးလှခဲ့ပြီ။ ရွှေတဝင်းဝင်း ငွေတဝင်းဝင်း ပြည့်စုံခဲ့ပြီ။ သက်တူရွယ်မျှ ရွာတကာက ကာလသားတွေက မျက်တောင်မခတ် ငေးခဲ့ကြပြီ။ မျက်နှာဝိုင်းကလေး ညိုညိုညက်ညက် မကြာဉကို ပိုးကြပန်းကြသူတွေ များခဲ့ပါ၏။ သည်အထဲကမှ မကြာဉ ရင်ငြိရသူက ကိုညိုရောင်ဖြစ်သည်။ ကိုညိုရောင်တို့ သားအဖတစ်တွေက နတ်ရေကန် အနောက်ချောင်မှာ နေကြသူတွေဖြစ်၏ မိစုံဖစုံ ဆိုသော်လည်း မိဘတွေက အသက်ရကြပြီ။ ကိုညိုရောင်က ရထားဈေးသည်။ မန္တလေးနှင့် မတ္တရာ ကူးကယ် ခေါက်ကယ် ကျူလယာကုန်ရောင်းသူဖြစ်သည်။ နမကလေးတစ်ယောက်ရှိတော့ မိအိုဖအိုနှင့် ထားခဲ့နိုင်သည်။ နမကလေးကလည်း အပျိုပေါက်။ နာမည်က မတင်ပိုက်။ လယ်ပိုင် ယာပိုင် မရှိကြရှာတော့ မတင်ပိုက်က ကောက်စိုက် ပျိုးနုတ်လိုက်ရင်း မကြာဉတို့ လယ်တွေကို အခစားလိုက်နေကျပင်။ သည်တော့ မကြာဉနှင့် မတင်ပိုက် ခင်မင်ကြရာက အနောက်ချောင်ကို မကြာဉ မကြာခဏ ရောက်လေ့ရှိသည်။ များသောအားဖြင့် ကိုညိုရောင် မရှိတာများသည့် အိမ်ဆိုတော့ မကြာဉအဖို့ မကျဉ်းကျပ်ပါ။ တစ်ခါတလေ မတင်ပိုက်က ဘိုးကြီးဘွားကြီးတို့အိမ် ရောက်လာကာ ဝိုင်းတတ်ဝန်းတတ်သည်။ လုပ်ကိုင်ပေးတတ်သည်။ ကိုညိုရောင် ဈေးရောင်းမလိုက်သည့် ရက်တွေမှာ မကြာဉနှင့် တွေ့တတ်ပါ၏။ ရိုးသားဖြောင့်မတ်သူ၊ မိအိုဖအိုကို လုပ်ကျွေးရှာသူ ကိုညိုရောင်ကို မကြာဉက အစ်ကိုတစ်ယောက်လို ခင်မင်ရှာသည်။ ကိုညိုရောင်ကလည်း မကြာဉကို မရိုးမသား မရှိ။ မကြာဉနှင့် သူတို့မိသားစု ဘဝချင်းခြားတာကိုလည်း သိတာ ပါပါလိမ့်မည်။

"အစ်ကိုညိုရောင်က အလှကုန်ပစ္စည်းကလေးတွေ ရထားပေါ်မှာ ရောင်းရရှာသူပါ... ကျွန်မရောက်သွားရင် နှုတ်ခမ်းဆိုးဆေးကလေးတွေ ပေါင်ဒါဘူးကလေးတွေ လက်ဆောင်ပေးတတ်တယ်... ကျွန်မကိုလည်း မတင်ပိုက်လိုပဲ နှမအရင်းကလေးလို သဘောထားသူပါ... တင်ပိုက်နဲ့ ကြာဉ နှမနှစ်ယောက်ရပြီပေါ့လို့ ပြောတတ်တယ်... ဒါပေမဲ့ မတွေ့ရတာ များပါတယ်... အစ်ကိုညိုရောင်က မနက်စောစော ရထားနဲ့လိုက်ပြီး ညနေ နောက်ဆုံးအခေါက်နဲ့မှ ပြန်ရရှာတော့ မတွေ့ရသလောက်ပါပဲ... ကျွန်မစိတ်ထဲမှာ အစ်ကိုတွေ အများကြီး ရှိတဲ့ကြားက အစ်ကိုတစ်ယောက်လို ချစ်ခင်နေမိတယ်... သနားတာလည်း ပါမှာပေါ့... မတင်ပိုက်က မနက်စောစောထပြီး သူ့အစ်ကို ရထားအမီ ထမင်းထုပ်ပေးလိုက်ရတယ်... ကျွန်မက ဘာဟင်းတွေ ထည့်ပေးတာလဲလို့ မေးရင် ငါးပိချက်တို့ ငါးခြောက်ဖုတ်တို့ ဟင်းရွက်ကြော်တို့ချည်းပဲ"

မကြာဉလို တောင်သူ လူချမ်းသာသမီးက လက်ကောက် တစ်တောင်ဆစ်ပြည့်ဝတ်ပြီး အနောက်ချောင်က ကျူလယာကုန် ရထားဈေးသည် ကိုညိုရောင်တို့အိမ် အကူးအလူးများတာကို ရွာက သိကြပေသိ ရိုးသားမှန်း သိကြသည်။ မကြာဉက ရိုးသားဆင်းရဲရှာသော ကိုညိုရောင်တို့မိသားစုကို ဆန်တစ်တင်း၊ တစ်ခွဲဆိုသလို ရွက်ပို့နိုင်းတတ်သည်။ မတင်ပိုက်လက်ထဲ ငွေထည့်ပေးတတ်သည်။ မိဘနှစ်ပါးကို ဟင်းကောင်း ကျွေးကောင်း ချက်ပြုတ်ပေးပါလို့လည်း မှာတတ်သည်။ ဘိုးကြီး ဘွားကြီးတို့အပါအဝင် အစ်ကိုတွေက သိကြသော်လည်း ဘာမှမပြောကြ။ ရွာ့သဘာဝ ဆင်းရဲသူကို ကူညီတတ်ကြတာ ရွာဓလေ့ပင်။ ကိုညိုရောင်ကိုလည်း ယုံကြည်ကြသည်။ လူအေး လူဖြောင့် ကိုညိုရောင်ကို ရွာကလည်း ချစ်ခင်ကြသည်။

တစ်ညနေမှာတော့ မကြာဉ ဘုတာဘက်ကို ဘဲဥတောင်း သွားပို့သည်။ ထိုစဉ်က မကြာဉတို့မှာ ဘဲမွေးသဖြင့် ညနေတိုင် ဘဲဥတောင်းကို ဘုတာက ဘဲဥဖောက်သည်တွေထံ သွားသွင်းရသည်။ ဘဲဥ အလုံးရေတွက် အပ်ပြီး ငွေသိမ်းပြန်ခဲ့ရုံသာ။ ရထားနောက်ဆုံးအခေါက်ဆိုတော့ ညနေစောင်းပြီ။ ဘုတာရုံမှာ ရထားစီးရယ်လို့ မရှိတော့ဘဲ ရထားဆင်းတွေသာ ရှိသည်။ ဘုတာကဆင်းကာ ရွာဘက်လျှောက်လာကြသူတွေထဲမှာ ကိုညိုရောင် ပါလာသည်။ လူက မည်းညစ် ပေရေလျက်၊ ဆံပင်က ညှင်းဆိုးဆိုး။ အင်္ကျီတွေက ချေးတွေရွှဲနစ်ကာ ပေပေရေရေ။ ကျူလယာ ဗန်းကလေးပေါ်မှာ နေကုန်နေခန်း ဘယ်လောက်တောင် ပင်ပန်းရှာပါလိမ့်။ ရထားပေါ်ကဆင်း အိမ်ပြန်လာသည့် စျေးသည်တွေကို မကြာဉ မြင်ဖူးလှပြီ။ သည်ရထားပေါ်မှာ ရွာတွေက စျေးရောင်းကြသူတွေ မနည်းပါ။ သည်ရထားစျေးသည်တွေအားလုံး ညနေပြန်ချိန်တွေမှာ ခြေကုန်လက်ပမ်းကျခဲ့ကြပြီ။ အိမ်အပြန်ဆိုတော့ နောက်ဆုံး စိတ်လျှော့လိုက်ချိန်မို့လားမသိ။ သည်တော့မှ ပင်ပန်းချက်တွေ ဖိစီးလာသလို ထောင်းထောင်းကြေကြေ ဖြစ်ကုန်ကြတာ သတိထားမိသည်။

"ကျွန်မလေ အစ်ကိုညိုရောင်ကြီး ရထားက တလူပ်လူပ် ဆင်းလာတာ ကြည့်ပြီး အတော်သနားသွားမိတယ်... ကျွန်မက သူ့ကို မြင်လိုက်ရပေမယ့် သူက ကျွန်မကို မတွေ့ပါဘူး... ကျွန်မစိတ်ထဲ ဘာဝင်လာသလဲဆိုတော့ ဆရာမရယ်.. ပြောပါရစေတော့... မေတ္တာရှိမိသွားတယ်... တစ်ညလုံး ကျွန်မ အိပ်မပျော်ဘူး... ကျွန်မစိတ်ကို ကျွန်မ အံ့သြမိတယ်... ခုထိလည်း ကျွန်မ နားမလည်ပါဘူး... ကျွန်မ သည်လိုပဲ ပြောတတ်ပါတယ်"

မကြာဉက သည်မြင်ကွင်းကို ခုပဲ မြင်လိုက်ရသလို ဝမ်းပန်းတနည်းပြောနေခဲ့ပါ၏။ မိန်းမသားတစ်ယောက်၏ စိတ်ကလည်း ဆန်းကြယ်သားပါလား။ မကွယ်မဝှက် ရိုးရိုးသားသားပြောပြနေသော မကြာဉကို မပုန်းရည် နားလည်ပါသည်။ ဆယ့်ခုနစ်နှစ် ဆယ့်ရှစ်နှစ် မိန်းကလေးတစ်ယောက်၏ သနားလွန်ခြင်းက ဖြစ်ရသော အချစ်ကို မပုန်းရည် သဘောပေါက်ပါသည်။ သည့်နောက်တော့ နှစ်ယောက်သား မေတ္တာရှိခဲ့ကြသည်။ တစ်ဦးကိုတစ်ဦး ချစ်မိကြသည်ဆိုသည်ကလွဲ၍ ကိုညိုရောင်ကလည်း အခွင့်အရေးမယူခဲ့။ ထူးဆန်းတာက ကိုညိုရောင်နှင့် မကြာဉ အချင်းချင်း ရိုးရိုးသားသား ခင်ခင်မင်မင် ရှိကြစဉ်က ဘယ်လိုမှ သဘောမထားခဲ့ကြသော ရွာက နှစ်ကိုယ်ကြား ချစ်မိကြပါပြီဆိုတော့မှ မရိုးမသား ရှိကြလေပြီဆိုတာမျိုး ပြောလာကြခြင်းဖြစ်သည်။ ရွာက ကြားတော့ နှစ်ဖက်မိဘများ ဆွေမျိုးများပါ နားလျှံရာက ကြားကြရပြီ။ ဘယ်သူကမှတော့ အရုပ်ဆိုး အကျည်းတန်အောင် မလုပ်ခဲ့ကြ။

"ကျွန်မလေ... ညနေဘက် ဘုတာဆင်းလာမယ့် အစ်ကိုညိုရောင်ကို မျှော်မိတယ်... ဘုတာထိပ်က သွားကြိုချင်တယ်... သူပြန်လာရင် သိပ်သနားစရာကောင်းပါတယ် ဆရာမရယ်... ကျွန်မစိတ်ထဲ မကောင်းဘူး.. ကျွန်မတို့ချင်း ဘာမှန်း မသိသေးတော့ စျေးမရောင်းပါနဲ့တော့လို့လည်း မတားသာခဲ့ဘူး"

"နောက်တော့ကော..."

မကြာဉ ဇိုတာကို သည်တစ်ခါပဲ မပုန်းရည် တွေ့ဖူးသည်။ ရိုက်ဇိုတာမျိုးတော့ မဟုတ်။ မျက်ရည်တွေ ကျခြင်းသာဖြစ်၏။ မကြာဉနှင့် ကိုညိုရောင်တို့ ဇာတ်သိမ်းက ဘယ်လိုလဲ။ ဘယ်သူက ခွဲခဲ့တာလဲ။ ဘယ်လိုကြောင့် မကြာဉ အပျိုကြီး ဖြစ်နေရတာလဲ။ ကိုညိုရောင်ကကော။ မတင်ပိုက်တို့ သားအမိသားအဖတစ်တွေကော။ မပုန်းရည်က မကြာဉလက်ကလေးတွေကို ကိုင်ထားခဲ့ပါ၏။

သံချောင်း မောင်းထုကွာဆိုတော့ မောင်းက မမြည်ဘူး... မောင်းချက်က လွဲနေတာလေ... ခွေးသား အကြောက်လွန်ပြီး တောင်ထု မြောက်ထုနဲ့... ရွာဆော်လုပ်ပြီး မောင်းမထုတတ်ဘူး.. မောင်းထုသင်ရဦးမယ်... မင်းတို့ရွာတွေကပါ မီးတဝင်းဝင်းနဲ့ ညာသံပေးလာကြတော့ အခြေအနေမဟန်ဘူးဆိုပြီး ပြေးကြတာပဲ... ပြေးကြတာသိလို့ ဝိုင်းလိုက်ကြပေသိ သည်ကောင်တွေလက်ထဲ ရွာသားတစ်ယောက် ဓားစာခံ ပါသွားတော့ ရမ်းမလိုက်ဝံ့ဘူး... မတော် ကိုယ့်ရွာသား အန္တရာယ်ပြုမှာ စိုးရတာကိုး... ကိုပေါ်လာတို့ကတော့ ဘာမှ ပါမသွားဘူးပြောတာပဲ... အဘွားကြီးနားကပ်တောင် တစ်ဖက်ဖြုတ်ရသေးသတဲ့"

"ကြာစွယ် ပါသွားတာ ပြောပါဦး လေးပန်းဆီရ.. ဘယ်လိုဖြစ်တာတုံး..."

လူတွေက တောင်းဆိုတော့ လေးပန်းဆီက စကားဆက်ရပြန်ပါ၏။

"ကြာစွယ်က တွန်းချေနေတော့ ဓားပြက ပထမတော့ အချေရပ်အောင် စောင့်သေးသတဲ့... မရပ်တော့ ဓားနောင့်နဲ့ ခေါင်းထုရော... သည်တော့မှ အချေရပ်သတဲ့... ဖြစ်ရပုံ..."

"ဝါး... ဟား ဟား ဟား..."

လေးပန်းဆီ ပြောတာ မျက်စိထဲ မြင်ယောင်လာသဖြင့် မပုန်းရည်လည်း မီးတွေ ဝိုင်းထိုးထားသည့်ကြားက ရယ်မိရသည်။ ကိုကြာစွယ်က သည်နေရာမှာတော့ ဝင်ရှင်းသည်။ ရှင်းကာမှ ရယ်ရပြန်သည်။

"ခင်ဗျားက ပြောနေ... လေးပေါ်လာတို့ ခုတင်အောက်မှာ ဆေးရွက်ကြီးတွေ ထပ်ထားတာဗျ.. ကျုပ်က ခေါင်းထိုးဝင်တော့ နာခေါင်းကို ပူထူသွားတာဗျိုး... အဲသည်ကတည်း ချေချင်နေတာဗျ... နားခေါင်းထဲ ခါချဉ်ဝင်တုတ်နေသလား မှတ်ရတယ်... ကျုပ်က မချေမိအောင် နှာခေါင်းပိတ်တာလည်း မရပေါင်ဗျာ.. ဗျိုးဗျိုးနဲ့ ချေတာများ သေရပါရော အောက်မေ့တာ..."

ကိုကြာစွယ် ပြောလေ လူတွေက ရယ်လေ။ ကိုကြာစွယ် ပြောတာကလည်း ရယ်စရာကိုး။ လေးပန်းဆီက ဓားပြတွေ ပြေးသည့်နေရာက စပြောသည်။ ဓားပြလေးယောက်က နောက်က။ ဓားပြတစ်ယောက်က ကိုကြာစွယ့်ကို စောင့်ခေါ်ကာ ဓားစာခံလုပ်ပြီး ရှေ့က သွားနှင့်သည်။ သည်အချိန်မှာတော့ ကိုကြာစွယ့်မှာ လက်ပြန်ကြိုးတုပ်ထားပြီ။ အနားရှိသည့် ကျောင်းလွယ်အိတ်စုတ်ကို ခေါင်းကောက်စွပ်သည်။ ဓားပြဆွဲရာ မမြင်မစမ်း လိုက်နေရတာတွေပြောတော့လည်း လူတွေက ရယ်ကြပါ၏။ သည်အချိန်မှာ ဘဲတဲစုမှာ ရှိသမျှတဲတွေက မီးတိုင်ခွက်ကြီးတွေ ယူလာကြကာ ကိုကြာစွယ့်အနား လာချကြသည်။ လက်နှိပ်ဓာတ်မီးတွေက ကြာကြာမထိုးနိုင်ကြသဖြင့် တစ်ယောက်က ဘဲတဲတွေမှာ ထားလေ့ရှိသည့် ဒီဇယ်မီးတိုင်ခွက်ကြီးတွေ ယူခဲ့ကြဖို့ ပြောရာက ရောက်လာကြခြင်းဖြစ်သည်။ မီးတိုင်ခွက် ဆယ်ခွက်လောက် အတော်လေး လင်းသည်။

"အံမယ်ဗျာ... ဖားများ ထွက်ရိုက်ကြမလို့လားဟ... ငါ့များ ဖားမှတ်ကြရော့လား... ကိုင်း လေးပန်းဆီ... ခင်ဗျား ဇာတ်ထုပ်က မိုးလင်းတော့မယ် ဇာတ်မပေါင်းသေးဘူးလား... မြန်မြန်ပြောလေဗျာ"

"ငါ့ဇာတ်ထုပ် မဟုတ်ပေါင်ကွာ... မင်းဇာတ်ထုပ်ပါ... တိုတိုပြောကြပါစို့... လွယ်အိတ်ကြီး ခေါင်းစွပ် လက်ပြန်ကြိုးတုပ်ခေါ်ရာက အခြေအနေမဟန်မှန်းသိတော့ ကြာစွာ တွန်းလှဲပစ်ခဲ့ပြီး ပြေးကြတာတဲ့ကွ...

"မမစိန်.. စောစောရောက်နေတာလား... ကျွန်မဖြင့် ညက အိပ်မပျော်ပါဘူးရှင်... မကြာဉကိုတော့ အကျိုးအကြောင်းပြောပြလိုက်တယ်... ကနေ့တော့ ရွာကို ပြောမှဖြစ်တော့မယ်... ဆရာတော်ကြီးကို အရင်သွားလျှောက်လိုက်ဦးမယ် မမစိန်"

"လျှောက်လိုက်ပါတော့ မပုန်းရည်ရယ်... မမစိန်ဖြင့် လက်ရုံးတစ်ဖက် ပြုတ်သွားသလိုပါပဲကွယ်... မပုန်းရည်နေရာကို အစားဝင်မယ့် ဆရာမလည်း မနက်ဖြန်ရောက်မယ် ကြားတယ်... ဆရာမ ဒေါ်ခင်မာကြည်တဲ့.. မတ္တရာနယ်ထဲကပဲလို့ ကြားတယ်"

"ဩော်... ကောင်းတာပေါ့ မမစိန်ရယ်... ကိုယ့်နယ်ထဲကဆိုတော့ အဆင်ပြေတာပေါ့"

မပုန်းရည် အတန်းဝင်ကာ စာပေးခဲ့ပြီး ဆရာတော့်ကျောင်းဘက်ကို လျှောက်လာခဲ့သည်။ ခါတိုင်းလည်း သည်လမ်းကလေးကို နှစ်နှင့်ချီကာ အခေါက်ခေါက် လျှောက်နေကျပင်။ သည်ကနေ့တော့ သည်လမ်းကလေးကို နှုတ်ဆက်ရလေပြီ။ စေတီနှင့် တန်ဆောင်း၊ ကျောင်းမကြီးနှင့် အုတ်လှေကား။ ဒါကလည်း လွမ်းစရာဖြစ်နေရပြီ။ ဆရာတော်ကြီးက ကျောင်းကြီးပေါ်မှာ စာအုပ်တစ်အုပ် ဖတ်နေသည်။ မပုန်းရည် ဝတ်ဖြည့်တော့ လှည့်ကြည့်တော်မူပါ၏။

"ကျောင်းဆရာမ ကနေ့စောပါလား... မုန့်ဆီကြော်တွေရှိတယ် စား... မုန့်ဆီကြော် နမ်းပြောက်ပြောက်ကို ဘုန်းကြီးကြိုက်တယ်... ပေါက်တောရွာက ဒကာမ မသန်းမေ လာလှူသွားတာ... ကိုင်း စား..."

အနားက ယွန်းကလပ်ကြီးထဲက မုန့်ဆီကြော်တွေ ထည့်ထားသည့် တိုက်ပန်းကန်တစ်ချပ် ရှိသည်။ မပုန်းရည် ဝတ်ဖြည့်ပြီးသည်အထိ နှုတ်က မလျှောက်နိုင်ဘဲ ရှိရသည်။ ဘယ်လိုစပြောလျှင် ကောင်းမလဲ တွေးနေမိသည်။ ဆရာတော်ကြီးက ဖတ်လက်စ စာအုပ်ကို ဘေးချကာ မပုန်းရည်ကို ပြုံးကြည့်နေ၏။

"စာပေဗိမာန်က စာအုပ်တွေ မန္တလေးကို ရောက်လာလို့ လူကြုံနဲ့ လှမ်းပို့လိုက်တာ... ကျောင်းဆရာမ ဖတ်ချင်ရင် ယူဖတ်... ရွာထဲက လူတွေကို ဘုန်းကြီး မငှားဘူး... စာအုပ်တွေ ယူသွားရင် စုတ်လာတယ်.. ပျောက်တယ်.. မရှိသေဘူး... ကျောင်းလာဖတ်ရင်တော့ ဖတ်ကြပေါ့.. စာအုပ်ကို ပန်းဆီကအစ မရှိသေဘူး... စာအုပ်ငှားပြီး ခါးထိုးထားလို့ ငေါက်ရသေးတယ်"

ဆရာတော်ကြီးက ခါတိုင်းလိုပင် သူမိန့်ချင်သလို မိန့်နေတတ်သည်။ ဆရာတော်ကြီးလည်း သက်တော်ရတော်မူရှာပြီ။ မျက်နှာပေါ်မှာ မှည့်သီးမှည့်ခြောက်တွေ ပြောက်ထိုးနေပြီ။ ဝသီတော်အတိုင်း သင်္ကန်းနွမ်းနွမ်းမှိန်မှိန်နှင့် ဖြစ်၏။ မျက်နှာတော်ကတော့ ချိုလှသည်။

"ဆရာတော့်ကို တပည့်တော် လာနှုတ်ဆက်တာပါဘုရား... တပည့်တော် ခရမ်းသုံးခွဘက်က ဆွေမျိုးများရှိရာ ရွာကျောင်းကို ပြောင်းရွှေ့ခွင့်ကျပါပြီဘုရား... ပြန်းစားကြီး အမိန့်စာထွက်လာတော့ တပည့်တော်လည်း ဆရာတော်နဲ့ရွာကို အသိပေးရတာပါဘုရား..."

ဆရာတော်ကြီးက မပုန်းရည်ကို ပြုံးကြည့်နေရာက မျက်နှာအိုသွားရှာသည်။ ဘာမှတော့ ချက်ချင်းမိန့်တော်မမူပါ။ ခါတိုင်းလည်း မပုန်းရည် ကျောင်းကို ရောက်နေကျဆိုတော့ ခါတိုင်းလိုပင် မှတ်ထင်ရာက သည်ရွာ

